# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ ကဆုန်လဆန်း (၁၃) ရက် ၊ တနင်္လာနေ့ ၊ (20-5-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၂၀)


ဒို့တာဝန်အရေးသုံးပါး

❖ ပြည်ထောင်စုမပြိုကွဲရေး။

❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။

❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos State Space Corporation မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos State Space Corporation မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Savelyev Sergey Valentinovich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် မေ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos State Space Corporation မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Savelyev Sergey Valentinovich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**စာမျက်နှာ ၁၆ ကော်လံ ၅ သို့**




ရတနာပုံ

၂၀၂၄ ခုနှစ် မေ ၂၀ ရက်

**အယ်ဒီတာ့အာဘော်**

# တရားမဝင်ကုန်သွယ်မှုပပျောက်ရေး ဝိုင်းဝန်းတိုက်ဖျက်ပေး

တရားမဝင်ကုန်ပစ္စည်းများသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နှောင့်နှေးစေသည့်အပြင် အရည်အသွေးအာမခံချက်မရှိသော စားသောက်ကုန်နှင့်ဆေးဝါးများကြောင့် စားသုံးသူပြည်သူများကိုလည်း အန္တရာယ်ဖြစ်စေသည်။ ထို့ပြင် ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ ဓာတုကုန်ကြမ်းပစ္စည်းများနှင့် မူးယစ်ဆေးဝါးများကလည်း ပြည်သူများအတွက် ကြီးမားသော အန္တရာယ်ဖြစ်စေသောကြောင့် နိုင်ငံတော်အနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်တိုက်ဖျက်ကြရမည်ဖြစ်ပေသည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် သက်ဆိုင်ရာအထူးအဖွဲ့များ၊ **One Stop Service(OSS)** ဌာနဆိုင်ရာတာဝန်ခံများအနေဖြင့် ကုန်သွယ်မှုလမ်းကြောင်းများ၊ သက်ဆိုင်ရာတာဝန်ကျစစ်ဆေးရေးစခန်းများတွင် တားဆီးခြင်း၊ ဖမ်းဆီးခြင်းများ ဆောင်ရွက်ရာတွင် တရားမဝင်တင်သွင်းမှုများအပြင် တရားမဝင်တင်ပို့မှုများကိုပါ တားဆီးဖမ်းဆီးပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတို့အတွင်း ဖမ်းဆီးရမိမှုများအနေဖြင့် အကောက်ခွန်ဦးစီးဌာနက အများဆုံးဖမ်းဆီးရမိခဲ့ပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဖမ်းဆီးရမိမှုများတွင် မန္တလေးတိုင်းဒေသကြီးက ပထမအများဆုံး၊ ကချင်ပြည်နယ်က ဒုတိယအများဆုံးနှင့် တနင်္သာရီတိုင်းဒေသကြီးက တတိယအများဆုံးဖမ်းဆီးရမိခဲ့သည်ကို တွေ့ရပေသည်။ ကုန်ပစ္စည်းအုပ်စုအလိုက်ဖမ်းဆီးရမိမှုများကို စိစစ်ရာတွင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်စည်တင်ယာဉ်အပါအဝင် မော်တော်ယာဉ်ယန္တရားများဖမ်းဆီးရမိမှုက အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးက လုပ်ငန်းသုံးကုန်ကြမ်းများဖြစ်ကာ တတိယအများဆုံးက ရင်းနှီးမြှုပ်နှံကုန်ပစ္စည်းများဖြစ်ပေသည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် တရားဝင်ပို့ကုန်ပမာဏကျဆင်းပြီး နိုင်ငံခြားသုံးငွေဝင်ရောက်မှုကျဆင်းခြင်း၊ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ငွေပေးချေမှုများပြုလုပ်နေခြင်းကြောင့် မှောင်ခိုငွေကြေးဈေးကွက်ဖြစ်ပေါ်စေခြင်း၊ နိုင်ငံတော်၏ ရငွေ၊ သုံးငွေစာရင်းအမှန်များတွက်ချက်ရန် အခက်အခဲများဖြစ်စေခြင်းနှင့်အကျိုးဆက်အားဖြင့် မှန်ကန်သည့်ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာမူဝါဒများချမှတ်နိုင်ရေးအပေါ် အဟန့်အတားအနှောင့်အယှက်ဖြစ်စေခြင်းတို့ကို တွေ့ရှိရပေသည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ထုတ်လုပ်မှုနှင့်စားသုံးသူပြည်သူများအတွက် အကျပ်အတည်းဖြစ်ပေါ်စေခြင်းအပြင် စီးပွားရေးလုပ်ငန်းများအနေဖြင့်လည်း ဈေးကွက်ကမောက်ကမဖြစ်ခြင်းကြောင့် လုပ်ငန်းများမတိုးချဲ့နိုင်ခြင်းနှင့် ရပ်ဆိုင်းခြင်းတို့ဖြစ်ပေါ်လာစေပြီး ထိုမှတစ်ဆင့် ပြည်တွင်းတွင် အလုပ်လက်မဲ့ဦးရေမြင့်တက်လာကာ ပြည်ပနိုင်ငံများသို့သွားရောက်လုပ်ကိုင်ကြသည့်အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍ၌ လုပ်အားများလျော့နည်းသွားနိုင်ခြင်းနှင့်အတူ ကုန်ထုတ်လုပ်မှုများလျော့ကျလာပြီး ပြည်တွင်းတွင် စီးပွားရေးအကျပ်အတည်းများဖြစ်ပေါ်လာကာ နိုင်ငံ၏စီးပွားရေးကဏ္ဍများအပေါ် များစွာအကျိုးသက်ရောက်မှုရှိလာမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ တရားမဝင်ကုန်သွယ်မှုများကြောင့် အခွန်ဘဏ္ဍာများစွာဆုံးရှုံးခြင်း၊ နိုင်ငံ၏လူမှုစီးပွားရေးကဏ္ဍများအပေါ် အပြုသဘောဆောင်သည့် သက်ရောက်မှုများစွာရှိနေခြင်းများကြောင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဆောင်ရွက်ရာတွင် အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍများအပြင် ပြည်သူအားလုံးကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မေ ၁၉**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၃၂၀၈၃၆ ဦး လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေနဲ့ မန္တလေးတောင်ပေါ်မှာ စည်ကားနေပါတယ်။ ရဟန်းသံဃာတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် ဓာတ်လှေကား၊ စက်လှေကားတွေ စီစဉ်ထားပါတယ်။ စောင်းတန်းကနေ တက်ရောက်ဖူးမြော်သူတွေအနေနဲ့ မန္တလေးတောင်ရဲ့ ဘုရားတွေကို စုံလင်စွာဖူးမြော်နိုင်ပါတယ်။ ကားဆိုင်ကယ်တွေနဲ့ တက်ရောက်ဖူးမြော်သူတွေအတွက် လမ်းတွေကို ချဲ့ပေးထားပြီး ပြုပြင်ခင်းကျင်းပေးထားပါတယ်။ ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြတာကို တွေ့ရပြီး အမှတ်တရပစ္စည်းအရောင်းဆိုင်တွေနဲ့ စားသောက်ဆိုင်တွေမှာလဲ ဝင်ရောက်ဝယ်ယူစားသောက်နေသူတွေနဲ့ စည်ကားနေပါတယ်"ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၈၉၆ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၃၁၉၂၁၆ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၇၂၄ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ပြောင်းဖူးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မေ ၁၉**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှထွက်ရှိပြီး ဝင်ရောက်လာသည့်ပြောင်းဖူးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ပြောင်းဖူးများသည် ပြင်ဦးလွင်ဒေသနှင့် နောင်ချိုဒေသတို့မှထွက်ရှိပြီး မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား ခုနစ်စီးမှ ရှစ်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ဈေးနှုန်းများမှာ ပိဿာချိန် ၃၀ ဆံ့ အဖူးရေ ၁၀၀ ပါ တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀ ဈေးရရှိကြောင်း သိရသည်။

"လက်ရှိအချိန်မှာ ဈေးကိုဝင်ရောက်လာတဲ့ ပြောင်းဖူးတွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ပြောင်းဖူးက ပြင်ဦးလွင်နဲ့ နောင်ချိုက ဝင်ရောက်နေပါတယ်။ ကားတစ်စီးကို အိတ် ၁၀၀၀၀ နဲ့ ၁၂၀၀၀ ပါတယ်။ ပြောင်းဖူးက အနည်းငယ်ရှားပါးလာတာကြောင့် အဝယ်သွက်လာပါတယ်။ ဝင်ရောက်လာတဲ့ ပြောင်းဖူးတွေကတော့ ၇၀၂၊ ၁၃၅၊ ၉၉ မျိုးတွေပါ။ လားရှိုးနဲ့ရန်ကုန်ကိုလဲ တင်ပို့ရပါတယ်။ အခြားကုန်စိမ်းသီးနှံတွေလဲအရောင်းအဝယ် ကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး ခြောက်မြို့နယ်အတွင်း အုတ်၊ ထုံး၊ သဲ၊ ကျောက်သယ်သည့်ကားများ စည်းကမ်းဖောက်ဖျက်မှုရှိ၊ မရှိ ရှောင်တခင်စစ်ဆေးအရေးယူမည်

**မန္တလေး မေ ၁၉**

မန္တလေး စည်ပင်နယ်နိမိတ်မြို့နယ် ခြောက်မြို့နယ်အတွင်းရှိ အုတ်၊ ထုံး၊ သဲ၊ ကျောက် သယ်သည့်ကားများ စည်းကမ်းဖောက်ဖျက်မှုရှိ၊ မရှိ ယခုလအတွင်း စစ်ဆေးအရေးယူမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေး စည်ပင်နယ်နိမိတ်မြို့နယ် ခြောက်မြို့နယ်ဖြစ်သည့် အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်၊ အမရပူရမြို့နယ်အတွင်း အုတ်၊ ထုံး၊ သဲ၊ ကျောက်သယ်ဆောင်သည့်ကားများ သွားလာရာတွင် အုတ်ခဲ၊ သဲမှုန့်၊ ကျောက်မှုန့်များ လမ်းမပေါ်ကျကျန်မှုမရှိစေရန်၊ အမိုးအကာများအုပ်၍ စနစ်တကျတင်ဆောင်သွားလာကြရန် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ စည်ပင်သာယာရဲတပ်ဖွဲ့ စသည့်ပူးပေါင်းအဖွဲ့များဖြင့် ရှောင်တခင်စစ်ဆေးအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေး စည်ပင်နယ်နိမိတ်မြို့နယ် ခြောက်မြို့နယ်အတွင်းမှာ သွားလာနေတဲ့ အုတ်၊ ထုံး၊ သဲ၊ ကျောက်တင်ဆောင်တဲ့ ကားတွေအနေနဲ့ စည်းကမ်းလိုက်နာမှုမရှိတာလေးတွေရှိတယ်။ ဒါကြောင့် အခုလထဲမှာ စည်းကမ်းချိုးဖောက်တဲ့ကားတွေကို ရှောင်တခင်ဝင်ရောက်စစ်ဆေးပြီး အရေးယူသွားဖို့ရှိပါတယ်"ဟု ဦးရဲထွန်းက ပြောပြသည်။

ထိုသို့ ပူးပေါင်းအဖွဲ့များဖြင့် ရှောင်တခင်ဝင်ရောက်စစ်ဆေးရာတွင် စည်းကမ်းဖောက်ဖျက်သည့် အုတ်၊ ထုံး၊ သဲ၊ ကျောက် သယ်ဆောင်သည့်ကားများကို တွေ့ရှိပါက အနည်းဆုံးဒဏ်ကြေး ငွေကျပ် ၁၀၀၀၀ မှ အများဆုံး ဒဏ်ကြေးငွေကျပ် ၁၀၀၀၀၀ ထိ ဒဏ်ရိုက်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် ကျားပစ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**သာစည် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငှက်ကြီးသိုက်ကျေးရွာအုပ်စု ကျားပစ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို မေ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျားပစ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ဖြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျားပစ်ကန်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၁ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောပြ၍ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**



မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဒေါ်လီလီညွန့်၊ ကိုမျိုးမောင်မောင်၊ ကိုဝင်းမောင်မောင်-မဝင်းဖြူနိုင် မိသားစုက ဦးစန်းမောင် အားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ပန်းကဏန်းပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလအတွင်းက ပန်းကဏန်းပိဿာချိန် ၇၈၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ပန်းကဏန်းပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ပန်းကဏန်းပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပန်းကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတဲ့ ပန်းကဏန်းတွေက ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းတွေကနေ ရရှိတာဖြစ်ပါတယ်။ ပန်းကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဧပြီလထဲမှာ ပန်းကဏန်းတွေပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမေလထဲမှာလဲ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ကဏန်းတွေ အဝယ်လိုက်နေတာက ပြည်တွင်းလိုအပ်ချက်နဲ့ ပြည်ပဈေးကွက်ရှိလာတာကြောင့်လို့ သိရပါတယ်။ ကဏန်းတွေဝယ်ယူမှု အားကောင်းလာတော့ ရေလုပ်ငန်းရှင်တွေက အရောင်းအဝယ်လုပ်ငန်း ပိုမိုလုပ်ကိုင်လည်ပတ်လာရပါတယ်" ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ပန်းကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် ပန်းကဏန်းပိဿာချိန် ၁၀ လျှင် ငွေကျပ် ၂၈၅၀၀၀ ဈေးရရှိကြောင်း၊ အဆိုပါပန်းကဏန်းများ ဝယ်ယူမှု အားကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ကားအငှားလိုက်သည့် လုပ်ငန်းရှင်များ အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အောင်လံမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်

**အောင်လံ မေ ၁၉**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲကို မေ ၁၈ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေရရှိစေရန်နှင့် အတတ်ပညာ၊ အသိပညာများ တိုးတက်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါသင်တန်းသို့ အောင်လံမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ပြီး သင်တန်းတွင် လက်သမား၊ ပန်းရန် သင်ခန်းစာများကို သင်တန်းနည်းပြက စာတွေ့လက်တွေ့ဖြင့် မေ ၁၈ ရက်မှ ဇွန် ၁ ရက်ထိ ၁၅ ရက်ကြာ အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလှိုင်**

# ဒိပဲယင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၇၂၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ဒိပဲယင်း မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒိပဲယင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၇၂၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒိပဲယင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးဧက ၁၀၁၆၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၂၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ဒိပဲယင်းမြို့နယ်အတွင်း နွေစပါး ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၇၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ နွေစပါးစိုက်ပျိုးမှုအခြေနေနဲ့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာနဲ့ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒိပဲယင်းမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာပေးခြင်း၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် နွေစပါးနှင့် အခြားသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနကထုတ်ပြန်ထားသည့် သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ မြေဆီလွှာအာဟာရဖြည့်တင်းရေးဆိုင်ရာလုပ်ငန်းများနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ကြိုတင်စုဆောင်းရေးဆိုင်ရာ လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ကြိုတင်ပြင်ဆင်ထားကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (၂၀၆)



# နေ့စဉ်အလုပ်နှင့် ဘဝပန်းတိုင်

## ချစ်နိုင်(စိတ်ပညာ)

**"တာဝန်သိခြင်းသည် ကိုယ်ကျင့်၊**
**တာဝန်ယူဝံ့ခြင်းက သတ္တိ၊**
**တာဝန်ယူနိုင်ခြင်းသည် စွမ်းရည်"**

**အောင်သင်း(၁၉၂၇–၂၀၁၄)**

**နိဒါန်း**

အဖွင့်ဖြစ်သော အပျိုးအခင်းရှည်လျားခြင်းကြောင့် အပြစ်တင်လျှင်လည်း ခံပါမည်။ အပြစ်ဆိုခြင်းကို ခံယူပါမည်။ လက်တွေ့ဖြစ်ရပ်သာဓက ယုတ္တိဖြင့် ဆိုလိုချက်ကိုခိုင်မာအောင် တင်ပြလိုရင်းဖြစ်ပါသည်။

အမှုထမ်းအရာထမ်းဘဝ အခြေအနေကြောင့် တက္ကသိုလ်တစ်ခုမှာ နည်းပြဆရာတာဝန်ထမ်းဆောင်ခဲ့ရဖူးပါသည်။ (ပြင်ဦးလွင်စစ်တက္ကသိုလ်မဟုတ်ပါ။ ထိုစဉ်က ဗထူးစစ်ဦးစီးတက္ကသိုလ်ဖြစ်ပါသည်။) သင်ပြခြင်း၊ စာဖတ်ခြင်း၊ သုတေသနလုပ်ခြင်း၊ သင်ပြပို့ချရခြင်းကို အတော်ပင်ပျော်ရွှင်ကျေနပ်ခဲ့ပါ၏။ ခြေလျင်တပ်၊ ခြေမြန်တပ်၊ ဘယ်မှာ ဘာတာဝန်ထမ်းရထမ်းရဝမ်းပန်းတသာ မငြိုမငြင်ပျော်ရွှင်ခဲ့သည်သာ။ ဤအတွေ့အကြုံသည် နောင်အခါ မိမိအရည်အသွေးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေလေသည်။

**သင်တန်း**

မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် လူငယ်လူရွယ်များတောင်းဆိုချက်အရ အခြေခံစာရေးနည်းသင်တန်း(တစ်လကြာ)ကို စီမံကြသည်။ ဥက္ကဋ္ဌသာ သုံးယောက်လောက်ပြောင်းသွားသည်။ ထိုသင်တန်းကတော့ တစ်နှစ်တစ်ကြိမ်ဖွင့်ဖြစ်ခဲ့လေသည်။ ၁၀ နှစ်ကြာကာလတွင် ၁၀ ကြိမ်ဖွင့်နိုင်ခဲ့ရာ မိမိက ဆောင်းပါးရေးနည်း ဘာသာသင်ခန်းစာခြောက်ကြိမ်ပို့ချခြင်းကို သင်တန်း ၁၀ ပတ်စလုံး၌ ပါဝင်တာဝန်ယူ၍ သင်ကြားပို့ချခဲ့၏။ တာဝန်ပေးလျှင် အကောင်းဆုံးဖြစ်အောင် ထမ်းဆောင်မည်။ ခြောက်ရက် ခြောက်ချိန်ယူလိုက်သည်။ တစ်ရက်တည်းမှာ နှစ်ချိန် သို့မဟုတ် သုံးချိန်ဆက်တွဲယူချင်လည်း ရပါ၏။ မိမိက တစ်ချိန်သင်လိုက်၊ သင်တန်းသားများက လက်တွေ့လေ့ကျင့်ခန်း အိမ်စာတစ်ကြိမ်ရေးလိုက်၊ မိမိခြောက်ချိန်သင်သကဲ့သို့ သူတို့လည်း ကိုယ်ပိုင်အချိန်မှာ လက်တွေ့လေ့ကျင့်ခန်း ရေးသားဖြေဆိုရခြင်း ခြောက်ခုလောက် မဖြစ်မနေလုပ်ဆောင်ကြရလေသည်။ မည်သည့်အတတ်ပညာမဆို ကိုယ်တိုင်လက်တွေ့လုပ်ဆောင်လေ့ကျင့်မှသာ အမှန်တကယ်တတ်မြောက်ကျွမ်းကျင်နိုင်သည် မဟုတ်ပါလား။

သူတို့သင်တန်းမတက်မီကအခြေအနေနှင့် မိမိ၏သင်တန်းဆင်းခါနီးသောအခါ တင်ပြကြသော လက်တွေ့လေ့ကျင့်ခန်းဖြေဆိုချက်များ ကွာခြားပြောင်းလဲခဲ့ပေပြီ။ သူတို့ကိုယ်တိုင်တိုးတက်တတ်မြောက်မှုကို သိသွားကြရပါသည်။ စာရေးသူတာဝန်က သင်ကြားပို့ချခြင်းထက် မိမိကိုယ်ပိုင်အချိန်တွင် သင်တန်းသားများဖြေထားသော လက်တွေ့လေ့ကျင့်ခန်းများကို စစ်ဆေးအကဲဖြတ်ပြုပြင်၊ အမှတ်ပေးရပေသည်။ မည်သူမည်မျှစာဖတ်သည်၊ စာမဖတ်သည်ကို ရေးသားဖြေဆိုချက် ခြောက်ကြိမ်လောက်စစ်ဆေးပြီး ကောင်းစွာခွဲခြားနိုင်ပါ၏။

**ရေးသား**

သင်တန်းသားများတွင် စာဖတ်သူနှင့်စာမဖတ်သူ လက်တွေ့ရေးခိုင်းကြည့်သောအခါ သဲသဲကွဲကွဲ တွေ့ရှိရပါ၏။ အတွေးအခေါ်၊ စိတ်ထားသဘောထား၊ ကြိုးစားမှု၊ အားထုတ်လိုစိတ်၊ အရေးအသား၊ အစီအမံ၊ အဆက်အဆံ၊ အလုပ်အကိုင်၊ အစစအရာရာအနိမ့်အမြင့် အလွန်တရာပင်ခြားနားကြောင်း လက်တွေ့တွေ့မြင်ခဲ့ရ၏။

"စာဆိုသည်မှာ စိတ်ကိုရေးထားခြင်းဖြစ်သည်။" ဟု ဆရာပီမိုးနင်း(၁၈၈၃-၁၉၄၀)မိန့်ဆိုချက်သည် အမှန်ပင် တိတိကျကျမှန်ကန်လှချေတကား။ ပညာရှိတို့၏ စကားသည် တစ်ခွန်းဆိုလျှင် တစ်ခွန်း ပညာကြီးမြင့်လှပါ၏။

စာရေးသက်နုနယ်သော လူငယ်စာရေးဆရာများ၊ သတင်းစာဆရာများ၊ စာပေဝါသနာရှင်များတချို့ကို မိမိကဆောင်းပါးရေးနည်းဘာသာရပ် ပို့ချသင်ပြရန် အခက်အခဲမရှိခဲ့ပေ။ သူတို့ကိုယ်တိုင် များများဖတ်၊ များများရှာဖွေ၊ စုဆောင်း၊ လေ့လာ၊ အကြိမ်များများရေး၊ ထပ်ခါထပ်ခါရေးသားစေခြင်းဖြင့် အမှန်တကယ်တိုးတက်ပြောင်းလဲစေနိုင်ခဲ့ပါသည်။

**လေ့ကျင့်ရေး**

တပ်မတော်စစ်ဦးစီးတက္ကသိုလ်သင်တန်းကို တစ်နှစ်တစ်ကြိမ် ဖွင့်လေ့ရှိခဲ့ရာ ငါးနှစ်ကာလအတွင်း မိမိသည် သင်တန်းသားအရာရှိပေါင်း ၂၀၀၊ ၃၀၀ ကို စစ်ပညာများသင်ကြားပို့ချခဲ့ရာ၌ လက်တွေ့လေ့ကျင့်ခန်းများများရေးသားစေပြီး လေ့ကျင့်ပေးခဲ့၏။ နောင်အခါ ထိုသင်တန်းသားအရာရှိကြီးများသည် မော့ကြည့်လျှင် ခေါင်းပေါင်းဦးထုပ်ကျွတ်ကျရလောက်အောင် မြင့်မားသောနေရာတွင် တာဝန်ထမ်းသွားနိုင်ကြလေသည်။

> ❖ တာဝန်ယူနိုင်သောစွမ်းရည်ရှိရန် ပညာရပ်အမျိုးမျိုး၊ အတတ်ပညာအမျိုးမျိုးတို့ကို အမြဲသင်ယူဆည်းပူးနေရမည်ဖြစ်သည်။ ဆရာကောင်းထံ နည်းနာခံရမည်။ မည်သည့်အချက်များကို နေ့စဉ်မပျက်ဆောင်ရွက်ရမည်နည်း။ ပညာအမျိုးမျိုးအတွက် အခြေခံယေဘုယျ ရှစ်ချက်ကိုကား လက်မလွတ်တမ်းလိုက်နာရမည်။ အင်းဝခေတ်က စာဆိုအကျော် ရှင်မဟာရဋ္ဌသာရက သူ့တပည့်စာသင်သားများကိုဆုံးမသော ဆုံးမစာ၌ပါခဲ့၏။ ကြားနာခြင်း၊ ကြံစည်တွေးဆခြင်း၊ မေးမြန်းမှတ်သားခြင်း၊ ဆွေးနွေးပြောဆိုခြင်း၊ သုတေသနစူးစမ်းစိစစ်ခြင်း၊ ရေးသားခြင်း (ရေးမှတ်လေ့ရှိခြင်း)၊ လေ့ကျင့်ခြင်း၊ ကျက်မှတ်ခြင်း(အလွတ်ရွတ်ဆိုနိုင်ခြင်း)။ ❖

တပ်မတော်စစ်ဦးစီးတက္ကသိုလ်မှာ ငါးနှစ်၊ ငါးသုတ်ကိုလည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းက တာဝန်ပေးသဖြင့် ၁၀ နှစ်၊ သင်တန်းသား ၁၀ သုတ်တို့ကို မိမိပညာမျှဝေခဲ့သော အတွေ့အကြုံဖြတ်သန်းမှုသည် ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနက စာပေရေးသားပြုစုဖန်တီးခြင်းဒီပလိုမာ(တစ်နှစ်ကြာ) သင်တန်းအတွက် ပါဝင်ပို့ချရန် တာဝန်ပေးသောအခါတွင်လည်း ပြင်ပပို့ချသူအဖြစ် ခြောက်နှစ်၊ ခြောက်ကြိမ်(သင်တန်း(၁)မှ(၆)ထိ) ပါဝင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

သူတစ်ပါးကို မိမိနားလည်တတ်ကျွမ်းသောပညာရပ် မျှဝေသင်ကြားပေးရခြင်းသည် ဆရာဖြစ်သူ မိမိလည်းပါဝင်လေ့ကျင့်ရသည်သာဖြစ်သဖြင့် စိတ်အလေ့အကျင့်၊ ကြိုးစားလုံ့လလည်း စိုက်ရလေသည်။ စစ်တိုက်နည်းပင်ဖြစ်စေ၊ စာရေးနည်းပင်ဖြစ်စေ အတတ်ပညာဟူသမျှကား လက်တွေ့ကိုယ်တိုင်လေ့ကျင့်မှသာ ပို၍ပို၍သိမြင်ကျွမ်းကျင်ကာ ကိုယ်ပိုင်တတ်မြောက်နိုင်သည်။

**အတတ်ပညာ**

ပညာတကယ်ရှိမှသာ တာဝန်ယူနိုင်သော စွမ်းရည်ရှိနိုင်သည်။ ပညာမရှိလျှင် တာဝန်ကိုမယူနိုင်။ ကြီးမားလေးလံသောတာဝန်မျိုးကို ပညာမဲ့သူတို့မထမ်းနိုင်ပါပေ။ ဆင်စီးချွန်းကိုင်အတတ်ပညာကို ဆင်များကို ချွန်းကိုင်၍ လိုရာစေနိုင်မှသာ ဆင်တစ်ကောင်ချင်းသာမက ရာထောင်စုပေါင်းထားသော ဆင်တပ်တွင်ပါဝင်၍ စစ်ခင်းစစ်တိုက်နိုင်သည်။ အလားတူ မြင်းစီးအတတ်ကိုတတ်မြောက်ခြင်းဆိုသည်မှာ မြင်းနှင့်လူစိတ်ချင်းတစ်ထပ်တည်းရှိအောင် လေ့ကျင့်ထားမှ မြင်းတပ်ဖွဲ့တွင် ပါဝင်စစ်ကစားနိုင်သည်။

မျက်မှောက်ခေတ် လေတပ်၊ ရေတပ်၊ အမြောက်တပ်၊ တင့်ကားတပ်နှင့် အခြားသောလက်နက်အမျိုးမျိုးတို့သည်လည်း ကောင်းမွန်စွာကျွမ်းကျင်တတ်မြောက်ရန် သင်ယူလေ့ကျင့်ရေးကျေညက်ရပေသည်။ ယာဉ်၊ လက်နက်၊ ခဲယမ်း၊ အမျိုးမျိုးကို ကိုင်တွယ်လုပ်ဆောင်တတ်သကဲ့သို့ အဖွဲ့အစည်းအသင်းအပင်းအတွင်း မိမိနှင့်ထိတွေ့ဆက်ဆံလက်တွဲရသော သူများနှင့်လည်း ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ တော်သူဖြစ်စေ၊ ညံ့သူဖြစ်စေ၊ ကောင်းသူဆိုးသူအမျိုးမျိုးတို့ကို စိတ်ရှည်သည်းခံခွင့်လွှတ်စာနာလျက် မေတ္တာဖြင့်ဆွဲဆောင်တတ်ရ၏။ မိမိအား ချစ်ခင်လေးစားသော ရဲဘော်ရဲဘက်၊ လုပ်ဖော်ကိုင်ဖက်၊ အထက်လူကြီး၊ လက်အောက်ငယ်သားတို့၏ ချစ်ခင်ယုံကြည်မှု၊ လေးစားတန်ဖိုးထားမှု၊ ထောက်ခံအားပေးမှုကလည်း မရှိမဖြစ်လိုပေသည်။

**ဆက်ဆံမှု**

မိမိပတ်ဝန်းကျင်ကလူများကို တာဝန်သိစေလို၏။

ပထမဦးစွာ မိမိကတာဝန်သိသူဖြစ်ကြောင်းကို လက်တွေ့သာဓကများဖြင့် ထင်ရှားပြသနိုင်ရသည်။ ဤအချက်သည် အပြန်အလှန်တုံ့လှယ်သောယုံကြည်မှုပင်ဖြစ်လေသည်။ တာဝန်သိခြင်းသည် ကိုယ်ကျင့်။

**တာဝန်ယူရဲခြင်းက သတ္တိ၊**
**တာဝန်ယူနိုင်ခြင်းက စွမ်းရည်။**

စွမ်းရည်သတ္တိ၊ ကိုယ်ကျင့်တရား၊ ဤအရာများက အမေမွေးစ ကလေးဘဝက ပါမလာခဲ့ကြပေ။ မိဘ၊ ဆရာသမား၊ ဆွေမျိုးသားချင်း၊ ရွယ်တူအပေါင်းအသင်း၊ မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်များဆီက အတုမြင်အတတ်သင်၍ မိမိကိုယ်ပိုင်ကိုယ်ရည်ကိုယ်သွေး လက္ခဏာအဖြစ် တစ်စတစ်စဖွံ့ဖြိုးရင့်ကျက်လာရခြင်းသာဖြစ်၏။ အထူးသဖြင့် အလေ့အကျင့်များလေ မိမိမှာ စွဲမြဲလေပဲဖြစ်၏။ ကောင်းသောအကျင့်ပင်ဖြစ်စေ၊ ဆိုးသောအကျင့်ပင်ဖြစ်စေ မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါဆိုသော မြန်မာစကားပုံပမာဖြစ်၏။ မျိုးရိုးဗီဇမှာလည်း ဉာဏ်ရည်ဉာဏ်သွေးနှင့်အထုံ၊ ဝါသနာ၊ စရိုက်ပါတတ်သည်။ မိဘဆီမှ ခရိုမိုဆုန်းနှင့်ဂျင်း(Chromosone and Gene)မျိုးစေ့ဗီဇကပါလာသော လက္ခဏာများလည်းရှိကြသည်။ ပတ်ဝန်းကျင်က ပြုပြင်လွှမ်းမိုးမှုဖြင့် ပုံသွင်းခြင်းကြောင့် ရရှိလာသော အကျင့်၊ ဓလေ့များလည်းရှိလာသည်။

**ပတ်ဝန်းကျင်**

ပညာဟူသောအကောင်းအဆိုး၊ အကျိုးအပြစ်၊ အကြောင်းအကျိုးကိုခွဲခြားစိစစ်သိမြင်တတ်ရန်မှာကား ကောင်းစွာသင်ယူလေ့ကျင့်မှသာ ရနိုင်သည်။ မသင်ယူဘဲ မသိပါ။ မလေ့ကျင့်ဘဲ မတတ်မြောက်ပါ။ ထပ်ခါထပ်ခါမကြိုးစားဘဲ မကျွမ်းကျင်နိုင်ပေ။

တာဝန်ယူနိုင်သောစွမ်းရည်ရှိရန် ပညာရပ်အမျိုးမျိုး၊ အတတ်ပညာအမျိုးမျိုးတို့ကို အမြဲသင်ယူဆည်းပူးနေရမည်ဖြစ်သည်။ ဆရာကောင်းထံ နည်းနာခံရမည်။ မည်သည့်အချက်များကို နေ့စဉ်မပျက်ဆောင်ရွက်ရမည်နည်း။ ပညာအမျိုးမျိုးအတွက် အခြေခံယေဘုယျ ရှစ်ချက်ကိုကား လက်မလွှတ်တမ်းလိုက်နာရမည်။ အင်းဝခေတ်က စာဆိုအကျော် ရှင်မဟာရဋ္ဌသာရက သူ့တပည့်စာသင်သားများကိုဆုံးမသော ဆုံးမစာ၌ပါခဲ့၏။ ကြားနာခြင်း၊ ကြံစည်တွေးဆခြင်း၊ မေးမြန်းမှတ်သားခြင်း၊ ဆွေးနွေးပြောဆိုခြင်း၊ သုတေသနစူးစမ်းစိစစ်ခြင်း၊ ရေးသားခြင်း(ရေးမှတ်လေ့ရှိခြင်း)၊ လေ့ကျင့်ခြင်း၊ ကျက်မှတ်ခြင်း(အလွတ်ရွတ်ဆိုနိုင်ခြင်း)။

**လုပ်ငန်းစဉ်**

ပညာတတ်အောင်၊ ပညာတော်အောင် ဤအခြေခံလုပ်ငန်း ရှစ်မျိုးကို နေ့စဉ်မပြတ်အထပ်ထပ်အကြိမ်ကြိမ် ကြိုးစားလုပ်ဆောင်သူတိုင်း အောင်မြင်ကြပါသည်။ နေ့စဉ်အလုပ်ကို **"ကြား၊ ကြံ၊ မေး။ ဆွေး၊ စူး၊ ရေး၊ လေ့၊ ကျက်"**ဟု အတိုကောက်မှတ်လျက် လက်တွေ့အသုံးချနိုင်၏။

စကားစပ်မိ၍ ဆက်လက်ဖော်ပြလိုသော တန်ဖိုးရှိလှသည့်အကြောင်းအရာကို နိဂုံးမချုပ်မီဖော်ပြပါရစေ။ ဓမ္မစက္ကပဝတ္တနသုတ္တံဟူသော ဓမ္မစကြာတရားတော်ကို မြတ်စွာဘုရားသည် ပထမဦးဆုံးသော တရားဒေသနာကြေညာချက်အဖြစ် ဟောတော်မူသည်။ မဂ္ဂင်ရှစ်ပါးဟူသော အလေ့အကျင့်လုပ်ငန်းစဉ်ကို မရှိမပဋိပဒါသင့်တင့်မျှတစွာ မတင်းလွန်းမလျော့လွန်းဘဲ မှန်ကန်စွာလုပ်ဆောင်ရမည်။

၁။ မှန်စွာမြင်ရမည်။
၂။ မှန်စွာကြံစည်စဉ်းစားရမည်။
၃။ မှန်စွာပြောဆိုရမည်။
၄။ မှန်စွာပြုလုပ်ရမည်။
၅။ မှန်စွာအသက်မွေးဝမ်းကျောင်းဖြစ်ရမည်။
၆။ မှန်စွာအားထုတ်ရမည်။
၇။ မှန်စွာသတိရှိရမည်၊ အောက်မေ့ရမည်။
၈။ မှန်ကန်စွာ သမာဓိရှိရ၊ တည်ကြည်ရမည်။

ပါဠိဘာသာဖြင့် ကျက်မှတ်၊ ရွတ်ဖတ်လေ့ရှိကြ၏။ ရွတ်ဆိုရုံထက် လက်တွေ့ကျင့်သုံးလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း ဖော်ပြလိုပါသည်။ ဆရာတော်များကတော့ သောက်ဆေးကိုရှုရုံလိမ်းရုံလေးဖြင့် ရောဂါမပျောက်ဟု ဟောလေ့ရှိကြောင်း နာကြားခဲ့ရဖူး၏။ မဂ္ဂင်ဟူသောလမ်းကြောင်း ဤရှစ်ချက်သည် နေ့စဉ်မပြတ် လှည်းဘီးပတ်သကဲ့သို့ ဆက်စပ်လည်ပတ်ကျင့်သုံးကြရမည်ဟု နားလည်ခံယူပါသည်။

**မြင်၊ ကြံပြော၊ လုပ်။**
**သက်မွေး၊ အားထုတ်၊ သတိ၊ သမာဓိ။**

**နိဂုံး**

တရားဦးဓမ္မစကြာကိုလည်း နေ့စဉ်ကျင့်သုံးမည်။ ပညာရကြောင်း၊ ပညာတတ်မြောက်တိုးပွားစေကြောင်း သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ အက္ခရာစွဲသုံး ဤရှစ်လုံးကို သီကုံးပန်းသွင် နေ့တိုင်းဆင်ကြပါစို့ဟု ပန်ကြားရပါကြောင်း သူတော်ကောင်း၊ သူမြတ်လောင်းတို့ ခင်ဗျာ။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လောက်သာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲပုပ် ၆၃၄၆ ဧက ရိတ်သိမ်းပြီးစီး

**ကျုံပျော် မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲပုပ် ၆၃၄၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။



ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲပုပ် ၆၃၄၆ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော ပဲပုပ်စိုက်ခင်းများကို ယခုနှစ် မတ်လ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၉ ဒသမ ၁၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲပုပ် ၆၃၄၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနေ့မှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲပုပ်စိုက်ခင်းတွေကို လျာထားဧကအတိုင်း အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ တောင်သူတွေအနေနဲ့လဲ ပဲပုပ်ကို မနှစ်ကစိုက်ဖူးတဲ့ အတွေ့အကြုံရှိပါတယ်။ ပဲပုပ်မျိုးစေ့တွေကတော့ တောင်သူတွေက စနစ်တကျရွေးချယ်ဝယ်ယူထားတဲ့မျိုးတွေနဲ့ ဒေသမြေအနေအထား ရာသီဥတုနဲ့ကိုက်ညီတဲ့ မျိုးတွေကိုစိုက်ပျိုးခဲ့ပါတယ်" ဟု ကျုံပျော်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ရေကြည်မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများ စိုက်ပျိုးသည့် ပဲပုပ်များ တစ်ဧကချင်းစီအလိုက် အထွက်နှုန်းကောင်းရန်အတွက် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာအသုံးပြုနည်းပညာများ၊ ပိုးသတ်ဆေးစနစ်တကျ အသုံးပြုရေးနည်းစနစ်များ၊ ရေအသုံးချမှုပိုင်းဆိုင်ရာများနှင့် စိုက်ပျိုးနည်းစနစ်များကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပညာသင်စို့ မောင်မယ်တို့

- ပညာတွေ ကြိုးစားလျက်
  နိုးကြားမပျက် တို့မောင်မယ်၊
  စာရိတ္တကို ဖြူအောင်ထား
  ရိုးသားစေကွယ်၊
  အောင်မြင်မှု ပန်းတိုင်ရယ်
  လှမ်းနိုင်မယ် မျှော်ရည်မှန်း၊
  ပျော်ရွှင်စွာ စိတ်မညစ်နဲ့ကွယ်
  ထုဆစ်အောင်ပန်း။

- ကိုယ့်တာဝန် ကျေပွန်ထမ်း
  စည်းကမ်းလည်း လိုက်နာလေ၊
  ယုံကြည်ရာ အနာဂတ်ကို
  ဖြောင့်မတ်ပါစေ၊
  စိတ်ဓာတ်မြင့် စွမ်းဆောင်နေ
  ပျင်းစိတ်တွေ ဖယ်ခွာအဝေး၊
  ပညာဉာဏ် အစဉ်ထက်မြက်လို့
  သွက်လက်မနှေး။

- မောင်မယ်တွေ ဘဝရှေ့ရေး
  လှဖို့တွေး အမြဲကြံစည်၊
  ပညာသည်သာ ရတနာစစ်မို့
  ချစ်ထိုက်ပေသည်၊
  ဖွဲ့လို့လ စိုက်ထူမည်
  စွမ်းဆောင်ရည် နှစ်ဆမြှင့်၊
  လောကဝယ် တန်ခိုးထက်လို့
  တိုးတက်ဂုဏ်တင့်။ ။

**ရဲသွေးနီ(တက်ဝန်)**

# ချောက်မြို့နယ် စမ်းစု(ရွာမ)ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ချောက် မေ ၁၉**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျီးကန်ကျေးရွာအုပ်စု စမ်းစု(ရွာမ)ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မေ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့်တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ စမ်းစု(ရွာမ)ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၁၁၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန်မှာကြားခဲ့သည်။

စမ်းစု(ရွာမ)ကျေးရွာတွင် အကျယ် လေးလက်မ၊ အနက် ပေ ၁၁၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၈ ဒသမ ၄၂၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ယခုနှစ် မေလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပါက စမ်းစု(ရွာမ)ကျေးရွာရှိ အိမ်ခြေ ၁၉၀၊ လူ ၅၉၅ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေကို ရာသီမရွေးဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း သိရသည်။ **နေခ်လှုး**

# လားရှိုးမြို့နယ် မန်မိုင်(ရှမ်း)ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လားရှိုး မေ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်မိုင်(ရှမ်း)ကျေးရွာနှင့် ဟိုပိတ်ကြီးကျေးရွာအတွက် နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၁၈ ရက် နံနက်ပိုင်းက မန်မိုင်(ရှမ်း) ကျေးရွာ၌ ကျင်းပခဲ့သည်။

ဈေးဦးစွာ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊ ရရှိလာသောမြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများကမြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်၊ ပြန်ဆပ်ရမည့်ကာလတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် သိန်း ၄၆၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် လားရှိုးမြို့နယ် မန်မိုင်(ရှမ်း)ကျေးရွာနှင့် ဟိုပိတ်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၇၄ ဦးကို ငွေကျပ် သိန်း ၄၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

## နိုင်ငံတကာ သတင်းများ

# ပိုလန်နိုင်ငံက နယ်စပ်လုံခြုံရေးအတွက် ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ သုံးစွဲမည်

**ဝါဆော မေ ၁၉**

ပိုလန်အရှေ့ပိုင်းနယ်စပ်ဒေသများ လုံခြုံရေးအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံထိ သုံးစွဲမည်ဖြစ်ကြောင်း ပိုလန်ဝန်ကြီးချုပ် ဒေါ်နယ်တပ်စ်က မေ ၁၈ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားနှင့် ဘီလာရုစ်နိုင်ငံတို့၏ ခြိမ်းခြောက်မှုများ မြင့်တက်လာကြောင်း အကြောင်းပြချက်ဖြင့် အရှေ့ပိုင်း နယ်စပ်လုံခြုံရေးအစီအစဉ်ကို အကောင်အထည်ဖော်ရန် ပိုလန်နိုင်ငံက စီစဉ်ထားခြင်းဖြစ်သည်။

ပိုလန်နိုင်ငံ၏ အရှေ့ဘက်နယ်စပ်မျဉ်းများ လုံခြုံရေးအတွက် မိမိတို့အနေဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံထိ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ပိုလန်သမ္မတက သတင်းစာရှင်းလင်းပွဲ အခမ်းအနားတစ်ခုတွင် အတည်ပြုပြောကြားခဲ့သည်။

ပိုလန်နှင့် ဘီလာရုစ်တို့အကြား နယ်စပ်တစ်လျှောက်၌ ၂၀၂၁ ခုနှစ်အတွင်း တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများပြဿနာ ပေါ်ပေါက်ခဲ့ရာ ပိုလန်နှင့်ဘီလာရုစ်တို့အကြား ဆက်ဆံရေးတင်းမာခဲ့ရသည်။

ယူကရိန်းစစ်ရေးပဋိပက္ခစတင်ဖြစ်ပွားပြီးနောက်တွင် ပိုလန်နိုင်ငံသည် ကာကွယ်ရေးအသုံးစရိတ်များမြှင့်တင်ခဲ့သလို ရုရှားနှင့်ဘီလာရုစ်တို့ကိုလည်း ပိုလန်နိုင်ငံတည်ငြိမ်မှုပျက်ပြားစေရန် ကြိုးပမ်းနေသူများအဖြစ် ဝေဖန်ထားသည်။

အရှေ့ဘက်နယ်စပ်ဒေသလုံခြုံရေးအတွက် မည်သည့်အစီအမံများ အကောင်အထည် ဖော်မည်ကို ပိုလန်ဝန်ကြီးချုပ်က ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တောင်အာဖရိကကမ်းလွန်၌ ငါးဖမ်းသင်္ဘောတစ်စီးနစ်မြုပ်

**ကိပ်တောင်း မေ ၁၉**

တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့ ကမ်းရိုးတန်းကမ်းလွန်၌ ငါးဖမ်းသင်္ဘောတစ်စင်း မေ ၁၈ ရက်တွင် နစ်မြုပ်ခဲ့ရာ သင်္ဘောသား ၁၁ ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

ငါးဖမ်းသင်္ဘော နစ်မြုပ်စဉ် အသက်ကယ်ဖောင်ကို အချိန်မီချနိုင်ခဲ့သည့် သင်္ဘောသား ကိုးဦးကို တောင်အာဖရိက ရှာဖွေကယ်ဆယ်ရေးသမားများက ကယ်ဆယ်နိုင်ခဲ့သည်။

သို့ရာတွင် ရေယာဉ်နစ်မြုပ်စဉ် သင်္ဘောသား ၁၁ ဦးပျောက်ဆုံးခဲ့ရာ ၎င်းတို့ကို တောင်အာဖရိက ရှာဖွေကယ်ဆယ်ရေးသမားများက ရှာဖွေနေဆဲဖြစ်သည်။

အဆိုပါငါးဖမ်းသင်္ဘောသည် ကိပ်တောင်းမြို့ အတ္တလန္တိတ်ကမ်းရိုးတန်းကမ်းလွန် ရေမိုင် ၃၀ ခန့်အကွာ၌ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

နစ်မြုပ်ခဲ့သည့် ငါးဖမ်းသင်္ဘောပေါ်၌ သင်္ဘောသားဦးရေ ၂၀ လိုက်ပါသွားပြီး ၎င်းတို့အားလုံးမှာ တောင်အာဖရိက နိုင်ငံသားများ ဖြစ်ကြသည်။

လက်ရှိတွင် ငါးဖမ်းသင်္ဘော နစ်မြုပ်ရခြင်း အကြောင်းအရင်းကို တောင်အာဖရိက တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



# အဓိကရုဏ်းများဖြစ်ပွားနေသော နယူးကာလီဒိုးနီးယားကျွန်းအခြေအနေကို ထိန်းချုပ်ရန် ပြင်သစ်ရဲတပ်ဖွဲ့ကြိုးပမ်း



**ပဲရစ် မေ ၁၉**

အဓိကရုဏ်းများဖြစ်ပွားနေသော နယူးကာလီဒိုးနီးယားကျွန်း၌ ငြိမ်ဝပ်ပိပြားမှု ပြန်လည်တည်ဆောက်ရေးအတွက် ပြင်သစ်ရဲတပ်ဖွဲ့ဝင်များက ကြိုးပမ်းနေကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရွေးကောက်ပွဲများ၌ ပါဝင်ခွင့်ရသူများနှင့်ပတ်သက်၍ ပြင်သစ်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်တစ်ရပ် ပြုလုပ်ခဲ့ပြီးနောက် ပြီးခဲ့သည့်သီတင်းပတ်မှစတင်၍ နယူးကာလီဒိုးနီးယား၌ ဆန္ဒပြပွဲများနှင့် အဓိကရုဏ်းများ စတင်ပေါ်ပေါက်ခဲ့သည်။

နယူးကာလီဒိုးနီးယား၌ဖြစ်ပွားခဲ့သည့် မငြိမ်သက်မှုများအတွင်း လူခြောက်ဦးသေဆုံး၍ အပျက်အစီးများစွာရှိခဲ့သည်။

လက်ရှိအချိန်တွင် ပြင်သစ်ရဲတပ်ဖွဲ့ဝင်များသည် နယူးကာလီဒိုးနီးယားကျွန်း၊ နိုမီအာမြို့နှင့် လေဆိပ်တို့ကို ချိတ်ဆက်ပေးထားသည့်လမ်းမကြီးကို ပြန်ဖွင့်ရန် ကြိုးစားလျက်ရှိသည်။

ဆန္ဒပြသမားများသည် အရှည် ၃၇ မိုင်ရှိသည့် အဆိုပါလမ်းမကြီးတစ်လျှောက် အတားအဆီးများ ပိတ်ဆို့ချထားခဲ့ရာ လက်ရှိအချိန်တွင် ပြင်သစ်ရဲတပ်ဖွဲ့က အတားအဆီး ၆၀ ကျော်ကို ဖယ်ရှားထားပြီးဖြစ်သည်။

ပြင်သစ် ရဲတပ်ဖွဲ့ဝင်များသည် နယူးကာလီဒိုးနီးယားကျွန်း အဓိကရုဏ်းများ၌ပါဝင်ခဲ့သူ ဦးရေ ၂၀၀ ကျော်ကို ဖမ်းဆီးထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်မှ စစ်သင်္ဘောနှစ်စီး ကမ္ဘောဒီးယားနိုင်ငံ ဆီဟာနော့ဗီးလ်ဆိပ်ကမ်းသို့ရောက်ရှိ

**ပေကျင်း မေ ၁၉**



တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ပီအယ်လ်အေ)ရေတပ်မှ စစ်သင်္ဘောနှစ်စီးသည် ယနေ့တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီဟာနော့ဗီးလ်ဆိပ်ကမ်းသို့ ရောက်ရှိလာကြောင်း သိရသည်။

ကမ္ဘောဒီးယားရေတပ်နှင့် ပူးတွဲပြုလုပ်မည့် ရေတပ်စစ်ရေးလေ့ကျင့်မှုများအတွက် အဆိုပါတရုတ်ရေတပ်စစ်သင်္ဘောနှစ်စီး ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ကျင်ကန်းရှန်အမည်ရှိ ကမ်းတက်စစ်ဆင်ရေးသုံး စစ်သင်္ဘောနှင့်ချိကျိကောင်းအမည်ရှိ ရေတပ်လေ့ကျင့်ရေး သင်္ဘောတို့သည် ကမ္ဘောဒီးယားနိုင်ငံ ရီအမ်ရေတပ်စခန်းအနီးပြုလုပ်မည့် ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုများတွင် ပါဝင်မည်ဖြစ်သည်။

တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် နှစ်နိုင်ငံ နှစ်စဉ်ပြုလုပ်မြဲဖြစ်သည့် ရွှေနဂါးပူးတွဲစစ်ရေးလေ့ကျင့်မှုအစီအစဉ်အရ မေ ၂၄ ရက်မှ ၂၇ ရက်ထိ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရန် စီစဉ်ထားသည်။

ရီအမ် ရေတပ်စခန်းသည် တရုတ်နိုင်ငံ၏ ဘဏ္ဍာရေးအကူအညီဖြင့် တိုးချဲ့တည်ဆောက်ထားသော ကမ္ဘောဒီးယားရေတပ်စခန်းဖြစ်သည်။

အဆိုပါရေတပ်စခန်းမှာ တရုတ်ရေတပ်အတွက် ထိုင်းပင်လယ်ကွေ့ရေတပ်စခန်းတစ်ခု ဖြစ်လာမည့်အရေးကို အမေရိကန်နိုင်ငံနှင့် မဟာမိတ်နိုင်ငံများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဝန်ကြီးချုပ် ရောဘတ်ဖီကိုအနေဖြင့် အဆိုးဆုံးအခြေအနေကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း ဒုတိယဝန်ကြီးချုပ် ပြောကြား

**ဘရာတီဆလာဗာ မေ ၁၉**

သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံခံရမှုကြောင့် ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည့် ဆလိုဗက်ကီးယားဝန်ကြီးချုပ် ရောဘတ်ဖီကိုအနေဖြင့် အဆိုးဆုံးအခြေအနေကိုကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ကြောင်း ဆလိုဗက်ကီးယားတာဝန်ရှိသူများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရပြီး လေးရက်အကြာတွင် ဝန်ကြီးချုပ် ရောဘတ်ဖီကိုအတွက် စိုးရိမ်ရဆဲဖြစ်သော်လည်း အဆိုးဆုံး အခြေအနေကိုမူ ကျော်လွန်နိုင်ခဲ့ပြီဖြစ်ကြောင်း ဆလိုဗက်ကီးယား ဒုတိယဝန်ကြီးချုပ် ရောဘတ်ကလီနက်ခ်က ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ရောဘတ်ဖီကိုသည် ဟန်းလိုဗာအမည်ရှိမြို့၌ မေ ၁၅ ရက်တွင်ကျင်းပခဲ့သော အစိုးရအဖွဲ့ အစည်းအဝေးတစ်ခုမှ ပြန်အထွက်တွင် အမျိုးသားတစ်ဦး၏ အနီးကပ်ပစ်ခတ်လုပ်ကြံမှုနှင့် ရင်ဆိုင်ခဲ့ရသည်။

သေနတ်သမား၏ပစ်ခတ်လုပ်ကြံမှုကြောင့် ရောဘတ်ဖီကိုမှာ ကျည်လေးချက်ထိမှန်ခဲ့ရသည်။

ဆလိုဗက်ကီးယားဝန်ကြီးချုပ် ရောဘတ်ဖီကိုလုပ်ကြံခံရမှုကြောင့် ဥရောပတစ်ဝန်း တုန်လှုပ်ခဲ့ရပြီး ဥရောပခေါင်းဆောင်များကလည်း ဝေဖန်ရှုတ်ချခဲ့ကြသည်။


လက်ရှိအချိန်တွင် ဆလိုဗက်ကီးယား တာဝန်ရှိသူများသည် ဝန်ကြီးချုပ် ရောဘတ်ဖီကိုအား လုပ်ကြံသူအမျိုးသားကို လူသတ်ရန်ကြိုးပမ်းကြံစည်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## မင်္ဂလ်လ်ယန်း-၂ လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်တွင် လမျက်နှာပြင်လေ့လာရေးယာဉ်တစ်စင်းနှင့် ရဟတ်ယာဉ်ငယ်တစ်စင်းပါဝင်မည်



**နယူးဒေလီ မေ ၁၉**

အိန္ဒိယအာကာသအေဂျင်စီ၏ မင်္ဂလ်လ်ယန်း-၂ လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်တွင် လမျက်နှာပြင်လေ့လာရေးယာဉ်တစ်စင်းနှင့် ရဟတ်ယာဉ်ငယ်တစ်စင်း ပါဝင်မည်ဖြစ်ကြောင်း မေ ၁၈ ရက် သတင်းများအရ သိရသည်။

အိန္ဒိယအာကာသ အေဂျင်စီသည် မင်္ဂလ်လ်ယန်း-၂ မစ်ရှင်ကို ယခုနှစ်ကုန်ပိုင်းတွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

မင်္ဂလ်လ်ယန်း-၂ မစ်ရှင်တွင် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)၏ ပါဆီးဗရင့်စ် လမျက်နှာပြင်လေ့လာရေးယာဉ်နှင့် အင်ဂျီနျူတီရဟတ်ယာဉ်ကဲ့သို့ပင် လမျက်နှာပြင် လေ့လာရေးယာဉ်နှင့် တွဲဖက်အဖြစ် ရဟတ်ယာဉ်တစ်စင်းလည်းပါဝင်မည်ဖြစ်ကြောင်း အိန္ဒိယအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

မင်္ဂလ်လ်ယန်း-၂ မစ်ရှင် အောင်မြင်ခဲ့ပါက အိန္ဒိယနိုင်ငံသည် အင်္ဂါဂြိုဟ်ပေါ်သို့ ဂြိုဟ်ဆင်းယာဉ်များ အောင်မြင်စွာစေလွှတ်နိုင်ခဲ့သော တတိယမြောက် ကမ္ဘာ့နိုင်ငံဖြစ်လာလိမ့်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံကသာ အင်္ဂါဂြိုဟ်ပေါ်သို့ ဂြိုဟ်ဆင်းယာဉ်များ စေလွှတ်ထားနိုင်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် မင်္ဂလ်လ်ယန်းမစ်ရှင်ဖြင့် အင်္ဂါဂြိုဟ်ဆီသို့ နည်းပညာစမ်းသပ်ဂြိုဟ်ပတ်အာကာသယာဉ်တစ်စင်း လွှတ်တင်ခဲ့ဖူးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## ပြင်းထန်သည့်အဆုတ်ကင်ဆာလူနာ ကုသရာတွင် Imdelltra ဆေးကိုအသုံးပြုရန် FDAခွင့်ပြု

**နယူးယောက် မေ ၁၉**

Small Cell Lung Cancer ခေါ် ပြင်းထန်သည့်အဆုတ်ကင်ဆာရောဂါလူနာများကို ကုသရာတွင် Tarlatamab (Imdelltra) အမည်ရှိ ဆေးသစ်တစ်မျိုးကို အသုံးပြုရန် အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေး အေဂျင်စီ(FDA)က ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း မေ ၁၈ ရက် သတင်းများအရ သိရသည်။

FDA ၏ သဘောတူညီချက်အရ Small Cell Lung Cancer လူနာများအနက် အခြားကုထုံး မတိုးတော့သည့်လူနာများအတွက် Imdelltra ဆေးကို ဆရာဝန်များ အနေဖြင့် အသုံးပြုခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

Imdelltra ဆေးအသုံးပြုခွင့်ပေးရေးအတွက် FDA ၏ အတည်ပြုချက်သည် ရောဂါလက္ခဏာပြင်းထန်သည့် Small Cell Lung Cancer လူနာများအတွက် သတင်းကောင်းဖြစ်ကြောင်း ဆေးပညာရှင်များက ပြောကြားသည်။

Imdelltra ဆေးကို အမေရိကန်နိုင်ငံအခြေစိုက် Amgen ဇီဝနည်းပညာကုမ္ပဏီက ဖန်တီးထားခြင်းဖြစ်သည်။

စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Imdelltra ဆေးသည် Small Cell Lung Cancer လူနာများ၏ ဘဝသက်တမ်းကို မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် Imdelltra ဆေး၏ အထက်ပါအကျိုးကျေးဇူးကို စမ်းသပ်မှုတွင်ပါဝင်သည့် လူနာများအနက် ၄၂ ရာခိုင်နှုန်းသာရရှိခဲ့ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Russia Today**
**Trs : KKO**


## နာဆာကလွှတ်တင်ထားသည့် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က မဟာအာကာသတွင်းနက်ကြီးနှစ်ခု ပေါင်းစပ်မှုဖြစ်စဉ်ကို ဖော်ထုတ်တွေ့ရှိ

**ဝါရှင်တန် မေ ၁၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသည့် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်သည် မဟာအာကာသတွင်းနက်ကြီးနှစ်ခု ပေါင်းစပ်မှုဖြစ်စဉ်ကို ဖော်ထုတ်တွေ့ရှိထားကြောင်း မေ ၁၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ အာကာသတွင်းနက်နှစ်ခု ပေါင်းစပ်မှုဖြစ်စဉ်သည် မိမိတို့တွေ့ရှိခဲ့ဖူးသမျှထဲတွင် ကမ္ဘာနှင့် အဝေးဆုံး၌ ဖြစ်ပွားခဲ့သော အာကာသတွင်းနက်နှစ်ခု ပေါင်းစပ်မှုဖြစ်စဉ်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ် တွေ့ရှိထားသည့် မဟာအာကာသတွင်းနက်နှစ်ခု ပေါင်းစပ်မှုဖြစ်စဉ်သည် အလင်းနှစ် ၁၃ ဒသမ ၈ ဘီလီယံအကွာတွင် ဖြစ်ပွားနေခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ မဟာအာကာသတွင်းနက်နှစ်ခုသည် စကြဝဠာ စတင်ပေါ်ထွက်လာပြီး နှစ်ပေါင်းသန်း ၇၄၀ အကြာတွင် ပေါ်ထွက်လာသော မဟာအာကာသတွင်းနက်များဖြစ်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် စကြဝဠာခေတ်ဦး မဟာအာကာသတွင်းနက်များကို စောင့်ကြည့်လေ့လာနေသည့် အာကာသရေဒီယိုတယ်လီစကုပ်ဖြစ်သည်။

နာဆာအဖွဲ့သည် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ပြုပြင်ထားသောအစားအစာစားနေရသည့် ကလေးများ အသက်သုံးနှစ်တွင် နှလုံးကျန်းမာရေး ညံ့ဖျင်းမှု၏ ရှေ့ပြေးလက္ခဏာများပေါ်လာနိုင်

**မက်ဒရစ် မေ ၁၉**

အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများကို အဓိကစားနေရသည့်ကလေးများ အသက်သုံးနှစ်အရွယ်တွင် နှလုံးကျန်းမာရေးညံ့ဖျင်းမှု၏ ရှေ့ပြေးလက္ခဏာများ ပေါ်လာနိုင်ကြောင်း မေ ၁၈ ရက် သတင်းများအရ သိရသည်။

ထို့ပြင် အလွန်အကျွံပြုပြင်စီရင်ထားသော အစားအစာများ စားသုံးမှုကြောင့် ကလေးများ၌ အသက်သုံးနှစ်အရွယ်တွင် ဆီးချိုရောဂါ၏ ရောဂါ နောက်ခံအကြောင်းတရားများ ပေါ်ထွက်လာနိုင်ကြောင်း စပိန် သုတေသနပညာရှင်များက ပြောကြားသည်။

အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများသည် သကြား၊ ဆားနှင့် တာရှည်ခံဓာတုပစ္စည်းများပါဝင်မှု မြင့်မားသည့် အစားအစာများဖြစ်သည်။

စပိန် သုတေသနပညာရှင်များသည် အသက်သုံးနှစ်နှင့် ခြောက်နှစ်ကြားရှိ ကလေး ၁၅၀၀ ခန့်ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများကို အများဆုံးစားသောက်ရသည့် ကလေးများတွင် နှလုံးရောဂါဖြစ်နိုင်ခြေ ရှေ့ပြေးလက္ခဏာများကို အသက်သုံးနှစ်အရွယ်တွင် စတွေ့နေရကြောင်း သိရသည်။

အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများ၌ပါဝင်သော ဓာတုပစ္စည်းများသည် နှလုံးကျန်းမာရေးပြဿနာများနှင့်ဆက်စပ်နေနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နာဆာက PREFIRE ရာသီဥတုလေ့လာရေးမစ်ရှင်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေ

**ဝါရှင်တန် မေ ၁၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် PREFIRE အမည်ရှိ ရာသီဥတုလေ့လာရေးမစ်ရှင်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်ကြောင်း မေ ၁၈ ရက် သတင်းများအရ သိရသည်။

PREFIRE မစ်ရှင်တွင် ဝင်ရိုးစွန်းအနီး ပတ်လမ်းပေါ်၌ နေရာယူမည့် ကျူဆက်ဂြိုဟ်တုနှစ်စင်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုနှစ်စင်းကို တစ်စင်းနှင့်တစ်စင်း ရက်အနည်းငယ်ခြား၍ Rocket Lab ကုမ္ပဏီ၏ အီလက်ထရွန်ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်သည်။

နာဆာအဖွဲ့သည် PREFIRE မစ်ရှင်၏ ပထမဆုံးဂြိုဟ်တုကို မေ ၂၂ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

PREFIRE မစ်ရှင်ဂြိုဟ်တုနှစ်စင်းသည် ကမ္ဘာ့ဝင်ရိုးစွန်းဒေသများက အာကာသဟင်းလင်းပြင်အတွင်း အပူဓာတ်များပြန်စွန့်ထုတ်မှုပုံစံများကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အဆိုပါ ကျူဆက်ဂြိုဟ်တုငယ်နှစ်စင်းတွင် အနီအောက်ရောင်ခြည် ရောင်စဉ်လိုင်းတိုင်းတာရေးစနစ်များ တပ်ဆင်ပေးထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

# နည်းပြမော်ရင်ဟိုကိုခေါ်ယူရန် ဖီနာဘာချီအသင်းနှင့် ဘက်ဆစ်တပ်အသင်းတို့ အပြိုင်ကြိုးပမ်း

**အစ္စတန်ဘူလ် မေ ၁၉**

ရိုးမားအသင်းမှ ထွက်ခွာသွားပြီးနောက် အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြမော်ရင်ဟိုကို တူကီယဲကလပ် ဖီနာဘာချီအသင်းနှင့် ဘက်ဆစ်တပ်အသင်းတို့က အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

နည်းပြမော်ရင်ဟိုသည် ၂၀၂၁ ခုနှစ်က ရိုးမားအသင်းကို စတင်တာဝန်ယူခဲ့ပြီးနောက် အသင်းကို ဥရောပပြိုင်ပွဲ ကစားခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့်အပြင် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက ယူရိုပါကွန်ဖရင့် ချန်ပီယံဖလားရယူပေးနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် အသင်း၏ဘဏ္ဍာရေးအခက်အခဲနှင့် ရလဒ်ပိုင်းဆိုးရွားမှုများကြောင့် ပြီးခဲ့သည့် ဇန်နဝါရီလက ရာထူးမှထုတ်ပယ်ခံခဲ့ရသည်။

လက်ရှိတွင် ပရီးမီးယားလိဂ်ဆုဖလားနှင့် ဥရောပဆုဖလားများ ရယူခဲ့သည့် နည်းပြမော်ရင်ဟိုကို ယခုနှစ် ဘောလုံးရာသီကုန်ထိ စိတ်ဝင်စားသည့် ကလပ်အသင်းမရှိခဲ့သောကြောင့် ဖီနာဘာချီအသင်းက တရားဝင်ဆွေးနွေးမှုပြုလုပ်၍ ကမ်းလှမ်းလာချိန်တွင် ဘက်ဆစ်တပ်အသင်းကလည်း မော်ရင်ဟိုကို ခေါ်ယူရန် အပြိုင်ကြိုးပမ်းခဲ့ကြောင်း သိရသည်။

ဘက်ဆစ်တပ်အသင်း ဒုတိယဥက္ကဋ္ဌ ယူဆဲလ်က "ပြီးခဲ့တဲ့လကတည်းက နည်းပြမော်ရင်ဟိုကို ခေါ်ယူဖို့ကမ်းလှမ်းချိန်မှာ သူ့အနေနဲ့ ကြိုဆိုခဲ့ပါတယ်။ လက်ရှိမှာအသင်းအနေနဲ့ ဘဏ္ဍာရေးဆိုင်ရာကိစ္စတွေ ရှင်းပြီးရင် လာမဲ့တစ်ပတ်မှာအီတလီကိုသွားရောက်ပြီး နည်းပြမော်ရင်ဟိုနဲ့ဆွေးနွေးမှုပြုလုပ်မှာပါ"ဟု ပြောကြားခဲ့သည်။

ထို့ပြင် နည်းပြမော်ရင်ဟိုသည် မန်ယူအသင်းမှ နည်းပြတန်ဟတ်ထွက်ခွာသွားပါက မန်ယူအသင်းကို ကိုင်တွယ်နိုင်သည်ဟု သတင်းထွက်ပေါ်နေပြီး ဘိုင်ယန်မြူးနစ်အသင်း၊ ဂျူဗင်တပ်အသင်း၊ချဲလ်ဆီးအသင်းနှင့် ဘာစီလိုနာအသင်းတို့ကလည်း မော်ရင်ဟိုကို ခေါ်ယူမည့်စာရင်းတွင် ထည့်သွင်းထားသောကြောင့် ၎င်းအနေဖြင့် လာမည့်နွေရာသီတွင် ဥရောပထိပ်သီး ကလပ်အသင်းတစ်သင်းကို တာဝန်ယူနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ❑ အဲဗာတန်အသင်း၏ ဘဏ္ဍာရေးအခက်အခဲများကြောင့် အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်မချရသေးကြောင်း အသင်းနှင့် ၁၈ လသာစာချုပ်ကျန်ရှိနေသည့် နည်းပြဒိုက်ချီက ထုတ်ဖော်ပြောကြားခဲ့သည်။
- ❑ အမျိုးသမီးအမှတ်ပေးပြိုင်ပွဲ နောက်ဆုံးပွဲစဉ်တွင် မန်ယူအသင်းကို ခြောက်ဂိုးပြတ်အနိုင်ရခဲ့သည့် ချဲလ်ဆီးအသင်းက ဒုတိယနေရာမှ မန်စီးတီးအသင်းကို ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် ဆုဖလားရယူနိုင်ခဲ့ကြောင်း သိရသည်။
- ❑ ပါမီးယက်စ်လူငယ်ကစားသမား အက်စတီဗာအိုကို စတာလင်ပေါင် ၅၆ သန်းဖြင့်ခေါ်ယူရန် ချဲလ်ဆီးအသင်းသဘောတူညီမှု ရယူခဲ့ကြောင်းသိရသည်။

ML

### ပရီးမီးယားလိဂ် ပွဲစဉ် (၃၈) ရလဒ်

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၂ | - | ၁ | အဲဗာတန် |
| ဘရန့်ဖို့ဒ် | ၂ | - | ၄ | နယူးကာဆယ် |
| ဘရိုက်တန် | ၀ | - | ၂ | မန်ယူ |
| ဘန်လေ | ၁ | - | ၂ | နော့တင်ဟမ် |
| ပဲလေ့စ် | ၅ | - | ၀ | အေဗီလာ |
| လီဗာပူး | ၂ | - | ၀ | ဝုဗ် |
| လူတန် | ၂ | - | ၄ | ဖူလ်ဟမ် |
| မန်စီးတီး | ၃ | - | ၁ | ဝက်စ်ဟမ်း |
| ရှက်ဖီး(U) | ၀ | - | ၃ | စပါး |
| ချဲလ်ဆီး | ၂ | - | ၁ | ဘုန်းမောက် |

**(၀၄၀)**

# လေဗာကူဆင်အသင်း ရှုံးပွဲမရှိစံချိန်ဖြင့် ဘွန်ဒက်လီဂါချန်ပီယံဆုဆွတ်ခူး




**ဘာလင် မေ ၁၉**

ဘွန်ဒက်လီဂါ နောက်ဆုံးပွဲစဉ်အဖြစ်ကစားခဲ့သည့် ပွဲစဉ်(၃၄)တွင် လေဗာကူဆင်အသင်းက အော့စ်ဘတ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ဘောလုံးရာသီတစ်ခုအတွင်း ရှုံးပွဲမရှိစံချိန်ဖြင့် ဘွန်ဒက်လီဂါဆုဖလားရယူနိုင်ခဲ့ကြောင်း သိရသည်။

လေဗာကူဆင်အသင်းကို ၂၀၂၂ ခုနှစ်က နည်းပြအလွန်ဆို စတင်တာဝန်ယူခဲ့ရာ အသင်းကိုတန်းဆင်းဇုန်မှလွတ်မြောက်အောင်စွမ်းဆောင်နိုင်ခဲ့သည့်အပြင် ယခုနှစ်ဘောလုံးရာသီတွင်လည်း ဘွန်ဒက်လီဂါ ၃၄ ပွဲကစားခဲ့ရာ ၂၈ ပွဲနိုင်၊ ခြောက်ပွဲသရေ ရှုံးပွဲမရှိဖြင့် ချန်ပီယံဆုဖလားရရှိခဲ့ပြီး ဘွန်ဒက်လီဂါသမိုင်းတွင် ရှုံးပွဲမရှိဘဲ ဆုဖလားရယူနိုင်ခဲ့သည့် မှတ်တမ်းကောင်းကိုရရှိခဲ့သည်။

ထို့ပြင် လေဗာကူဆင်အသင်းသည် ဘွန်ဒက်လီဂါဆုဖလားရရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၅၁ ပွဲဆက်ရှုံးပွဲမရှိခဲ့ဘဲ ယူရိုပါလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ရောက်ရှိခဲ့ပြီး အတ္တလန်တာအသင်းနှင့်လည်းကောင်း၊ ပိုကယ်ဖလားပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲတွင် ကိုင်ဇာစလော့တန်အသင်းနှင့်လည်းကောင်း တွေ့ဆုံနေကာ အဆိုပါပွဲစဉ်များတွင် ဆုဖလားရယူနိုင်ခဲ့ပါက ရှုံးပွဲမရှိဖြင့်ဖလားသုံးလုံးရရှိမည့် ပထမဆုံးအသင်းဖြစ်လာမည်ဖြစ်သည်။

ဥရောပ ဘောလုံးသမိုင်းတွင် ရှုံးပွဲမရှိဖြင့် အမှတ်ပေးချန်ပီယံဖလားရယူနိုင်ခဲ့သည့်အသင်းများမှာ ၁၉၉၁-၁၉၉၂ ဘောလုံးရာသီက အေစီမီလန်အသင်း၊၁၉၉၄-၁၉၉၅ ဘောလုံးရာသီက အေဂျက်အသင်း၊ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီက အာဆင်နယ်အသင်း၊ ၂၀၁၀-၂၀၁၁ နှင့်၂၀၁၂-၂၀၁၃ ဘောလုံးရာသီတို့တွင် ပေါ်တိုအသင်း၊ ၂၀၁၁-၂၀၁၂ ဘောလုံးရာသီတွင် ဂျူဗင်တပ်အသင်းနှင့် ယခုနှစ်ဘောလုံးရာသီ၌ လေဗာကူဆင်အသင်းတို့က ရှုံးပွဲမရှိစံချိန်များဖြင့် ဆုဖလားဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# တိုင်ဆန်ဖျူရီကိုအနိုင်ရခဲ့သည့် အူဆက်ခ် ကမ္ဘာ့ဟဲဗီးဝိတ်တန်းပြိုင်ဘက်ကင်းချန်ပီယံဖြစ်လာ



**ရီယာ့ဒ် မေ ၁၉**

ကမ္ဘာ့ဟဲဗီးဝိတ်တန်းပြိုင်ဘက်ကင်းချန်ပီယံဆုအတွက် WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖျူရီနှင့် IBF၊ IBO၊ WBA ၊ WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ယူကရိန်းလက်ဝှေ့သမား အူဆက်ခ်တို့ ယနေ့တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အူဆက်ခ်က Split Decisionဖြင့် အနိုင်ရရှိကာ ကမ္ဘာ့ဟဲဗီးဝိတ်တန်းလောက၏ ပြိုင်ဘက်ကင်းချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့သည်။

အူဆက်ခ်သည် အစောပိုင်းအချီများတွင် တိုင်ဆန်ဖျူရီကို ဆက်တိုက်ဖိအားပေးနိုင်ခဲ့ပြီး တိုင်ဆန်ဖျူရီကလည်း တချို့သောအချီများတွင် အူဆက်ခ်ကို ဖိအားပေးနိုင်ခဲ့ပြီး ရမှတ်များရရှိခဲ့ကြောင်း သိရသည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် မိုက်ဖစ်ဂီရယ်က (၁၁၃-၁၁၄)ရမှတ်၊ပါလိုမိုက(၁၁၂-၁၁၅) ရမှတ်ဖြင့် အူဆက်ခ်ကို အနိုင်ပေးခဲ့ပြီး မက်ကယ်လ်ဖီက (၁၁၄-၁၁၃) ရမှတ်ဖြင့် တိုင်ဆန်ဖျူရီကို အနိုင်ပေးခဲ့သည့်အတွက် အူဆက်ခ်က Split Decision ဖြင့် အနိုင်ရရှိခဲ့ပြီး Split Decision ဖြစ်သည့်အတွက်ကြောင့် တိုင်ဆန်ဖျူရီအနေဖြင့် မကျေပွဲကိုချက်ချင်းစိန်ခေါ်နိုင်မည်ဖြစ်ပြီး ၎င်းကိုယ်တိုင်လည်း မကျေပွဲစဉ်ကို ချက်ချင်းစီစဉ်သွားမည်ဖြစ်ကြောင်း ပွဲအပြီးတွင် ပြောကြားခဲ့သည်။

အူဆက်ခ်က "ကျွန်တော့်အတွက် အမှတ်တရအဖြစ်ဆုံးနေ့တစ်နေ့ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့နည်းပြအဖွဲ့ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်မိသားစုတွေကိုလဲ ကျေးဇူးတင်ပါတယ်။ ဒီအောင်မြင်မှုဟာ ကျွန်တော့်ရဲ့ပရိတ်သတ်တွေအတွက်ဖြစ်ပါတယ်။ ကျွန်တော့်ဘဝအတွက် အခမ်းအနားဆုံးနေ့နဲ့ အခမ်းအနားဆုံးအချိန်ကာလဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

တိုင်ဆန်ဖျူရီက "တချို့အချီတွေမှာ အူဆက်ခ်သာပါတယ်။ ဒါပေမဲ့အနိုင်ရနိုင်တဲ့ထိုးချက်တွေကို ကျွန်တော်လုပ်ပြနိုင်ခဲ့တယ်။ဒိုင်တွေရဲ့ဆုံးဖြတ်ချက်တွေက စိတ်ပျက်စရာအကောင်းဆုံး ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ အကောင်းဆုံးပုံစံနဲ့ ကျွန်တော်ပြန်လာခဲ့မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)တွင် မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ဂိုးမရှိသရေရလဒ်ထွက်ပေါ်

**ရန်ကုန် မေ ၁၉**

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ စလင်းအားကစားကွင်းတွင် မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းလုံးအပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး နှစ်သင်းစလုံး ဂိုးသွင်းခွင့်များရရှိခဲ့ကြသော်လည်း တိုက်စစ်ကစားသမားများအဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် နှစ်သင်းလုံး လူစားလဲမှုများပြုလုပ်ကာ အပြန်အလှန်ဖိအားပေးကစားခဲ့ပြီး ဂိုးသွင်းခွင့်အချို့ရရှိခဲ့ကြသော်လည်း နှစ်သင်းစလုံး ခံစစ်ကစားသမားများ အမှားအယွင်းမရှိကစားနိုင်ခဲ့မှုနှင့်အတူ ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၃)ပွဲစဉ်များအပြီးတွင် အမှတ်ပေးဇယား အဆင့်ရပ်တည်မှုအပြောင်းလဲဖြစ်ခဲ့ပြီး ISPEအသင်းက ရမှတ် ခုနစ်မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးသို့တက်ရောက်နိုင်ခဲ့ကာ ရှုံးပွဲကြုံတွေ့ခဲ့ရသည့် ရန်ကုန်ယူနိုက်တက်အသင်းအနေဖြင့် ရမှတ်ခြောက်မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၂)နေရာသို့ ကျဆင်းခဲ့ကြောင်း သိရသည်။

**STA**

# (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ်နှင့် ငွေတံဆိပ်ဆုများဆွတ်ခူး




**ရန်ကုန် မေ ၁၉**

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင် ကျင်းပလျက်ရှိသည့် (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်တွင် မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့တွင် ရွှေတံဆိပ်ဆုနှင့် ငွေတံဆိပ်ဆုများ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

(၁၈)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်တွင် မြန်မာနိုင်ငံက ယနေ့ကျင်းပခဲ့သည့်ပြိုင်ပွဲများမှ Men's Athletic Physique ပြိုင်ပွဲတွင် ကိုကိုကျော်ဖြိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ Men's Sport Physique ပြိုင်ပွဲတွင် သန်းထိုက်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်ဆုကိုလည်းကောင်း အသီးသီး ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ အမျိုးသမီးပြိုင်ပွဲများအဖြစ် Women's Model Physique ပြိုင်ပွဲတွင် ခင်နီလာစိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေတံဆိပ်ဆုကိုလည်းကောင်း၊ Women's Model Physique ပြိုင်ပွဲတွင် ဠူးဠူးသန္တ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေတံဆိပ်ဆုကို လည်းကောင်း အသီးသီးဆွတ်ခူးနိုင်ခဲ့သည်။

(၁၈)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်တွင် မြန်မာနိုင်ငံက ရွှေတံဆိပ် သုံးဆုနှင့် ငွေတံဆိပ် သုံးဆုကို ဆွတ်ခူးထားကြောင်း သိရသည်။

**STA**

# MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(A)ပွဲစဉ်များယှဉ်ပြိုင်

**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူး ကျင်းပလျက်ရှိသည့် MNL League Cup 2024ပြိုင်ပွဲ အုပ်စု(A) အုပ်စုနောက်ဆုံးပွဲစဉ်များကို ယနေ့ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် University အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(A)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပဒုမ္မာအားကစားကွင်း၌ GFA အသင်းနှင့် University အသင်းတို့ကစားခဲ့ရာ University အသင်းက သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး University အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၂ မိနစ်တွင် ငြိမ်းဝေယျာကလည်းကောင်း၊ပွဲချိန် ၆၆ မိနစ်တွင် လှိုင်ဘွားကလည်းကောင်း၊ ပွဲချိန် ၈၁ မိနစ်တွင် ဇော်ဇော်ထိုက်ကလည်းကောင်း သွင်းယူပေးနိုင်ခဲ့ပြီး GFA အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၂၈ မိနစ်၌ လှဖုန်းဦးက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီ သုဝဏ္ဏအားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် လေးမိနစ်တွင် ဥက္ကာနိုင်ကလည်းကောင်း၊ ပွဲချိန် ၃၃ မိနစ်တွင် ရန်နိုင်ဦးကလည်းကောင်း၊ ပွဲချိန် ၆၆ မိနစ်တွင် ဇော်ဝင်းသိန်းကလည်းကောင်းသွင်းယူပေးနိုင်ခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၂၇မိနစ်တွင် အီဒူဘတ်က သွင်းယူပေးနိုင်ခဲ့သည်။

MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(A)ပွဲစဉ်များအဖြစ် မေ ၂၀ရက် ညနေ ၄ နာရီတွင် YUSC အားကစားကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် Glory Goal အသင်း၊သုဝဏ္ဏအားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့်ရခိုင်ယူနိုက်တက်အသင်းတို့ ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **STA**

# ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်း အုပ်စုပထမဖြင့် ကွာတားဖိုင်နယ်အဆင့်တက်ရောက်



**ရန်ကုန် မေ ၁၉**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်းသည် အုပ်စုပထမဖြင့် ကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ နှစ်ယောက်တွဲပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့တွင်ကျင်းပခဲ့ရာ မြန်မာပိုက်ကျော်ခြင်းအသင်းနှင့်ဖိလစ်ပိုင်အသင်းတို့ကစားခဲ့ရာ မြန်မာအသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ သုံးပွဲကစားခဲ့ရာ ရမှတ် (၁၅-၉)၊(၆-၁၇)၊(၁၅-၆) မှတ်များဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် မြန်မာပိုက်ကျော်ခြင်းအသင်းသည် အုပ်စုဒုတိယပွဲစဉ်အဖြစ် အင်ဒိုနီးရှားအသင်းနှင့် ဆက်လက် ကစားခဲ့ရာတွင်လည်း ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ သုံးပွဲ ကစားခဲ့ရာ (၁၅-၉)၊ (၁၆-၁၇)၊ (၁၅-၁၂) ရမှတ်ဖြင့် ဆက်လက်အနိုင်ရရှိခဲ့သည့်အတွက် အုပ်စုပထမဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ နှစ်ယောက်တွဲပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် မြန်မာပိုက်ကျော်ခြင်းအသင်းသည် အုပ်စု (B) အုပ်စုဒုတိယနေရာမှ တက်ရောက်လာသည့်အသင်းနှင့် မေ ၂၁ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**STA**

# Italian Open ချန်ပီယံဆုကို ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်ဆွတ်ခူး

**လန်ဒန် မေ ၁၉**

အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပခဲ့သည့် Italian Open အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) နေရာ၌ရပ်တည်နေသည့် ပိုလန်တင်းနစ်မယ်စဝီယာတက်ခ်နှင့်ကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်နေသည့် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာတို့ ယနေ့ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က(၆-၂၊ ၆-၃) ရလဒ်ဖြင့်အနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

စဝီယာတက်ခ်အနေဖြင့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် Italian Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို တတိယအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ဆာဘာလင်ကာနှင့် ပြိုင်ပွဲနှစ်ရပ်ဆက် ဗိုလ်လုပွဲတွင် တွေ့ဆုံခဲ့ခြင်းဖြစ်ကာ နှစ်ကြိမ်လုံးစဝီယာတက်ခ်ကအနိုင်ရရှိခဲ့သည်။

စဝီယာတက်ခ်အနေဖြင့် မကြာမီ ပြင်သစ်နိုင်ငံတွင် ကျင်းပမည့် French Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ထပ်မံဆွတ်ခူးနိုင်ခဲ့ပါက ပြိုင်ပွဲသုံးရပ်ဆက်တိုက် ချန်ပီယံဆုကို ဆွတ်ခူးထားနိုင်သည့် တစ်ဦးတည်းသော ကစားသမားဖြစ်သည့် ဆီရီနာဝီလျံ၏ စံချိန်ကို အမီ လိုက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**




# လက်ချီကိုအနိုင်ရခဲ့သည့် အတ္တလန်တာအသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိ



**ရောမ မေ ၁၉**

စီးရီးအေပြိုင်ပွဲ ပွဲစဉ်(၃၇)အဖြစ် ကစားခဲ့သည့် လက်ချီအသင်းနှင့် အတ္တလန်တာအသင်းတို့ ပွဲစဉ်တွင် အတ္တလန်တာအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် လက်ကျန်ပွဲနှစ်ပွဲအလိုတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

အတ္တလန်တာ အသင်းသည် လက်ချီကိုအနိုင်ရခဲ့ပြီးနောက် ၃၆ ပွဲကစားအပြီး၌ ပွဲ ၂၀နိုင်၊ ခြောက်ပွဲသရေ၊ ၁၀ ပွဲရှုံး ရမှတ် ၆၆ မှတ်ဖြင့် အဆင့်(၅)နေရာတွင် ရောက်ရှိခဲ့ပြီး အဆင့်(၆) မှ ရမှတ် ၆၀ ရရှိထားသည့် ရိုးမားအသင်းကို လက်ကျန်ပွဲနှစ်ပွဲအလိုတွင် ရမှတ်ခြောက်မှတ်ဖြတ်တောက်နိုင်ခဲ့သောကြောင့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

စီးရီးအေပြိုင်ပွဲ စည်းမျဉ်းအရ ကလပ်အသင်း နှစ်သင်းအနေဖြင့် ရမှတ်တူနေပါက ထိပ်တိုက်တွေ့ဆုံမှုပေါ် မူတည်၍ ဆုံးဖြတ်ချက်ချမှတ်မှုကြောင့် အတ္တလန်တာအသင်းသည် ရိုးမားအသင်းကိုပထမအကျော့တွင် ဂိုးမရှိသရေနှင့်ဒုတိယအကျော့တွင် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် လာမည့်ပွဲစဉ်များကိုရှုံးနိမ့်ခဲ့လျှင်လည်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမည်ဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ နည်းပြ ဂတ်စပါရီနီ လက်အောက်တွင် ခြေစွမ်းပိုင်း တိုးတက်လာသည့် အတ္တလန်တာအသင်းသည် ကိုပါ အီတာလီယာဖလား ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီး ဗိုလ်လုပွဲတွင် ဂျူဗင်တပ်ကိုရှုံးခဲ့သဖြင့် ဆုဖလားနှင့် လွဲချော်ခဲ့သော်လည်း လာမည့် မေ ၂၃ ရက်တွင် ကစားမည့် လေဗာကူဆင်အသင်းနှင့်ယူရိုပါလိဂ် ဗိုလ်လုပွဲစဉ်တွင် နိုင်ပွဲရယူနိုင်ပါက ဆုဖလားရယူနိုင်မည့် အခွင့်အရေးများရှိနေသည်။

အတ္တလန်တာ အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၂၀၂၀ ပြည့်နှစ်က ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီ နှစ်ရာသီဆက်တိုက် ချန်ပီယံလိဂ်ယှဉ်ပြိုင်ခွင့်နှင့် လွဲချော်ခဲ့ရသကဲ့သို့လာမည့်နှစ်မှသာ ချန်ပီယံလိဂ်ပြိုင်ပွဲ ပြန်လည်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# ဗီတိုအာဏာသုံးစွဲမှုများကြား ကာလရှည်ကြာနေသည့် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခ

**❖ အရှေ့အလယ်ပိုင်းပဋိပက္ခအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေးအတွက် အာရပ်နိုင်ငံတချို့နှင့် တရုတ်နှင့် ရုရှားတို့က တောင်းဆိုမှုကို အမေရိကန်က ၂၀၂၃ ခုနှစ်ကတည်းက သုံးကြိမ်တိုင်ပယ်ချခဲ့ပြီးဖြစ်သည်။ ယခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်ကလည်း အာရပ်နိုင်ငံများက ရေးဆွဲတင်ပြခဲ့သည့်အစီအစဉ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် ၁၃ နိုင်ငံက ထောက်ခံခဲ့ပြီး အမေရိကန်က ဗီတိုအာဏာဖြင့်ပယ်ချကာ အခြားတစ်နိုင်ငံက ကြားနေရပ်တည်ခဲ့သည်။ ထိုသို့ ဗီတိုအာဏာဖြင့်ပယ်ချခဲ့မှုများကြောင့် ဂါဇာကမ်းမြောင်ဒေသတွင် တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွားပြီး ပါလက်စတိုင်းတို့၏သေဆုံးမှုဦးရေ တိုးပွားလာသကဲ့သို့ ပဋိပက္ခသည်လည်း ပိုမိုရှည်ကြာစေခဲ့သည်။ ❖**

ပါလက်စတိုင်း-အစ္စရေးပြဿနာသည် ခုနစ်လကျော်လွန်ခဲ့ပြီး နှစ်ဖက်သေဆုံးမှုများလည်း တိုးမြင့်လာသည်ကို တွေ့ရှိရသည်။ ၎င်းပြဿနာတွင် အမေရိကန်၏ ဗီတိုအာဏာကို ထပ်ခါတလဲလဲအသုံးပြုခြင်းသည် တာဝန်သိအင်အားကြီးနိုင်ငံ၏ အခန်းကဏ္ဍနှင့်မကိုက်ညီကြောင်း တရုတ်သံတမန်တစ်ဦးက ယခုနှစ် မေ ၁ ရက်တွင် ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံသည် ၎င်းကိုစွဲရပ်နှင့်ပတ်သက်၍ ဗီတိုအာဏာသုံးစွဲမှု ကြိမ်ဖန်များစွာပြုလုပ်ခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသတွင် လက်ရှိပဋိပက္ခဖြစ်ပွားပြီးကတည်းက အမေရိကန်နိုင်ငံသည် ကုလသမဂ္ဂတွင် ၎င်း၏ဗီတိုအာဏာကို ငါးကြိမ်တိုင်တိုင်အသုံးပြုခဲ့ပြီး ၎င်းတို့အနက် လေးခုသည် ဂါဇာတွင် အပစ်အခတ်ရပ်စဲရေးကို တားမြစ်ထားခြင်းဖြစ်သည်။

အမေရိကန်၏ နောက်ဆုံးဗီတိုအာဏာသည် ပါလက်စတိုင်း၏ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ်အပြည့်အဝပါဝင်ခွင့်ကို တစ်ခုတည်းသောဗီတိုအာဏာဖြင့်ပိတ်ပင်ထားသည်ဟု ကုလသမဂ္ဂဆိုင်ရာ တရုတ်နိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ် ဖူကွန်းက ပြောကြားခဲ့သည်။ ၎င်း၏ကိုယ်ပိုင်အကျိုးစီးပွားနှင့် ပထဝီဝင်နိုင်ငံရေးထည့်သွင်းစဉ်းစားမှုများအပေါ် အခြေခံ၍ လုပ်ဆောင်ခြင်းနှင့်အတူ တာဝန်သိအင်အားကြီးနိုင်ငံ၏အခန်းကဏ္ဍနှင့် မလျော်ညီသောနည်းလမ်းဖြင့် အမေရိကန်နိုင်ငံသည် ဗီတိုအာဏာကိုထပ်ခါတလဲလဲ အသုံးပြုခဲ့သည်ဟု ဖူကွန်းက ကုလသမဂ္ဂအထွေထွေညီလာခံအစည်းအဝေးတွင် ပြောဆိုခဲ့သည်။

**ပါလက်စတိုင်း၏ ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်ရေးကို ပိတ်ပင်မှု**

စစ်ပွဲကိုရပ်တန့်ရန်နှင့် ဂါဇာရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးကို လျော့ပါးသက်သာစေရန်အတွက် အပြုသဘောဆောင်သောအခန်းကဏ္ဍမှပါဝင်ရန် အမေရိကန်အနေဖြင့် ရည်မှန်းချက်နှင့်ဘက်မလိုက်သောရပ်တည်ချက်ကို အမှန်တကယ်ထောက်ခံပြီး တရားမျှတမှုအတွက် နိုင်ငံတကာအသိုက်အဝန်းတွင် ပူးပေါင်းပါဝင်မည်ဟုမျှော်လင့်ကြောင်း ဖူကွန်းက ပြောကြားခဲ့သည်။ ပါလက်စတိုင်း-အစ္စရေးပဋိပက္ခသည် ဆယ်စုနှစ် ခုနစ်ခုကျော်ကြာမြင့်ခဲ့ပြီး ပါလက်စတိုင်းမျိုးဆက်များသည် အိုးအိမ်များဆုံးရှုံးကာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီးဖြစ်သည်။

လွတ်လပ်သောနိုင်ငံထူထောင်ရေးသည် ပါလက်စတိုင်းပြည်သူများ၏ ကာလရှည်လိုလားခဲ့သောဆန္ဒဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ် အပြည့်အဝပါဝင်မှုသည် ဤသမိုင်းဝင်လုပ်ငန်းစဉ်တွင် အရေးကြီးသောခြေလှမ်းတစ်ရပ်ဖြစ်သည်။ ပါလက်စတိုင်းပြည်သူများ၏ဆယ်စုနှစ်များစွာကြာရှိခဲ့သည့် အိပ်မက်ကို အမေရိကန်က ယခုနှစ် ဧပြီ ၁၈ ရက်တွင် ဗီတိုအာဏာဖြင့် အညှာအတာမဲ့စွာ ဖြိုခွင်းခဲ့သောကြောင့် တရုတ်နိုင်ငံအနေဖြင့် အလွန်စိတ်ပျက်မိသည်ဟု ဖူကွန်းက ပြောကြားခဲ့သည်။

ပါလက်စတိုင်းတို့သည် ၂၀၁၁ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ် အပြည့်အဝပါဝင်ခွင့်လျှောက်လွှာကို တရားဝင်တင်သွင်းခဲ့သည်။သို့သော်လည်း အဖွဲ့ဝင်တချို့၏ကန့်ကွက်မှုကြောင့် လုံခြုံရေးကောင်စီ၏လုပ်ဆောင်ချက်ကို ထိုအချိန်က ရပ်ဆိုင်းထားခဲ့သည်။ လွန်ခဲ့သည့် ၁၃ နှစ်အတွင်း ပါလက်စတိုင်းပြည်သူများ၏ ဆင်းရဲဒုက္ခများ ပိုမိုဆိုးရွားလာချိန်တွင် နှစ်နိုင်ငံဖြေရှင်းမှု (Two States Solution) နိုင်ငံရေးအလားအလာများ ယိုယွင်းလာခဲ့ကြောင်း ဖူကွန်းက ဆိုခဲ့သည်။

ထိုသို့သောအခြေအနေမျိုးတွင် ပါလက်စတိုင်းကို ကုလသမဂ္ဂ၏အပြည့်အဝအဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံခြင်းသည် အစ္စရေးနှင့်တန်းတူညီမျှသော အဆင့်အတန်းကိုရရှိစေရေးဖြစ်သည်။ ထို့ပြင် ပါလက်စတိုင်းနိုင်ငံနှင့် နှစ်နိုင်ငံဖြေရှင်းချက်ကို အကောင်အထည်ဖော်မည့် နိုင်ငံတကာအာမခံချက်ပေးရန် နိုင်ငံတကာအသိုက်အဝန်းက မဖြစ်မနေလုပ်ဆောင်ရမည့် အရေးတကြီးတာဝန်တစ်ရပ်လည်းဖြစ်သည်ဟု ဆိုသည်။

နှစ်နိုင်ငံဖြေရှင်းချက်ကို အကောင်အထည်ဖော်ခြင်းသည် အရှေ့အလယ်ပိုင်းပြဿနာ၏ အခြေခံနည်းလမ်းဖြစ်သည်။ နှစ်နိုင်ငံဆက်ဆံရေး၏ နိုင်ငံရေးဦးတည်ချက်များ ပြန်လည်အသက်ဝင်လာစေရန်အတွက် နိုင်ငံတကာသံတမန်ရေးရာကြိုးပမ်းမှုများ ပိုမိုပြုလုပ်ရန် တရုတ်နိုင်ငံက တောင်းဆိုထားသည်။ ပါလက်စတိုင်း၏ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ် အပြည့်အဝပါဝင်ခွင့်ရရေး လုံခြုံရေးကောင်စီ၏ စောစီးစွာပြန်လည်သုံးသပ်မှုကို တရုတ်နိုင်ငံကထောက်ခံပြီး နိုင်ငံတစ်နိုင်ငံချင်းစီက အတားအဆီးများရပ်တန့်သွားစေရန်မျှော်လင့်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ပါလက်စတိုင်းနှင့် အစ္စရေးတို့၏ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ အရှေ့အလယ်ပိုင်းတွင် ထာဝရငြိမ်းချမ်းရေးနှင့် ပါလက်စတိုင်းအရေးကိစ္စအတွက် ဘက်စုံတရားမျှတပြီး ရေရှည်တည်တံ့သော အဖြေတစ်ခုရရှိရန် တရုတ်နိုင်ငံအနေဖြင့် အင်အားစုအားလုံးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖူကွန်းက ပြောကြားခဲ့သည်။

**ဗီတိုအာဏာသုံးစွဲမှုကြောင့်ဆိုးဝါးလာသည့် ပဋိပက္ခ**

အရှေ့အလယ်ပိုင်းပဋိပက္ခအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေးအတွက် အာရပ်နိုင်ငံတချို့နှင့် တရုတ်နှင့် ရုရှားတို့က တောင်းဆိုမှုကို အမေရိကန်က ၂၀၂၃ ခုနှစ်ကတည်းက သုံးကြိမ်တိုင်ပယ်ချခဲ့ပြီးဖြစ်သည်။ ယခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်ကလည်း အာရပ်နိုင်ငံများက ရေးဆွဲတင်ပြခဲ့သည့်အစီအစဉ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် ၁၃ နိုင်ငံက ထောက်ခံခဲ့ပြီး အမေရိကန်က ဗီတိုအာဏာဖြင့်ပယ်ချကာ အခြားတစ်နိုင်ငံက ကြားနေရပ်တည်ခဲ့သည်။ ထိုသို့ ဗီတိုအာဏာဖြင့် ပယ်ချခဲ့မှုများကြောင့် ဂါဇာကမ်းမြောင်ဒေသတွင် တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွားပြီး ပါလက်စတိုင်းတို့၏သေဆုံးမှုဦးရေ တိုးပွားလာသကဲ့သို့ ပဋိပက္ခသည်လည်း ပိုမိုရှည်ကြာစေခဲ့သည်။ ယခုနှစ် မတ် ၂၁ ရက်တွင် အမေရိကန်က ဖားစာခံများကို ခြွင်းချက်မရှိလွှတ်ပေးရေး၊ အပစ်အခတ်ချက်ချင်းရပ်စဲရေး၊ အရပ်သားများကို ကာကွယ်ပေးရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများပံ့ပိုးပေးရေးတောင်းဆိုသည့် ဆုံးဖြတ်ချက်အဆိုတင်သွင်းခဲ့ရာ တောင်းဆိုချက်များသည် မျှတသည့်အချက်များပါဝင်ခြင်းမရှိဟုဆိုကာ ရုရှားနှင့်တရုတ်တို့ကပြန်လည်ပယ်ချခဲ့သည်။

**ကိုယ်စားစစ်နှံ့နှစ်ဖက်ရင်ဆိုင်နေရသည့်အမေရိကန်**

အမေရိကန်သည် ရုရှား-ယူကရိန်းပဋိပက္ခတွင် ယူကရိန်းကို နိုင်ငံရေး၊ စစ်ရေးနှင့် စီးပွားရေးဆိုင်ရာ အဓိကထောက်ပံ့ပေးသည့်နိုင်ငံဖြစ်သည်။ ပဋိပက္ခစတင်ဖြစ်ပွားပြီးနောက်တွင်လည်း စစ်လက်နက်ပစ္စည်းအများဆုံးထောက်ပံ့လျက်ရှိသည့် နိုင်ငံဖြစ်သည်။ ထိုသို့ထောက်ပံ့ရာတွင် မဟာမိတ်နိုင်ငံများရှိ ခေတ်ဟောင်းစစ်လက်နက်ပစ္စည်းများ၊ ဆိုဗီယက်ခေတ်လုပ်စစ်လက်နက်ပစ္စည်းများကို တစ်ဆင့်ခံဝယ်ယူထောက်ပံ့ခြင်းများကို အဓိကပြုလုပ်ပြီး ၎င်းတို့အတွက် အစားထိုးမည့်စစ်လက်နက်ပစ္စည်းသစ်များကို အမေရိကန်ကာကွယ်ရေးကန်ထရိုက်တာများက ထုတ်လုပ်ပေးသွင်းစေသည်။ ထိုသို့လုပ်ဆောင်မှုသည် အမေရိကန်ကာကွယ်ရေးကန်ထရိုက်တာများအတွက် အကျိုးများစွာဖြစ်ထွန်းစေသော်လည်း စစ်လက်နက်ပစ္စည်းထုတ်လုပ်မှုအတွက် အကျပ်အတည်းများဖြစ်ပေါ်စေသည်။

အစ္စရေး-ပါလက်စတိုင်းပဋိပက္ခတွင်လည်း အမေရိကန်သည် အစောပိုင်း၌ အစ္စရေးတို့ကို စစ်လက်နက်ပစ္စည်းများ၊ အဓိကအားဖြင့် တိကျပဲ့ထိန်းဗုံးများ ထောက်ပံ့ပေးခဲ့သည်။ သို့ရာတွင် အီရန်နှင့် အစ္စရေးတို့၏ အပြန်အလှန်တိုက်ခိုက်မှုနှင့် အစ္စရေးက ဂါဇာရှိ ရာဖာဒေသကို ထိုးစစ်အားပြုလုပ်ရန် ပြင်ဆင်ချိန်တွင် အမေရိကန်တို့အတွက် အကျပ်ရိုက်စေခဲ့သည်။ အမေရိကန်အနေဖြင့် ဒေသတွင်းရှိ အဓိက မဟာမိတ် အစ္စရေးအတွက် လုံခြုံရေးအထောက်အပံ့ပေးရန် ကတိကဝတ်ပြုထားရုံမက နှစ်စဉ် အမေရိကန်ဒေါ်လာ သုံးဘီလီယံတန်ဖိုးရှိ စစ်လက်နက်ပစ္စည်းများကိုလည်း ပံ့ပိုးလျက်ရှိသည်။ ယခုနှစ် ဧပြီလအတွင်းကပင် အစ္စရေး၊ ယူကရိန်းနှင့် တရုတ်(ထိုင်ဝမ်)အတွက် ဒေါ်လာဘီလီယံများစွာထောက်ပံ့ရေး အတည်ပြုခဲ့သည်။

ယခုအခါ အစ္စရေးတို့အတွက် ထောက်ပံ့မှုများ ဆက်လက်ပြုလုပ်ပါက ပါလက်စတိုင်းတို့နှင့် ဖြစ်ပွားသည့်ပဋိပက္ခသည် ကမ္ဘာတစ်ဝန်းသို့ ဆက်လက်ပျံ့နှံ့ပြီး အမေရိကန်တို့အတွက် ပိုမိုအကျပ်အတည်းရင်ဆိုင်ရစေမည်ဖြစ်သည်။ အဓိကအားဖြင့် နိုဝင်ဘာလတွင်ကျင်းပမည့် ရွေးကောက်ပွဲသည် ဒီမိုကရက်ပါတီအတွက် အဓိကရှုန်းကန်နေရသည်။ တစ်ဖက်၌လည်း စစ်ရေးထောက်ပံ့မှုရပ်တန့်ရေး ဆန္ဒပြမှုများနှင့် ရင်ဆိုင်နေရသည်။ ထို့ကြောင့် ကိုယ်စားစစ်ပမာဆင်နွှဲနေရသည့် အမေရိကန်သည် ယူကရိန်း-ရုရှားပဋိပက္ခနှင့် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခအတွက် စစ်နွံနစ်သကဲ့သို့ ဖြစ်လာနေခြင်းဖြစ်ပြီး နိုင်ငံတော်ကြွေးမြီလည်းမြင့်တက်လာနေသည်။

**အလှမ်းဝေးနေသည့် ငြိမ်းချမ်းရေးအရိပ်အယောင်**

အစ္စရေးနှင့်ဟားမတ်စ်တို့သည် ဂါဇာတွင် ခုနစ်လကြာ တိုက်ပွဲများဖြစ်ပွားလျက်ရှိပြီး လူသောင်းနှင့်ချီသေဆုံးကာ ပါလက်စတိုင်းတစ်သန်းကျော်သည် ၎င်းတို့၏နေအိမ်များမှ စွန့်ခွာခဲ့ရသည်။ ဟားမတ်စ်အဖွဲ့သည် ကာတာနှင့် အီဂျစ်ဖျန်ဖြေသူများနှင့် ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ခဲ့သည်။ သို့သော်လည်း အောင်မြင်မှုမရရှိသေးပေ။ အစောပိုင်းတွင် ပါလက်စတိုင်းအဖွဲ့သည် အစ္စရေး၏ရန်လိုမှုကို အဆုံးသတ်ရန်နှင့်ဂါဇာမှ အစ္စရေး၏ဆုတ်ခွာရေးကို အာမခံပေးမည့်အလုံးစုံအပစ်အခတ်ရပ်စဲရေးကို လိုလားကြောင်း၊ အစ္စရေးရှိ ရာနှင့်ချီသည့်ပါလက်စတိုင်းအကျဉ်းသားများကို လဲလှယ်ပေးစေလိုကြောင်း ဟားမတ်စ်ခေါင်းဆောင်အစ္စမေးလ်ဟာနီယက်က ပြောကြားခဲ့သည်။ ယခုအခါ ဆွေးနွေးမှုများပျက်ပြယ်ခဲ့သည်။

ပထမပိုင်းတွင် ဂါဇာကမ်းမြောင်မှ အစ္စရေးတပ်ဖွဲ့အားလုံးကို ဖယ်ရှားရန်၊ စစ်ပွဲကို အဆုံးသတ်ပြီး ဟားမတ်စ်တို့ကို အာဏာလွှဲပေးရန်တောင်းဆိုချက်များကို ဟားမတ်စ်တို့က ပြုလုပ်ခဲ့ပြီး ၎င်းတောင်းဆိုချက်များကို အစ္စရေးအနေဖြင့် လက်ခံနိုင်ခြင်းမရှိဟု နေတန်ယာဟုက ပြောကြားခဲ့သည်။ ဂါဇာ-အီဂျစ်နယ်စပ်အနီးရှိ ရာဖာတွင် မြေပြင်ထိုးစစ်ဆင်ရန် နေတန်ယာဟုက အကြိမ်ကြိမ်ပြောကြားခဲ့သည်။ အစ္စရေးကို အဓိကလက်နက်ပံ့ပိုးပေးသည့် အမေရိကန်က ရာဖာတိုက်ခိုက်မှုအသစ်ကို ပြင်းပြင်းထန်ထန်ဆန့်ကျင်ကြောင်း ပြောကြားထားသည်။

ငြိမ်းချမ်းရေးဆွေးနွေးရန် လုပ်ဆောင်သည့်တိုင် အစ္စရေးနှင့် ဂါဇာကမ်းမြောင်ဒေသကြားရှိ နယ်စပ်ဖြတ်ကျော် ကာရမ်ရှာလမ်တွင် ယခုနှစ် မေ ၅ ရက် အစောပိုင်းက ဟားမတ်စ်တို့မှ ဒုံးကျည် ၁၄ စင်း ပစ်လွှတ်တိုက်ခိုက်ခဲ့မှုကြောင့် အစ္စရေးစစ်သည် သုံးဦးသေဆုံးကာ ဒါဇင်နှင့်ချီ၍ ဒဏ်ရာရရှိခဲ့သည်ဟု အစ္စရေးစစ်တပ်က ပြောကြားခဲ့သည်။ ပါလက်စတိုင်း ဟားမတ်စ်အဖွဲ့၏ လက်နက်ကိုင်အဖွဲ့က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုသည် ၎င်းတို့၏လက်ချက်ဖြစ်သည်ဟုဆိုခဲ့သည်။ ထို့နောက် အစ္စရေးအာဏာပိုင်များက ဂါဇာသို့ အကူအညီများပေးပို့ရာတွင် အဓိကကျသောလမ်းကြောင်းများအနက်မှ တစ်ခုဖြစ်သည့် ကာရမ်ရှာလမ်နယ်စပ်ဖြတ်ကျော်မှုကို ပိတ်ပစ်ခဲ့ပြီး ဟားမတ်စ်တို့၏ နေရာ ၁၂၂ ခုကို တန်ပြန်တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးသည် အလှမ်းဝေးနေဆဲဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် အစ္စရေး-ပါလက်စတိုင်း (ဟားမတ်စ်)စစ်ပွဲသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က စတင်ခဲ့ပြီး ယနေ့အချိန်တွင် ခုနစ်လကျော်လွန်လာခဲ့ပြီဖြစ်သည်။ အစ္စရေးဘက်မှ လူဦးရေ ၁၄၀၀ ခန့် သေဆုံးသကဲ့သို့ ဟားမတ်စ်တို့ဘက်တွင်လည်း လူဦးရေ ၃၄၆၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ ပဋိပက္ခပြေလည်စေရေးအတွက် ဒေသတွင်းနိုင်ငံများအပြင် တရုတ်၊ ရုရှားတို့ကဲ့သို့သော အင်အားကြီးနိုင်ငံများက ကြိုးပမ်းခဲ့သည့်တိုင် အမေရိကန်က ဗီတိုအာဏာသုံးစွဲပယ်ချမှုများကြောင့် အစ္စရေး-ပါလက်စတိုင်းငြိမ်းချမ်းရေးသည် အလှမ်းဝေးစေခဲ့ကြောင်း တွေ့ရှိရသည်။ သမိုင်းကြောင်းနှင့်ချီ၍ နှစ်ကာလရှည်လျားစွာ အဆုံးမသတ်နိုင်ဖြစ်လျက်ရှိသော အစ္စရေး-ပါလက်စတိုင်းပဋိပက္ခသည် အင်အားကြီးနိုင်ငံများ၏ပါဝင်ပတ်သက်မှုများနှင့်အတူ ငြိမ်းချမ်းရေးအလှမ်းဝေးနေဆဲဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- U.S. use of veto on Palestine does not match role of responsible power: Chinese envoy, Xinhuanet, May 2024.

**နေရှား(သုတေသန)**

# SAC Chairman Prime Minister Senior General Min Aung Hlaing receives Deputy Director General of Roscosmos State Space Corporation and party of Russian Federation



Senior General Min Aung Hlaing receives the delegation led by Deputy Director General of Roscosmos State Space Corporation Mr. Savelyev Sergey Valentinovich of the Russian Federation.


**Nay Pyi Taw May 19**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received a delegation led by Deputy Director General of Roscosmos State Space Corporation Mr. Savelyev Sergey Valentinovich of the Russian Federation at the parlour of Zeyathiri Beikman on Konmyintttha of Yangon Region this afternoon.

Also present at the ceremony together with the Senior General were SAC Joint-Secretary Lt-Gen Ye Win Oo, Council member Lt-Gen Nyo Saw, Union Minister at the SAC Chairman Office Ministry (1) Admiral Moe Aung, Union Minister for Science and Technology Dr Myo Thein Kyaw and officials. The Deputy Director General of Roscosmos State Space Corporation of the Russian Federation was accompanied by Russian Ambassador to Myanmar H.E. Mr Iskander Azizov and delegation members.

At the meeting, both sides cordially exchanged views on enhancement of cooperation in aerospace technology between Myanmar and Russia, development of human resources, and sending of students from Myanmar to the Russian Federation to study aerospace technology.

After the meeting, the Senior General and the Deputy Director General of Roscosmos State Space Corporation of the Russian Federation exchanged gifts and they had documentary photos taken. 100



Senior General Min Aung Hlaing shakes hands with Deputy Director General of Roscosmos State Space Corporation Mr. Savelyev Sergey Valentinovich of the Russian Federation.

# Minkin Township harvests 2,045 acres of soybeans in successful winter crop season

**Minkin May 19**

According to statistics from the Department of Agriculture in the Minkin Township, Kalay District, Sagaing Region, 2,045 acres of soybeans planted during the winter crop planting season have been successfully harvested.

During the 2023-2024 winter crop planting season, the harvesting of soybean in Minkin Township began in February. So far, 2,045 acres have been harvested, yielding an average of 15.41 baskets per acre.

"During the winter crop planting in Minkin Township, 2,045 acres of soybeans were planted. Currently, all acres have been harvested. We have the capacity to plant more than the allotted acres. We also provide education to ensure there are no pests and encourage farmers to obtain the necessary seeds and knowledge," said Daw Hey Marn Kyaw Win, head of Minkin Township's Department of Agriculture.

For the 2023-2024 winter crop planting season, 1,941 acres of soybean were planned for planting in Minkin Township, and they were planted from October 2023 to December 2023.

In the previous 2022-2023 winter crop planting season, soybeans were planted from October 2022 to December 2022, cultivating up to 1,941 acres. Efforts were made to ensure the use of clean seed varieties, proper planting methods, pest control, and the correct use of fertilizers to improve yield.

More than 260,000 acres of beans and puli are planted annually in the Sagaing Region and oil crops cover over 2.3 million acres. Pulses are the most cultivated in the region, accounting for 27% of all cultivated acres. According to the Sagaing Region Agriculture Department office, oil crops are the second largest (25%) in terms of cultivated acreage, followed by paddy (22%). 206

# Rainstorms, floods kill 50 in west Afghanistan

**Firoz Koh May 19**

At least 50 people have been killed, with 10 others missing, in the past 24 hours in west Afghanistan's Ghor Province, a local official said Saturday.

Floods engulfed the province's Shahrak, Dulina, Laal and Sarjangal districts, with 2,000 residential houses and 2,500 shops destroyed, Abdulrahman Badres, the provincial police spokesman, said.

Another seven people were killed in Ghor during the flash floods that lashed the province and other regions in Afghanistan on May 10, spokesman of Ghor's governor Abdul Wahid Hamas said.

Downpours and floods also blocked the road of Ghor's neighboring provinces of Herat and Farah.

Afghanistan has been experiencing heavy rains and floods in the past month, causing casualties and property damage. Xinhua



This photo taken on May 18, 2024 shows the flood-hit area in Firoz Koh in west Afghanistan's Ghor province.

# Wildfires sweep across Finland, straining rescue services

**Helsinki May 19**

By Saturday afternoon, Finnish rescue services had responded to a total of 21 wildfire incidents across the country, highlighting the widespread impact of the recent dry conditions.

According to the national broadcaster Yle, incidents have been reported in several regions while notable large-scale fires have been reported in western Ilmajoki and central Keuruu.

In Ilmajoki, a wildfire that started in a peat production area spread to a nearby forest on Saturday afternoon. While the fire in the peat area has been mostly extinguished except for a few smoldering spots, efforts to control the forest fire continue.

The fire has affected an area of 9-10 hectares, and the cause remains unknown. The South Ostrobothnia Rescue Department has deployed 18 units to the scene.

In Keuruu, Central Finland, a fire ignited by a controlled burn for forest management spread across three hectares. The fire has been contained, with 20 units from Central Finland, South Ostrobothnia, and Pirkanmaa rescue services responding. Xinhua

# Halfway milestone: Mandalay-Thaphanhtaunt-Myinmu waterway gets 50% of water guide signs installed



A navigation sign erected by the Ayeyawady River bank.

**Mandalay May 19**

Authorities completed 50% of the installation of water guide signs along the Mandalay-Thaphanhtaunt-Myinmu waterway during this month, according to U Ye Tun Lin Aung, Assistant Director of Navigation Department of Region-5, the Directorate of Water Resources and Improvement of River Systems for Mandalay Region.

Since May 12, 100 floating navigational markers and 100 coastal navigational markers have been planned to install to ensure safe navigation of ships along the Mandalay-Thaphanhtaunt-Myinmu waterway in Ayeyawady River.

Similarly, the river water conditions measured by the Department of Meteorology and Hydrology at 6:30 am on May 15 were 283 cm in Myitkyina, 401 cm in Bhamo, 287 cm in Shweku, 355 cm in Katha, and 396 cm in Mandalay.

Similarly, due to the period of high water in the Ayeyawady River, there are changes in the water flow in the Ayeyawady River, so passenger and cargo ships traveling along the Mandalay-Thaphanhtaunt-Myinmu route need to be especially careful.

184

# Shwebo Township completes harvesting of onion and garlic

**Shwebo May 19**

According to Shwebo Township Agriculture Department, a total of 2,341 acres of onion and garlic plantations have been harvested in Shwebo Township of Sagaing Region.

After harvesting, onion yielded 4,478.93 viss per acre on 2,313 acres of onion and 2,869.75 viss per acre of garlic on 28 acres of land in Shwebo Township in 2023-24 financial year.

"Shwebo Township cultivated 2,341 acres of onion and garlic as cold season crops. Local farmers are reaping the crops. Their yields are high. Out department creates market links for local farmers to get good prices of onion and garlic," said U Hsan Oo, Head of Township Agriculture Department.

In 2023-24 financial year, Shwebo Township earmarked 2,210 acres of onion and 35 acres of garlic but local farmers planted 2,313 acres of onion and 28 acres of garlic, totalling 2,341 from October to December 2023.

Local farmers cost some K1.8 million per acre of onion and K1.5 million per acre of garlic.

206



Newly harvested onions.

# Mountain white mustard sales thrive in Thiri Mala Green Wholesale Market in Mandalay

**Mandalay May 19**

The sales of white mustard from the mountainous areas are food in Thiri Mala Green Wholesale Market in Aungmyethazan District of Mandalay, according to the stalls in the market.

At the moment, five to six 6-wheeled trucks regularly enter the Thiri Mala Green Market in Mandalay, where white mustard from PyinOoLwin and Ywangan areas regularly enter daily. At present, the price of one bag of white mustard weighted between 22 and 27 visses is between 35,000 and 40,000 kyats, said U Aung Moe Naing, owner of Aung wholesale center in Mandalay.

"Currently, white mustard is only coming from the PyinOoLwin and Ywangan areas. As it enters, sales are good. Farmers look at the weather and plant less. On a normal day, 5 or 6 trucks enter the market. The rest of the regions have not yet produced. The vegetables entering the market have good sales. The sellers and buyers are also comfortable. Therefore, the farmers are doing well because the sales are good," he said.

185

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 10,000 acres of lablab bean reaped in Monywa District

**Monywa May 19**

Monywa District Agriculture Department stated that a total of 11,192 acres of lablab bean has been harvested in Monywa District of Sagaing Region.

So far, Monywa Township reaped 5,563 acres of lablab bean, Budalin Township 4,303 acres, Ayadaw Township 106 acres and ChaungU Township 1,220 acres, totalling 11,192 acres. The bean yielded 16.26 baskets per acre.

Daw San San Myint, Head of Monywa District Agriculture Department, said: "Monywa District planted 11,192 acres of lablab bean in cold season. At present, all plantations have been harvested. Our department helped local farmers use quality strains of crops, inputs, post-harvest technology and others."

Local farmers started cultivation of lablab bean on 11,192 acres of croplands exceeding the target of 11,072 acres in Monywa District in 2023-24 financial year.

Relevant township agriculture department educated local farmers to expand sown acreage of lablab bean, to try hard to increase per-acre yield, and use GAP system and high yield strains.

206



A lablab bean plantation.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ကမ္ဘောဒီးယား စစ်ရေးလေ့ကျင့်မှုတွင် တရုတ်နိုင်ငံက စက်သေနတ်တပ်ဆင်ထားသော စက်ရုပ်ခွေးများ ထုတ်ဖော်ပြသခဲ့



ကမ္ဘောဒီးယားတပ်ဖွဲ့များနှင့် အကြီးမားဆုံး စစ်ရေးလေ့ကျင့်မှုတွင် တရုတ်စစ်ဘက်သည် စက်သေနတ်တပ်ဆင်ထားသော စက်ရုပ်ခွေးများကို မေ ၁၆ ရက်တွင် ထုတ်ဖော်ပြသခဲ့သည်ဟု The Defense Post သတင်းဌာနက မေ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နိုင်ငံ၏ ခိုင်မာသော ကာလရှည်ကြာစွာ မဟာမိတ်နိုင်ငံအဖြစ် ရင်းနှီးမြှုပ်နှံမှုတွင် အမေရိကန်ဒေါ်လာဘီလီယံနှင့်ချီ၍ လက်တွဲဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ဒေသတွင်းသြဇာချဲ့ထွင်ရန် ထိုင်းပင်လယ်ကွေ့တွင် အဆင့်မြှင့်တင်နေသော ကမ္ဘောဒီးယား ရေတပ်အခြေစိုက်စခန်း အသုံးပြုမည်ကို အမေရိကန်နိုင်ငံက စိုးရိမ်မှုများ တိုးပွားလျက်ရှိသည်။

တရုတ်စစ်ဘက်မှ တပ်ဖွဲ့ဝင်ဦးရေ ၇၆၀ အပါအဝင် နှစ်နိုင်ငံတပ်ဖွဲ့ဝင်အင်အား ၂၀၀၀ ကျော်သည် ကွမ်ချန်းပြည်နယ်အလယ်ပိုင်း ဝေးလံခေါင်သီသော ဒေသရှိ လေ့ကျင့်ရေးဌာနချုပ်နှင့် ပရာစီဟာနုပြည်နယ် ပင်လယ်ပြင်ရေပိုင်နက်တို့တွင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

Golden Dragon ဟု အမည်ပေးထားသည့် ၁၅ ရက်ကြာ စစ်ရေးလေ့ကျင့်မှုတွင် တရုတ်နိုင်ငံမှ စစ်သင်္ဘော သုံးစီး၊ ရဟတ်ယာဉ် နှစ်စီး၊ တင့်၊ သံချပ်ကာယာဉ် ၆၉ စီးပါဝင်ပြီး တိုက်ရိုက်ပစ်ခတ်စဉ်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးလေ့ကျင့်မှုများ ပြုလုပ်လေ့ကျင့်ကြမည်ဖြစ်သည်။

စစ်ရေးလေ့ကျင့်မှုတွင် ထုတ်ဖော်ပြသထားသည့် စစ်လက်နက်ပစ္စည်းများတွင် ရိုဘိုဒေါ့ ဟုခေါ်သော အဝေးထိန်းခြေထောက်လေးခုပါ စက်ရုပ်များ၏ နောက်ကျော၌ အော်တိုမက်တစ်ရိုင်ဖယ်များ တပ်ဆင်ပေးထားသည်ကို တွေ့မြင်ခဲ့ကြရသည်။ ခွေးထိန်းများက ကြိုးမဲ့ဖြင့် ထိန်းကျောင်းထားပြီး လာရောက်ကြည့်ရှုလေ့လာသူ ဂျာနယ်လစ်များနှင့် ထိပ်တန်းကာကွယ်ရေးအရာရှိကြီးများကို လမ်းလျှောက်ခြင်း၊ စွမ်းဆောင်ရည်များသာ သရုပ်ပြသခဲ့ကာ ပစ်ခတ်တိုက်ခိုက်ရေး လုပ်ဆောင်မှုများ ပြသခဲ့ခြင်းမရှိပေ။ နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုဖွင့်ပွဲ အခမ်းအနားသို့ ကမ္ဘောဒီးယား ကာကွယ်ရေးဦးစီးချုပ် Vong Pisen ကိုယ်တိုင် တက်ရောက်ခဲ့ပြီး အကြမ်းဖက်ဝါဒကို တိုက်ဖျက်ရာတွင် တပ်မတော်နှစ်ရပ်စလုံး၏ စွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်သွားမည်ဟု ကတိပြုပြောကြားခဲ့ကြောင်း သိရသည်။

Vong Pisen က ကမ္ဘောဒီးယားသည် ၎င်း၏နယ်မြေတွင် နိုင်ငံခြားစစ်အခြေစိုက်စခန်းကို မည်သည့်အခါမျှ တပ်စွဲခွင့်မပြုကြောင်း ကမ္ဘောဒီးယားနိုင်ငံ ခေါင်းဆောင်များ၏ ယခင်ပြောဆိုချက်များအတိုင်း တစ်ထပ်တည်း ထုတ်ဖော်ပြောကြားခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံသည် အမေရိကန်နိုင်ငံ ရန်ပုံငွေဖြင့် တစ်စိတ်တစ်ပိုင်းတည်ဆောက်ခဲ့ပြီး အမေရိကန်စစ်ဘက်စစ်ရေးလေ့ကျင့်မှုများကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရာ ကမ္ဘောဒီးယားဆိပ်ကမ်းမြို့ Sihanoukville အနီးရှိ Ream ရေတပ်အခြေစိုက်စခန်းကို ဖျက်သိမ်းခဲ့ပြီးနောက် တရုတ်နိုင်ငံသည် အဆိုပါစခန်းကို ပြုပြင်မွမ်းမံရန် ရန်ပုံငွေကိုစိုက်ထုတ်၍ စတင်လုပ်ဆောင်လာခဲ့သည်။ အခြေစိုက်စခန်း ထပ်မံတိုးချဲ့ရန် စတင်လုပ်ဆောင်ခဲ့ပြီးနောက် အဆိုပါ Ream ရေတပ်စခန်းတွင် တရုတ်စစ်သင်္ဘော နှစ်စီး ပထမဆုံးအကြိမ် ဆိုက်ကပ်ခဲ့သည်။ Ream အခြေစိုက်စခန်းသည် တရုတ်နိုင်ငံဘက်က အငြင်းပွားနေသော တောင်တရုတ်ပင်လယ်အနီးရှိ ထိုင်းပင်လယ်ကွေ့တွင် အဓိကမဟာဗျူဟာမြောက် ရပ်တည်ချက်ကို ပိုင်ဆိုင်ထားနိုင်စေသည်ဟု အမေရိကန်က ပြောကြားခဲ့သည်။

Ream အခြေစိုက်စခန်းရှိ ၃၆၃ မီတာ (ပေ ၁၁၉၀) ရှည်လျားသည့် ဆိပ်ခံတံတားအသစ်သည် လေယာဉ်တင်သင်္ဘောများ ဆိုက်ကပ်ရန် ရည်ရွယ်ထားကြောင်း သတင်းထွက်ပေါ်ခဲ့မှုအပေါ် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ တာဝန်ရှိသူများက ငြင်းဆိုခဲ့သည်။ ယခုသီတင်းပတ်အစောပိုင်းတွင် ကမ္ဘောဒီးယားစစ်ဘက်ပြောရေးဆိုခွင့်ရှိသူ Thong Solimo က သတင်းထောက်များကို ၂၀၂၄ ခုနှစ် စစ်ရေးလေ့ကျင့်မှုသည် ပြုလုပ်ခဲ့သမျှတွင် အကြီးမားဆုံး လေ့ကျင့်မှုတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံဘက်က ကုန်ကျစရိတ်အားလုံးကို အစစအရာရာ တာဝန်ယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Ream ရေတပ်စခန်းတွင် ကျောက်ချရပ်နားထားသော တရုတ်စစ်သင်္ဘောနှစ်စီးသည် ကမ္ဘောဒီးယား ရေတပ်သားများကို လေ့ကျင့်သင်ကြားပေးရန်နှင့် ရှေ့နက်လေ့ကျင့်မှုများအတွက် ကြိုတင်ပြင်ဆင်ရန်ဖြစ်ကြောင်း ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြီးခဲ့သည့်သီတင်းပတ်က အတည်ပြု ပြောကြားခဲ့သည်။

**China Shows off Robot Dogs of War in Cambodia Drills ကို ဘာသာပြန်ဆို ထားပါသည်။**

## အီရန်နိုင်ငံက 3rd Khordad ဒုံးကျည်စနစ်ဖြင့် လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်



အစ္စလာမ့်တော်လှန်ရေး အစောင့်တပ် လေကြောင်းနှင့် အာကာသတပ်ဖွဲ့၏ အကြံပေး ဗိုလ်မှူးချုပ် Ali Reza Balali က ဒေသတွင်းရှိ အမေရိကန်တပ်ဖွဲ့များနှင့် ထိပ်တိုက်တွေ့ဆုံရာတွင် အဆင်သင့်ဖြစ်စေရန် 3rd Khordad စနစ်၏ရွေ့လျားစစ်ကစားနိုင်စွမ်းနှင့် နည်းဗျူဟာမြောက် ဒီဇိုင်းတို့ကို မေ ၁၃ ရက်က အီရန်သတင်းဌာန Fars News နှင့် တွေ့ဆုံမေးမြန်းခန်းတွင် အလေးပေးပြောကြားခဲ့သည်ဟု Army Recognition သတင်းဌာနက မေ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နှင့် အီရန်တို့ကြား တင်းမာမှုများသည် နိုင်ငံတကာအရေးတွင် ထင်ထင်ရှားရှား ဖြစ်ပေါ်နေသည်။ ဤအခြေအနေတွင် ဗိုလ်မှူးချုပ် Ali Reza Balali က အီရန်၏ ကာကွယ်ရေးစွမ်းရည် တိုးတက်ဖွံ့ဖြိုးမှုအသစ်ကို ထုတ်ဖော်ပြသခဲ့သည်။ အီရန်နိုင်ငံသည် အမေရိကန်လေယာဉ်များကို တန်ပြန်ရန်အတွက် အထူးထုတ်လုပ်ထားသည့် 3rd Khordad Tactical Air Defence System နည်းဗျူဟာမြောက် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ဖြင့် ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ထားခြင်းဖြစ်သည်။ အီရန်ထုတ် Khordad စနစ်၏ ထိရောက်မှုသည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်၏ RQ-4 Global Hawk ဒရုန်းတစ်စင်းကို ဟော်မုဇ်ရေလက်ကြားပေါ်၌ အောင်မြင်စွာ ကြားဖြတ်ဟန့်တားပစ်ချနိုင်ခဲ့ပြီးနောက် နိုင်ငံတကာ၏ အာရုံစိုက်မှုကို ရရှိခဲ့သည်။

Sevvom Khordad ဟုလည်းလူသိများသော 3rd Khordad စနစ်သည် ယာဉ်တင်၊ ရွေ့လျား၊ တာလတ်ပစ် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် IRGC တပ်ဖွဲ့၏ အောင်မြင်မှုများပြပွဲ၌ ပထမဆုံးထုတ်ဖော်ပြသခဲ့သည်။ အစပိုင်းတွင် အကွာအဝေး ၇၅ ကီလိုမီတာထိ တိုက်ပွဲဝင်နိုင်စွမ်းရှိပြီး နောက်ပိုင်းတွင် အီရန်နိုင်ငံ၏ ရေဒါနှင့် ဒုံးကျည်နည်းပညာပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးလာခဲ့သောကြောင့် ကီလိုမီတာ ၂၀၀ ထိ စွမ်းဆောင်ရည် တိုးမြှင့်နိုင်ခဲ့သည်။ လက်နက်စနစ်တွင် 9 Dey ဒုံးကျည် တပ်ဆင်ပစ်လွှတ်လာနိုင်မှုသည် Sevvom Khordad စနစ်၏ စစ်ဆင်ရေး စွမ်းရည်များကို ပိုမိုကျယ်ပြန့်စေပြီး ခြိမ်းခြောက်မှုများကို အကွာအဝေးစွမ်းရည်မြင့်မားစွာ တန်ပြန်လာနိုင်ခဲ့သည်။ လက်ရှိတွင် အစ္စလာမ့်တော်လှန်ရေးအစောင့်တပ်၏ လေကြောင်းနှင့်အာကာသတပ်ဖွဲ့၊ ဆီးရီးယားနိုင်ငံ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့တို့က တပ်ဖြန့်အသုံးပြုလျက်ရှိသည်။ အဆိုပါလက်နက်စနစ်ကို အီရန်နိုင်ငံသည် ရုရှားထံမှ S-300 လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် ထပ်မံလက်ခံရရှိခဲ့ခြင်း မရှိတော့သည့်နောက်ပိုင်း အီရန်တော်လှန်ရေးအစောင့်တပ်၏ ရေဒါလေ့လာရေးစင်တာက တီထွင်ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Sevvom Khordad စနစ်သည် ရုရှား Buk-M2EK ဘီးတပ် လေကြောင်းရန်ကာကွယ်ရေးစနစ်နှင့်ဆင်တူပြီး စစ်ဆင်ရေးဆိုင်ရာ သွင်ပြင်လက္ခဏာများသည် ရုရှားနိုင်ငံထုတ် Buk လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်အုပ်စုနှင့် အတော်များများ တူညီသည်။

**Iran Boosts Air Defense Capabilities with Fully Operational 3rd Khordad Missile System ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မုံရွာမြို့နယ်တွင် ဆောင်းသီးနံ့စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဆောင်းမြေပဲ ၆၇၅၃ ဧက နုတ်သိမ်းပြီးစီး



**မုံရွာ မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနံ့စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဆောင်းမြေပဲ ၆၇၅၃ ဧက နုတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနံ့စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၆၇၅၃ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၅ ဒသမ ၆၅ တင်း ထွက်ရှိကြောင်း သိရသည်။

"မုံရွာမြို့နယ် ဆောင်းသီးနံ့စိုက်ပျိုးရာသီမှာ ဆောင်းမြေပဲ ၆၇၅၃ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ စိုက်ခင်းတွေရာနှုန်းပြည့်နုတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်ဖြစ်ထွန်းတဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုကတော့ မိုးရာသီမှာထက်ဆောင်းရာသီမှာအများဆုံးစိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ဆီထွက်သီးနှံများစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

# ဖာပွန်မြို့နယ် ကမ္မမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု စစ်ဆေး

**ဖာပွန် မေ ၁၉**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖာပွန်မြို့နယ် ကမ္မမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကမ္မမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



ကမ္မမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၄၅ သိန်း ထုတ်ချေးပေးထားကြောင်း ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ဘိုဘို**

# အုတ်ဖိုမြို့နယ် အုန်းနဲ့ကုန်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို မေ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Shwe bank နှင့်ပူးပေါင်းကာ အုန်းနဲ့ကုန်းကျေးရွာ၌ Mobile Financial Payment စနစ်အသုံးပြု၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို မေ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က Mobile Financial Payment စနစ်အသုံးပြု၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်စီမံကိန်းချေးငွေများကို Mobile Financial Payment စနစ်ဖြင့်ထုတ်ချေးပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီနိုင်စေခြင်း၊ ငွေကြေးမသမာမှုများကြောင့် ဆုံးရှုံးနိုင်မှုလျော့နည်းစေခြင်းနှင့်အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကိုလျော့ချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် Manual Cash-Based စနစ်အစား Mobile Financial Payment စနစ်အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၅ ဦးကို ငွေကျပ် ၅၀ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် နှစ်သန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ်သုည ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊အသင်းသူ ၁၀၇ ဦးကို ငွေကျပ် ၅၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၉-၅-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧွှေဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၂၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၂၅ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



☆ **ကျောဖုံးမှအဆက်**

နေချင်းပြန် ပြည်တွင်း၊ ပြည်ပခရီးသွားများလည်း ဝင်ရောက်ခဲ့သည်။ အဆိုပါဧပြီလတွင် ရွှေစည်းခုံစေတီတော်သို့ ပြည်တွင်းခရီးသွား ၃၅၂၇၁၂ ဦး၊ ထူးဘုရားသို့ ဦးရေ ၁၉၈၉၀၀၊ လောကနန္ဒာဘုရားသို့ ၃၉၄၈၃ ဦးနှင့် ပုပ္ပားတောင်သို့ ပြည်တွင်း၊ ပြည်ပခရီးသွား ၃၂၀၃၁ ဦး ဝင်ရောက်ခဲ့သည်။ ခရီးသွား အများဆုံးဝင်ရောက်ရာ ရွှေစည်းခုံစေတီတော်သို့ ၂၀၂၂ ခုနှစ်တွင် ပြည်တွင်း၊ ပြည်ပခရီးသွား ၁ ဒသမ ၀၈ သန်း ဝင်ရောက်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ၂ ဒသမ ၄၇ သန်း ဝင်ရောက်ခဲ့၍ ပုဂံယဉ်ကျေးမှုဒေသသည် မြန်မာနိုင်ငံတွင် ခရီးသွားအများဆုံးဝင်ရောက်ရာ ဒေသတစ်ခုအဖြစ် ယနေ့တိုင်ရပ်တည်လျက်ရှိရာ ယခုနှစ်ခရီးသွားရာသီတွင် ပုဂံဒေသသို့ ထိုင်း၊ တရုတ်၊ ရုရှားနှင့် အမေရိကန်ခရီးသွားတို့ အများဆုံးဝင်ရောက်ခဲ့ကြောင်း သိရသည်။

"ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်တဲ့ ပုဂံဒေသမှာ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ပိုမိုဝင်ရောက်ပြီး ဆွဲဆောင်မှုရှိတဲ့ ခရီးစဉ်ဒေသတွေကိုလည်း ဖော်ဆောင်ထားတာရှိပါတယ်။ ပုဂံဝန်းကျင်မှာရှိတဲ့ ကျောက်မျက်မှော်ဘုရားနဲ့ ကျောက်ရေကန်ဆိုရင်လည်း ခရီးသွားမပြတ်လည်ပတ်နေပါတယ်။ နှစ်ပေါင်း ၉၀၀ ကျော်က ပန်းချီလက်ရာတွေရှိတဲ့ ဇီးဖိုလှကျေးရွာ သျှောင်ပေစူးဆံရစ်ထုံးဖွဲ့မှုရှိတဲ့ စက်စက်ယိုကျေးရွာနဲ့ လူထုအခြေပြုခရီးသွားလုပ်ငန်း ပြင်ဆင်ထားတဲ့ သဲပြင်တောကျေးရွာကို ပြည်တွင်း၊ ပြည်ပခရီးသွား မပြတ်လည်ပတ်နေပါတယ်။ နိုင်ငံခြားခရီးသွားတွေ သဲပြင်တောကျေးရွာကို သဘောကျတာက ရွှေနတ်တောင်စေတီကနေ နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားနိုင်လို့ပါ။ ပြီးတော့ နှစ်ပေါင်း ၂၀၀ ခန့်ရှိပြီဖြစ်တဲ့ ရှေးဟောင်းရုပ်စုံကျောင်းနဲ့ အဲဒီကျောင်းကြီးပေါ်မှာရှိတဲ့ ရှေးဟောင်းပစ္စည်းမျိုးစုံကိုလည်း စိတ်ဝင်တစားကြည့်ရှုလေ့လာလေ့ရှိပါတယ်။ တစ်ဆက်တည်းပဲ ထန်းတောင်သူတို့ရဲ့ ဘဝကိုလည်း လေ့လာနိုင်ပါတယ်။ လူထုအခြေပြုခရီးသွားလုပ်ငန်းရှိတဲ့ ကျေးရွာဖြစ်တာကြောင့် နိုင်ငံခြားခရီးသွားတွေသာမကဘဲ ပြည်တွင်းခရီးသွား အများဆုံးလည်ပတ်တဲ့ နေရာတစ်ခုဆိုရင်လည်း မမှားပါဘူး။ ဒီနှစ်နွေရာသီမှာ ပိုပြီးပူပေမယ့် ခရီးသွားမပြတ်ခဲ့ပါဘူး။ အပူရှိန်သာမပြင်းခဲ့ရင် ခရီးသွားဝင်ရောက်မယ့်သဘောပါ။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တို့ စုဝေးနေတဲ့ ပုဂံယဉ်ကျေးမှုဒေသဟာ ကျွန်တော်တို့နိုင်ငံအတွက် ဂုဏ်ယူလို့မဆုံးနိုင်တဲ့ ယဉ်ကျေးမှု ဒေသတစ်ခုလည်းဖြစ်ပါတယ်။ ပြီးတော့ ရှေးဟောင်းစေတီ၊ ထန်းပင်စုစုနဲ့ ရှေးဟောင်းရေကန်တို့ဟာ ပုဂံဒေသနဲ့ လိုက်ဖက်တဲ့ ရှေးဟောင်းအမွေအနှစ်တစ်ခုပါပဲ။ အထူးသဖြင့် နိုင်ငံခြားခရီးသွားတွေ ပိုပြီးနှစ်သက်ကြမှာပါ။ ဒါကြောင့် မနှစ်ကထက် ဒီနှစ်မှာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ခရီးသွားပိုပြီးဝင်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်က ပြောပြသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုဒေသသို့ ၂၀၂၃ ခုနှစ်ထက် ယခုနှစ် နှစ်ဆန်းပိုင်းတွင် ခရီးသွားမပြတ်ဝင်ရောက်ခဲ့ပြီး သင်္ကြန်ကာလ ဧပြီလ၌ အများဆုံးဝင်ရောက်ခဲ့ကာ မေလ အပူရှိန်ပြင်းထန်ချိန်၌ တစ်ရက်လျှင် ခရီးသွားဦးရေ ၇၀၀ မှ ၈၀၀ ခန့်နှင့် ရုံးပိတ်ရက်တို့၌ ဦးရေ ၁၀၀၀ ခန့်ထိ ခရီးသွားပြတ်လပ်မှုမရှိ ဝင်ရောက်ခဲ့ပြီး မိုးရာသီတွင် ခရီးသွားပြန်လည်စည်ကားမှုဖြင့် နှစ်ကုန်ပိုင်းထိ ခရီးသွားမပြတ်ကြောင်း သိရသည်။

ကမ္ဘာ့နိုင်ငံတို့တွင် မီးခိုးမထွက်ဘဲ နိုင်ငံအတွက် ဝင်ငွေရရှိနေသည့် ပြည်တွင်းခရီးသွားလုပ်ငန်းများကို ခရီးစဉ်ဒေသများစွာ ဖော်ဆောင်၍ ဆွဲဆောင်မှုများစွာဖြင့် နိုင်ငံခြားဝင်ငွေရရှိလျက်ရှိသည်။ မြန်မာနိုင်ငံတွင် သဘာဝရှုခင်းများ၊ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများ၊ သဘာဝတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ၊ သဘာဝရေအိုင်ကြီးများ၊ အဏ္ဏဝါအမျိုးသားဥယျာဉ်နှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသတို့ဖြင့် ခရီးစဉ်ဒေသများစွာ ကြွယ်ဝလျက်ရှိရာ ပုဂံဒေသတွင် လူထုအခြေပြုခရီးသွားလုပ်ငန်း များစွာရှင်သန်နေသည့်အပြင် မြန်မာတို့၏ ဖော်ရွေသောအပြုံး၊ ဧည့်ဝတ်ကျေသော ရိုးရာဓလေ့နှင့် ဖြူစင်သောနှလုံးသားတို့ကြောင့် ၂၀၂၄ ခုနှစ်သည် ၂၀၂၃ ခုနှစ်ထက် မြန်မာနိုင်ငံသို့ ခရီးသွားပိုမိုဝင်ရောက်လာမည်ဟု ခရီးသွားဝန်ဆောင်မှုလုပ်ငန်းရှင်များက ခန့်မှန်းထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့ဆေးရုံ(တိုက်ကြီး)ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပါမောက္ခချုပ် (ဆေးရုံအုပ်ကြီး/ကုသရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့်အတူ ယနေ့နံနက် ၉နာရီက ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူ့ဆေးရုံ(တိုက်ကြီး)ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဆောက်လုပ်ရေးအထူးအဖွဲ့(၂)မှ တာဝန်ယူဆောက်လုပ်နေသည့် တိုးချဲ့နှစ်ထပ်လူနာဆောင်သစ်အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်ခွဲခန်း၊ ဓာတ်မှန်ဆောင်၊ သွားနှင့်ခံတွင်းဌာန၊ ခွဲစိတ်ခန်း၊ ဆေးကုသဆောင်၊ ဆေးသိုလှောင်ခန်းများနှင့် ဆေးသိုလှောင်ခန်း၌ နိုင်ငံတော်၏ပံ့ပိုးမှုဖြင့် ဖြည့်ဆည်းထားရှိသော ဆေးဝါးများကို အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်သူ့ဆေးရုံ(တိုက်ကြီး) အစည်းအဝေးခန်းမ၌ တိုက်ကြီးမြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ မိခင်နှင့်ကလေး သေဆုံးနှုန်းကျဆင်းရေးကို အလေးထားဆောင်ရွက်ရန်၊ ရွှေ့ပြောင်းလုပ်သားများ စုဝေးနေထိုင်ရာနေရာများရှိ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို လစ်ဟင်းမှုမရှိစေရန်အတွက် အထူးစီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကာကွယ်ဆေးထိုးလုပ်ငန်းများကို လွှမ်းခြုံမှုအားကောင်းစေရေးနှင့် ကိုယ်ဝန်ဆောင်များ ပြည်သူ့ဆေးရုံများ၊ ကျေးလက် ကျန်းမာရေးဌာနခွဲများတွင် မွေးဖွားနိုင်ရေးတွန်းအားပေးဆောင်ရွက်ရန်၊ ပြည်သူလူထု စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်စေရန်နှင့် နိုင်ငံတော်အစိုးရက ပံ့ပိုးမှုများ ပြည်သူလူထု တိုက်ရိုက်ခံစားရရှိစေရန် စေတနာထားကြိုးစားဆောင်ရွက်ရန်၊ ပြည်သူများအကျိုးအတွက် ဆေးကုသရေးလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်စေရေးဆောင်ရွက်ပေးရန် မှာကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**နေပြည်တော် မေ ၁၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် တုံတာမြို့ အထွေထွေအုပ်ချုပ်ရေးခန်းမတွင် ပြည်သူများကို မြို့နယ်ဦးစီးမှူး ဦးဆောင်၍ အသက် ၁၀ နှစ်ပြည့် အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၂၇ ဦး၊ အသက် ၁၈ နှစ်ပြည့် အမျိုးသား ၁၅ ဦး စုစုပေါင်း ၇၅ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ် လက်ဝယ်အရောက် မြေပြင်ကွင်းဆင်း ဆောင်ရွက်ထုတ်ပေးပြီး အိမ်ထောင်စုလူဦးရေစာရင်းတွင် ကလေးမွေးတိုး ၁၀ ဦးတို့ကို အမည်ထည့်သွင်းပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**သဇင်(FM)**
**အသံလွှင့်အစီအစဉ်**

**၂၀-၅-၂၀၂၄ (တနင်္လာနေ့)**

၁။ ၀၈း၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၁၀း၄၆ Master Chef
၃။ ၁၃း၃၀ Live For You
၄။ ၁၅း၀၀ Fighting Music
၅။ ၁၇း၀၀ သွေးချင်းတို့ဌာနေ

# ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စေတီပုထိုးများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာ



နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လေကြောင်းလူငယ်မောင်မယ်များက ဖူးမြော်ကြည်ညိုပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



ရေကြောင်းလူငယ်မောင်မယ်များ နေပြည်တော် ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးတွင် လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။





နေပြည်တော် ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးနှင့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနီယလေးဌာနတွင် ရေကြောင်း၊ လေကြောင်းလူငယ်မောင်မယ်များက လှည့်လည်ဖူးမြော်ကြည်ညိုပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



လေကြောင်းလူငယ်မောင်မယ်များက ရတနာဆင်ဖြူတော်များထားရှိရာ အဆောင်များတွင် လှည့်လည်ကြည့်ရှုလေ့လာစဉ်။



နေပြည်တော် ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟမဟာဗောဓိစေတီတော်ကြီးနှင့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနီယလေးဌာနတွင် လေကြောင်းလူငယ်မောင်မယ်များက လှည့်လည်ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် မေ ၁၉**

နေပြည်တော်သို့ ရောက်ရှိနေသော ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၄)နှင့် အခြေခံနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၄)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများသည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စေတီပုထိုးများနှင့် အထင်ကရနေရာများသို့ သီးခြားစီ သွားရောက်လေ့လာခဲ့ကြသည်။

ရေကြောင်းလူငယ်မောင်မယ်များသည် နေပြည်တော် ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးနှင့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနီယလေးဌာနသို့ သွားရောက်လေ့လာ ဖူးမြော်ကြည်ညိုခဲ့ကြပြီး တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကာ သင်တန်းသားများ၏ သိရှိလိုသည်များ မေးမြန်းမှုကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

လေကြောင်းလူငယ်မောင်မယ်များသည် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးနှင့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနီယလေးဌာနသို့သွားရောက် လေ့လာဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။



နေပြည်တော်ရှိ စစ်သမိုင်း ပြတိုက်တွင် ရေကြောင်းလူငယ် မောင်မယ်များက လှည့်လည် ကြည့်ရှု လေ့လာစဉ်။

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ဖက် နဲ့ ဘက်

(ယမန်နေ့မှအဆက်)

ကဲ-"ဘက်"အကြောင်း ပြောရအောင်။ "ဘက်"မှာ အနက်မရှိဘူးလို့ ပြောခဲ့ပြီးပြီနော်။ "ဘက်" ရဲ့ အနက်အဓိပ္ပာယ်ကို သိချင်ရင်တော့ "ဖက်"မှာ ရှာရလိမ့်မယ်။ ဒီလိုဆိုတော့ "ဘက်" မှာလည်း ပေါင်းဖက်၊ ယှဉ်ဖက်၊ ပြိုင်ဖက် ဆိုတဲ့ အနက်ရှိတယ်ဆိုတဲ့ သဘောပဲပေ့ါ။ "ဘက်" လို့ အသံထွက်တဲ့အတိုင်း ရေးတဲ့ အသံစွဲအရေးပါပဲ။ ဒီနေရာမှာ ကြားဖြတ်ပြီး ရှင်းပြမှာထားချင်တာ ရှိပါသေးတယ်။ အနက်စွဲအရေး၊ အသံစွဲအရေးလို့ ကိုကြီး ပြောပြောနေတာဟာ အနက်စွဲအက္ခရာ၊ အသံစွဲအက္ခရာတွေကိုသုံးပြီး ရေးတာကို ဆိုလိုတာနော်။ အနက်စွဲ အရေးပဲဖြစ်ဖြစ်၊ အသံစွဲအရေးပဲဖြစ်ဖြစ် ရေးတဲ့အက္ခရာအတိုင်း၊ မြင်နေရတဲ့ အက္ခရာအတိုင်း ဖတ်ရ ပြောရတာ မဟုတ်ဘူးဆိုတာ ညီလေးသိပြီးသားပဲ။ "အသံပြောင်းထုံး"အရ အသံပြောင်းပြီး ဖတ်ကြ၊ ပြောကြရတာ မဟုတ်လား။

ဆိုလိုတာက "ဖက်" လို့ ဖဦးထုပ်နဲ့ အရေးတွေ့တာနဲ့ ဖဦးထုပ်သံနဲ့ "ဖက်"လို့ပဲ ဖတ်ရ၊ ပြောရမယ်လို့ မှတ်ထားလို့မရဘူး။ ဖဦးထုပ်သံနဲ့ "ဖက်"လို့ ဖတ်ရပြောရတာရှိသလို "ဘက်"လို့ ဘကုန်းသံ "ဘက်"လို့ အရေးတွေ့တော့လည်း "ဘ"ကုန်းသံပြောင်းပြီး ဖတ်ရ၊ ပြောရတာလည်း ရှိတယ်။ ဘကုန်းနဲ့ဘက်လို့ အရေးတွေ့တော့လည်း ဘကုန်းနဲ့ "ဘက်" လို့ချည်းမဖတ်ရ၊ မပြောရဘူး။ အသံစွဲအက္ခရာနဲ့ရေးထားတာဖြစ်ပေမဲ့ မူလအနက်စွဲ အက္ခရာ ဖဦးထုပ်သံနဲ့ "ဖက်" လို့ ဖတ်ရ၊ ပြောရတာတွေရှိတယ်လို့ ဆိုချင်တာပါ။

"ဘက်" နဲ့ ရေးရတဲ့ ဝေါဟာရတွေကိုတော့ "မြန်မာစာလုံးပေါင်း သတ်ပုံခွဲထား"မှာ ဟောဒီလို ပြထားတယ်လေ။

"ငြိုးသူရန်ဘက်၊ ဆန့်ကျင်ဘက်၊(တဘက်-ပဝါ)၊ တောင်ဘက် မြောက်ဘက်၊ ပြိုင်ဘက်၊ ဘက်စုံ ⊣ ရဲဘော်ရဲဘက်၊ လောဘက်တင်⊣ သူရဲသဘက်၊ သူ့ဘက်ကိုယ့်ဘက်၊ သန်ဘက်ခါ၊ ဟိုဘက်ဒီဘက်၊ ဟိုဘက် သည်ဘက်"။

ဒီအရေးတွေကို ကြည့်ရင်လည်း "ဘက်" ဟာ "တွဲဖက်၊ ယှဉ်ဖက်၊ ပြိုင်ဖက်" အနက်ရှိတဲ့ "ဖက်" ကို အခြေခံထားတာပါကလားလို့ သိနိုင်ပါတယ်။ ဒီတော့ "ဖက်" နဲ့ "ဘက်" ဟာ အနက်စွဲ၊ အသံစွဲပဲ ရှိနေကြတယ်။ "ဘက်"ရဲ့ အနက်ဟာ မူလအက္ခရာဖြစ်တဲ့ ဖဦးထုပ် အက္ခရာ "ဖက်"ကို အခြေခံတာဖြစ်လို့ "ဖက်"နဲ့ ခွဲဖို့ မလွယ်လှဘူး မဟုတ်လား။ ကောင်းပြီ၊ အခွဲရခက်တဲ့ "ဖက်" နဲ့ "ဘက်"ကို ရေးသင့်တာလည်းဖြစ်အောင်၊ လိုက်နာရေးသားဖို့လည်း ဘယ်လိုများ စနစ်တကျ ချင့်ချင့်ချိန်ချိန် သတ်မှတ်ကြသလဲဆိုတာ ကြည့်ကြရအောင်။

၁။ **ကြိယာ"ဖက်"။** ။ ဖဦးထုပ် "ဖက်" မှာသာ အနက်အဓိပ္ပာယ်ရှိတာဖြစ်လို့ ကြိယာမှန်သမျှကို ဖဦးထုပ် "ဖက်" နဲ့ ရေးရမယ်တဲ့။
**သာဓက။** ။ စုံဖက်၊ စွက်ဖက်၊ ဆွဲဖက်၊ တွဲဖက်၊ ပိုက်ဖက်၊ ပွေ့ဖက်၊ ဖက်စပ်၊ ဖက်တွဲ၊ ဖက်ပြိုင်၊ ဖက်ယမ်း၊ ယှဉ်ဖက်၊ လိုက်ဖက် အစရှိတာတွေ။

၂။ **အဖော်အဖက်။** ။ "ဖော်" နဲ့ တွဲတဲ့ "ဖက်"တွေကို "ဖော် ... ဖက်" လို့ ဖဦးထုပ် "ဖက်" နဲ့ ရေးရမယ်တဲ့။
**သာဓက။** ။ ကူဖော်လောင်ဖက်၊ ကြင်ဖော်ကြင်ဖက်၊ ဆေးဖော်ကြောဖက်၊ ဆေးဖော်ဝါးဖက်၊ ဆွေးနွေးဖော်ဆွေးနွေးဖက်၊ တိုးတိုးဖော်တိုးတိုးဖက်၊ တိုင်ပင်ဖော်တိုင်ပင်ဖက်၊ လုပ်ဖော်ကိုင်ဖက်၊ လမ်းလျှောက်ဖော်လမ်းလျှောက်ဖက်၊ သွားဖော်လာဖက် အစရှိတာတွေ။

၃။ **သင်္ချာနဲ့တွဲတဲ့ဖက်။** ။တစ်၊ နှစ်စတဲ့အရေအတွက် သင်္ချာတစ်ခုခုနဲ့ တွဲသုံးရင် ဖဦးထုပ် "ဖက်" နဲ့ ရေးရမယ်တဲ့။
**သာဓက။** ။ တစ်ဖက်တစ်ချက်၊ နှစ်ဦးနှစ်ဖက်၊ နှစ်ဖက်သော မိဘများ၊ သုံးဖက်မြင်၊ လေးဖက်နာ၊ အနားငါးဖက် ပဥ္စဂံ၊ လေးလုံးခြောက်ဖက် အစရှိတာတွေ။

၄။ **အရပ်မျက်နှာ"ဘက်"။** ။ အရပ်မျက်နှာနှင့်တွဲရင် ဘကုန်း "ဘက်"နဲ့ ရေးရမယ်တဲ့။
**သာဓက။** ။ အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက်၊ အရှေ့တောင်ဘက် အစရှိတာတွေ။

၅။ **တည်နေရာ"ဘက်"။** ။တည်နေရာတစ်ခုခုနဲ့တွဲရင် ဘကုန်း "ဘက်" နဲ့ ရေးရမယ်တဲ့။
**သာဓက။** ။ အိမ်ဘက်မှာ၊ ဈေးဘက်မှာ၊ မြစ်ဘက်မှာ၊ ရွာဘက်မှာ၊ တောဘက်မှာ၊ ဝဲဘက်၊ ယာဘက်၊ အထက်ဘက်၊ အောက်ဘက် အစရှိတာတွေ။

၆။ **သူ၊ ငါ၊ ကျား၊ မ နောက်က "ဘက်"။** ။သူ၊ ငါအစရှိတဲ့ နာမ်စားတွေ၊ ယောကျ်ား၊ မိန်းမအစရှိတဲ့ သက်ရှိနာမ်တွေနဲ့တွဲရင် ဘကုန်း "ဘက်"နဲ့ ရေးရမယ်တဲ့။
**သာဓက။** ။ သူ့ဘက်၊ ငါ့ဘက်၊ ကိုယ့်ဘက်၊ လင်ဘက်၊ မယားဘက်၊ အဖေ့ဘက်၊ အမေ့ဘက်၊ ဆရာ့ဘက်၊ တပည့်ဘက်၊ အစိုးရဘက်၊ ပြည်သူဘက်၊ လူကြီးဘက်၊ လူငယ်ဘက် အစရှိတာတွေ။

၇။ **အာဒိစကားလုံး"ဘက်"။** ။ အာဒိစကားလုံးဖြစ်ရင် ဘကုန်း "ဘက်"နဲ့ ရေးရမယ်တဲ့။ (အာဒိစကားလုံးဆိုတာက အစ စကားလုံး၊ ရှေ့ကလာတဲ့ စကားလုံးကို ပြောတာနော်။)
**သာဓက။** ။ ဘက်ကန်၊ ဘက်စုံ၊ ဘက်ညီ၊ ဘက်ပေါင်းစုံ၊ ဘက်မလိုက်၊ ဘက်လိုက် - အစရှိတာတွေ။

ကဲ-ဒီလောက်ဆိုရင် "ဖက်" နဲ့ "ဘက်" ကို ဘယ်လိုခွဲခြား မှတ်သားရမယ်ဆိုတာ ညီလေးသိလောက်ပြီထင်ပါရဲ့။ ခြွင်းချက်တစ်ခုကတော့ "ရဲဘော်ရဲဘက်"ပဲ။ "အဖော်အဖက်၊ ဖော်... ဖက်" မှန်သမျှကို ဖဦးထုပ် "ဖက်" နဲ့ရေးရပါတယ်။ ဒါပေမဲ့ "ရဲဖော်ရဲဖက်" လို့တော့ မရေးရဘူး။ "ရဲဘော်ရဲဘက်"လို့ပဲ ဘကုန်းနဲ့ရေးဖို့ ခြွင်းချက်ထားပါတယ်တဲ့။ "အသုံးတွင်ကျယ်ပြီး၊ အရေးတွင်ကျယ်ပြီး" ဖြစ်တာမျိုးတွေကို ခြွင်းချက်ထားကြရစမြဲပဲလေ။ "ရဲဘော်ရဲဘက်၊ ရဲဘော်၊ ရဲဘက်" တို့ကို ခြွင်းချက်အနေနဲ့ သီးသန့်မှတ်ထားပေတော့။ "ရဲဖော်ရဲဖက်၊ ရဲဖော်၊ ရဲဖက်" မဟုတ်ဘူးနော်။

- ◆ အရပ်မျက်နှာ၊ တည်နေရာ၊ သူ ငါ ကျား မ၊ အာဒိ စ၊ ရေးကြ **ဘကုန်း** နှင့်။
- ◆ ကြိယာဖက်၊ အဖော်ဖက်၊ ယှဉ်လျက်သင်္ချာ၊ ရေတွက်ခါ၊ ရေးပါ **ဦးထုပ်** နှင့်။
- ◆ ရဲဘော်ရဲဘက်၊ မှုသာပက်၊ ခြွင်းချက်ထားကုန်လင့်။

မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။
ကိုကြီး
ထွန်းတင့်

# ဖြူးချောင်းရေလှောင်တမံ လက်ဝဲတူးမြောင်းမကြီး တူးဖော်ခြင်းစီမံကိန်းပြီးစီးပါက လယ်မြေဧက ၂၉၁၀၀ ကို အကျိုးပြုနိုင်မည်

**နေပြည်တော် မေ ၁၉**

စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းကြီး မိုင်တိုင်(၁၁၄) အနောက်ဘက် ငါးမိုင်အကွာတွင်တည်ရှိသည့် ဖြူးချောင်းရေလှောင်တမံ၏ လက်ဝဲတူးမြောင်းမကြီးတူးဖော်ခြင်း စီမံကိန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက ဖြူးချောင်းရေလှောင်တမံ၏ နှစ်အလိုက် ဝင်ရေသိုလှောင်နိုင်မှု၊ ရေအားလျှပ်စစ် ထုတ်လုပ်နေမှုနှင့် စိုက်ပျိုးရေ ပေးဝေနိုင်မှု၊ လက်ဝဲတူးမြောင်းမကြီးတူးဖော်ခြင်း စီမံကိန်းဆောင်ရွက်နေမှုနှင့် စီမံကိန်းပြီးစီးပါက စိုက်ပျိုးရေတိုးတက်ပေးဝေနိုင်မည့် ရေသောက်ဧရိယာအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက စိုက်ပျိုးရေရရှိရေးလုပ်ငန်းများနှင့်အတူ စိုက်ပျိုးရေစီမံခန့်ခွဲရေးနှင့် သီးနှံအလိုက် ရေကိုအကျိုးရှိစွာသုံးစွဲရန် လိုအပ်ချက် နည်းပညာ အသိပညာပေးလုပ်ငန်းများကို တစ်ပါတည်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို အုတ်တွင်းမြို့နယ်နှင့် ဖြူးမြို့နယ်အတွင်းရှိ လယ်မြေများကို စိုက်ပျိုးရေပေးဝေနိုင်ရေးနှင့် ရေအားလျှပ်စစ်တပ်ဆင်အင်အား မဂ္ဂါဝပ် ၂၀ နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်း ၁၂၀ ထုတ်လုပ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လျာထားရန်ပုံငွေဖြင့် တူးမြောင်းမြေကြီးလုပ်ငန်း၊ တူးမြောင်း အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း၊ ကျောက်ပြားလိုင်နင်စီခြင်း၊ ရေလွှဲဆည် ရေမြှင့်ရေတံခါးရှက်များပြောင်းလဲတပ်ဆင်ခြင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပါက လယ်မြေဧက ၈၀၀ ကို စိုက်ပျိုးရေတိုးတက်ပေးဝေနိုင်မည်ဖြစ်၍ စုစုပေါင်း လယ်မြေဧက ၂၉၁၀၀ ကို အကျိုးပြုနိုင်မည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတည်ဆောက်ရေး(၁)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဖြူးချောင်းရေလှောင်တမံ လက်ဝဲတူးမြောင်းမကြီး တူးဖော်ခြင်း စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်သူများပူးပေါင်းပါဝင်သော စပါးသားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသနစမ်းသပ်ကွက်ကို စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မေ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း လယ်ဝေးမြို့နယ် ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပုပ္ပသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်မတို့တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ထားသည့် တောင်သူများ ပူးပေါင်းပါဝင်သော စပါးသားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသနစမ်းသပ်ကွက်များကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက မျိုးစပ်မွေးမြူထားသော စပါးသားဆက်လိုင်းများ၏ အရည်အချင်းလက္ခဏာများကို အကဲဖြတ်ခြင်း၊ စပါးမျိုးကောင်းများရွေးချယ်ခြင်းလုပ်ငန်းများကို စိုက်ပျိုးသူတောင်သူများကိုယ်တိုင် ကျွမ်းကျင်စွာလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့ဒေသမြို့နယ်အလိုက် အထွက်နှုန်းမြင့်မားသည့် မျိုးကောင်းမျိုးသန့်များ မွေးမြူရရှိနိုင်ကြောင်း၊ မျိုးမွေးမြူရေးဆောင်ရွက်ရာတွင် မှန်ကန်သော မိဘလိုင်းများရွေးချယ်နိုင်ခြင်းသည် မျိုးမွေးမြူရေး အောင်မြင်မှုအတွက် သော့ချက်များဖြစ်ကြောင်း၊ မျိုးမွေးမြူရာတွင် နည်းလမ်းများစွာရှိသည့်အနက် သက်တမ်း၊ အပင်အမြင့်၊ ကြီးထွားမှုအစရှိသည့် ရုပ်သွင်ပြင်လက္ခဏာ တူရာတူရာကို စုပေါင်းရွေးချယ်ခြင်း နည်းလမ်းသည် တောင်သူများ အလွယ်တကူဆောင်ရွက်နိုင်သော နည်းလမ်းဖြစ်ကြောင်း၊ မျိုးစပ်မွေးမြူရေး ပညာရပ်များကို တောင်သူများ အလွယ်တကူ သိရှိနားလည်ရန်သက်ဆိုင်ရာဌာနများပူးပေါင်း၍ နည်းပညာပေးရန် လိုအပ်ကြောင်း၊ အထွက်ကောင်းရန်အတွက် တစ်ဇကပါဝင်သည့် အပင်အတွက်ရေအပြည့်အဝရရှိပြီး ပင်ပွား အပွင့် အသီးစသည့် ကောင်းမွန်သည့် အရည်အချင်းလက္ခဏာများပြည့်စုံမှသာ ပန်းတိုင်အထွက်နှုန်းရရှိနိုင်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းအထက်ရရှိသော တောင်သူဦးရေ တိုးတက်များပြားအောင် လုပ်ဆောင်ကြရန်နှင့် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်သော မျိုးစပ်မွေးမြူသည့် ပညာရပ်များကို တောင်သူအကြိုက် မျိုးများဖြင့် စမ်းသပ်လုပ်ဆောင်ကြရန်လိုကြောင်း။

သက်ဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် မိမိတို့တတ်မြောက်သည့် နည်းပညာရပ်များ၊ အသိပညာများကို တောင်သူများထံ ဖြန့်ဝေပေးသကဲ့သို့ တောင်သူကြီးများ တတ်မြောက်ထားသည့် မိရိုးဖလာဇဟုသုတများ၊ အတတ်ပညာများကိုလည်း ပူးပေါင်းဖလှယ်သွားကြရန်လိုကြောင်း၊ တောင်သူများ အစုအဖွဲ့များဖွဲ့စည်း၍ မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်နိုင်ရေးနှင့် မြို့နယ်အလိုက် မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း၊ အလားတူ တောင်သူများ၏ စက်ကိရိယာလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးကို သက်ဆိုင်ရာ ဌာနတာဝန်ရှိသူအနေဖြင့် နည်းလမ်းရှာဖွေ ဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။

တောင်သူများ ပူးပေါင်းပါဝင်သော စပါးသားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသန စမ်းသပ်ကွက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပညာရေးဝန်ကြီးဌာန

## "၂၀၂၄-၂၀၂၅ ပညာသင်နှစ်"

### ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/ လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/ လက်ဆောင်ပစ္စည်းတစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ နှာစေး၊ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

---

## ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၂၄-၂၀၂၅ ပညာသင်နှစ်

**"ကျောင်းနေအရွယ်ကလေးအားလုံးအခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"**

ကျောင်းအပ်နှံရေးသီတင်းပတ်၂၀၂၄ ခုနှစ် မေလ (၂၃) ရက်နေ့မှ ဇွန်လ ( ၂ ) ရက်နေ့ထိ

---

# စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၂၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၂၀ ရက်မှ ၂၆ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၂၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၃

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၃၈၊ ၀၆၃- ၂၀၂၈၈၃၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

---

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



**နေပြည်တော် မေ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် ကျွန်းစုမြို့နယ်၌ စက်လှေ တစ်စီးပေါ်မှ တရားမဝင် အခြားသစ် ၁၈ ဒသမ ၆၆၆ တန်နှင့် အဆိုပါသစ်များ တင်ဆောင်ထားသည့် သစ်သားစက်လှေ တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၉၉၅၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဘုတ်ပြင်းမြို့နယ်၌ လိုင်စင်မဲ့ Honda Wave 110 မော်တော် ဆိုင်ကယ် နှစ်စီးနှင့် Smash 125 မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၉၉၅၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) ပူးပေါင်းစစ်ဆေးရေးစခန်း၌ ဆီသယ်ယာဉ်တစ်စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၁၈၀၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၅၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများတင်ဆောင်လာသည့်Howo Tractor Head တစ်စီးနှင့် ဆီသယ်နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ရွှေကျင်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ်ကားအပိုပစ္စည်း ဒီဇယ်အင်ဂျင် ရှစ်လုံး၊ သံမဏိချောင်းကီလိုဂရမ် ၆၉၀ အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၁၄၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Hino Profia Truck တစ်စီးနှင့် စက်မှုဇုန်ထုတ် Htila Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၇၃၆၄၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၈ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက် သီရိမင်္ဂလာ ခုံးကျော်တံတားအဆင်း၌ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် ပဲကြီးအိတ် ၁၄၀၀၊ စက်မှုကုန်ကြမ်းကော်အမှုန့်အိတ် ၂၄၀၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ်တန် ၅ ဒသမ ၇၇၀၊ သစ်မာ ၁ ဒသမ ၅၉၆ တန်၊ အခြားသစ် သုည ဒသမ ၁၉၇ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၃၅၂ ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မေ ၁၆ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာအမှုတွဲ ၁၈ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆၆၇၅၃၀၂ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**





# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များက တစ်ဆင့်နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၁၈ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Toe Wai Ag" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ချောင်းနက်(အရှေ့)ကျေးရွာနေ ကိုကိုကြီး (ခ)တိုးဝေအောင်အား နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ဆပ်သွားနယ်မြေရဲစခန်း၌ တရား ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက် ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

# ဖောင်းပြင်မြို့နယ်ရှိ ဒေသခံ ခြောက်ဦးကို တပ်မတော်စစ်ကြောင်းက သတ်ဖြတ်ကာ ရွာကိုမီးရှို့ခဲ့ကြောင်း မဟုတ်မမှန်သတင်းများကို လှုံ့ဆော်ဝါဒဖြန့်ရေးသားလျက်ရှိ

**နေပြည်တော် မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် အင်းဝိုင်းကျေးရွာတွင် မေ ၁၇ ရက်က တပ်မတော်မှ စစ်ကြောင်းထိုးဝင်ရောက်ကာ ၁၃ နှစ်အရွယ် ကလေးတစ်ဦးနှင့် ဒေသခံ ငါးဦးကို သတ်ဖြတ်သွားပြီး ရွာကိုမီးရှို့ခဲ့သည်ဟု မဟုတ်မမှန်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် လှုံ့ဆော်ဝါဒဖြန့်ရေးသားလျက်ရှိသည်ကို တွေ့ရှိရသည်။




အထက်ပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေလုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ပြောကြားချက်အရ မေ ၁၇ ရက်တွင် တပ်မတော်က အင်းဝိုင်းကျေးရွာသို့ နယ်မြေလုံခြုံရေးသွားရောက်ဆောင်ရွက်မှုမရှိသလို ဒေသခံများကို သတ်ဖြတ်ခဲ့သည်ဆိုသည့်သတင်းနှင့် ရွာအားမီးရှို့ခဲ့သည်ဆိုသည့်သတင်းတို့မှာလည်း သတင်းတု၊ သတင်းမှားသာဖြစ်ကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် မဟုတ်မမှန်သတင်းများ လုပ်ကြံရေးသားကာ လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဂျာမနီ၊ ဘယ်လ်ဂျီယံနှင့် နယ်သာလန်နိုင်ငံတို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိ



**ဘာလင် မေ ၁၉**

ဥရောပတိုက်ရှိ ဂျာမနီ၊ ဘယ်လ်ဂျီယံနှင့် နယ်သာလန်နိုင်ငံတို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်း မေ ၁၈ ရက် သတင်းများအရ သိရသည်။

ဂျာမနီနိုင်ငံအနောက်တောင်ပိုင်း ဆာလန်းပြည်နယ်တွင် မေ ၁၆ ရက်ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မေ ၁၇ ရက်တွင် ပြည်နယ်အတွင်းရှိ မြို့အများအပြား၏ လမ်းများပေါ်၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ အရေးပေါ်ကယ်ဆယ်ရေးလုပ်သားများက ဒေသခံအများအပြားကို လှေများအသုံးပြု၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကွိုယာရှိမြို့ရှိ ဆည်တမံတစ်ခု ကျိုးပေါက်မှုဖြစ်ပွားခဲ့ပြီး အဆိုပါဆည်အနီးရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံကို ပိတ်ထားခဲ့ရကြောင်း၊ ပြည်နယ်၏မြို့တော်ဖြစ်သော ဆာရှုကန်မြို့တွင်လည်း ရေလွှမ်းမိုးမှုကြောင့် ထိခိုက်မှုများ ပြင်းထန်စွာ ဖြစ်ပေါ်လျက်ရှိပြီး လူတစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း၊ ကြီးမားသောပျက်စီးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ဆာလန်းပြည်နယ် ဝန်ကြီးချုပ် အန်ကီရယ်လင်ဂါက ပြောကြားခဲ့သည်။

ဘယ်လ်ဂျီယံနိုင်ငံတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လိဂ်ပြည်နယ်၌ အကူအညီတောင်းခံသူ ၁၀၀ ကျော်ကို မီးသတ်တပ်ဖွဲ့ဝင် ၁၅၀ အသုံးပြု၍ အကူအညီများ ဆောင်ရွက်ပေးခဲ့ရကြောင်း သိရသည်။

အလားတူ နယ်သာလန်နိုင်ငံတွင် ရေကြီးရေလျှံမှုများကြောင့် လင်ဘတ်ပြည်နယ် နယ်စပ်ရှိ အခြေချစခန်းနှစ်ခုမှ လူများကိုလည်း မေ ၁၈ ရက် အစောပိုင်းက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

# အိန္ဒိယနိုင်ငံ အနောက်မြောက်ဘက်ပိုင်းတွင် လာမည့်ငါးရက်အတွင်း အပူချိန်မြင့်တက်ဖွယ်ရှိနေ

**နယူးဒေလီ မေ ၁၉**

အိန္ဒိယနိုင်ငံ အနောက်မြောက်ဘက်ပိုင်းဒေသများတွင် လာမည့် ငါးရက်အတွင်း အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်ဆက်တိုက်မြင့်တက်ဖွယ်ရှိနေကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူလှိုင်းဖြတ်သန်းစဉ်အပူချိန်ပမာဏမှာ ၄၆ ဒသမ ၉ ဒီဂရီစင်တီဂရိတ်ထိ အမြင့်ဆုံးမြင့်တက်လာဖွယ်ရှိနေကြောင်း၊ အပူချိန်အမြင့်ဆုံး မြင့်တက်ဖွယ်ရှိနေသည့် ဧရိယာများတွင် နယူးဒေလီမြို့တော်လည်းပါဝင်နေပြီး နယူးဒေလီမြို့တွင် အပူချိန်အမြင့်ဆုံးမြင့်တက်မည်ဟု သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ အပူလှိုင်းဖြတ်သန်းဖွယ်ရှိနေသည့် အနောက်မြောက်ဘက်ပိုင်းပြည်နယ်များမှာ ဟာယာနာပြည်နယ်၊ ပန်ဂျပ်ပြည်နယ်၊ ရာဂျက်စတန်ပြည်နယ်နှင့် ဥတ္တရပရာဒေ့ရှ် ပြည်နယ်တို့ဖြစ်ကြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သွားသည်။

“လာမဲ့ငါးရက်အတွင်း အပူလှိုင်းတွေ ဖြတ်သန်းဖွယ်ရှိနေပြီး အပူချိန်တွေ မြင့်တက်လာဖို့ရှိပါတယ်။ အိန္ဒိယနိုင်ငံရဲ့ အနောက်မြောက်ဘက်ပိုင်းပြည်နယ်တွေမှာ အပူလှိုင်းဖြတ်သန်းမှာဖြစ်ပါတယ်။ အမြင့်ဆုံးအပူချိန်ပမာဏဟာ ၄၆ ဒသမ ၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ပါတယ်။ ဒီပမာဏဟာ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါတယ်။ အပူချိန်မြင့်တက်မှုနဲ့ ဆက်စပ်ပြီးတော့ ခန့်မှန်းထားတဲ့အတိုင်း အပူချိန်မြင့်တက်မယ်ဆိုရင်တော့ အပူချိန်သတိပေးချက် အနီရောင်အဆင့် သတ်မှတ်မှာဖြစ်ပါတယ်။ အနောက်မြောက်ဘက်ပိုင်းပြည်နယ်တွေမှာ အပူလှိုင်းဖြတ်သန်းဖွယ်ရှိနေတဲ့ကာလမှာ တောင်ဘက်ပိုင်းမှာတော့ မိုးရွာသွန်းဖွယ်ရှိနေပါတယ်” ဟု အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



**Ref : Xinhua News**
**Trs : Sai Sat**

# တောမီးလောင်ကျွမ်းမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဖော့မာရေးမြို့မှ ဒေသခံများကို နေရပ်သို့ ပြန်ခွင့်ပြု

**အော့တဝါ မေ ၁၉**

ကနေဒါနိုင်ငံ အယ်ဘာတ်တာပြည်နယ် ဖော့မာရေးမြို့တွင် မေလပထမပတ်မှစတင်၍ တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံအမြောက်အမြား ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပြီး ယခုအခါ မိုးရွာသွန်းမှုကြောင့် တောမီးကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်သဖြင့် ဒေသခံများကို ယနေ့မှစ၍ နေရပ်သို့ ပြန်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း အယ်ဘာတ်တာပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးရွာသွန်းမှုမရှိခဲ့ပါက တောမီးကို ထိန်းချုပ်နိုင်ရန် ခက်ခဲနေမည်ဖြစ်ပြီး မိုးရွာသွန်းမှုကြောင့် တောမီးကို ထိန်းချုပ်လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖော့မာရေးမြို့တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားတိုင်း ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိလေ့ရှိသောကြောင့်လည်း နှစ်စဉ် တောမီးလောင်ကျွမ်းမှုဖြစ်ပွားတိုင်း ဒေသခံများမှာကြီးမားသောပျက်စီးဆုံးရှုံးမှုများဖြင့်ရင်ဆိုင်နေရကြောင်း၊ မေလအတွင်း လောင်ကျွမ်းခဲ့သော တောမီးလောင်ကျွမ်းမှုမှာလည်း လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများကို ခြိမ်းခြောက်နေသော်လည်း မိုးရွာသွန်းမှုကြောင့် ဒေသခံများအတွက် သက်သာရာရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“တောမီးလောင်ကျွမ်းမှုကိုတော့ ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်။ ပုံမှန်အတိုင်းဆိုရင်တော့ အချိန်တစ်ခုယူပြီး တောမီးကိုထိန်းချုပ်ဖို့ ကြိုးစားရလိမ့်မယ်။ မိုးရွာသွန်းလာတာကြောင့် တောမီးကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် အရေးပေါ်အခြေအနေကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေကိုလဲ နေရပ်ကို ပြန်ခွင့်ပြုလိုက်ပြီဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းချိန်မှာ ညွှန်ကြားချက်တွေအတိုင်း လိုက်နာဆောင်ရွက်ပေးခဲ့တဲ့ဒေသခံတွေကို ကျေးဇူးတင်ပါတယ်”ဟု အယ်ဘာတ်တာပြည်နယ်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဆန်ဒီဘောမန်းက ပြောကြားခဲ့သည်။

မိုးရွာသွန်းမှုကြောင့် တောမီးကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သော်လည်း နေရာတချို့တွင် တောမီးလောင်ကျွမ်းမှုမှာ ရာနှုန်းပြည့် ထိန်းချုပ်ထားနိုင်သည့်အခြေအနေမျိုးမဟုတ်သေးဘဲ ပူပြင်းခြောက်သွေ့သော ရာသီဥတုပြန်လည်ဖြစ်ပေါ်လာမည်ဆိုပါက တောမီးလောင်ကျွမ်းမှု အချိန်မရွေး ပြန်လည်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# မြောက်အိုင်ယာလန်တွင် ရေအရင်းအမြစ်များထဲသို့ မိလ္လာရေဆိုးများဝင်ရောက်လာ၍ သဘာဝပတ်ဝန်းကျင် တက်ကြွလှုပ်ရှားသူများ ဆန္ဒထုတ်ဖော်

**ဘဲလ်ဖက် မေ ၁၉**

မြောက်အိုင်ယာလန်၏ ရေအရင်းအမြစ်များထဲသို့ မိလ္လာရေဆိုးများ ဝင်ရောက်မှုနှင့်ပတ်သက်၍ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုနှင့် အရေးယူမှုများ ပိုမိုဆောင်ရွက်ရန် တောင်းဆိုသည့် ဆန္ဒထုတ်ဖော်မှုတစ်ခုကို သဘာဝပတ်ဝန်းကျင် တက်ကြွလှုပ်ရှားသူများက မေ ၁၈ ရက်က ပေါ့ရပ်ရှ်ကမ်းခြေတွင် ပြုလုပ်ခဲ့ကြောင်း ဆန္ဒထုတ်ဖော်မှုကိုဦးဆောင်ခဲ့သည့် Surfers Against Sewage အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု မေ ၁၈ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံတစ်ဝန်း ရေထုညစ်ညမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုများကို သဘာဝပတ်ဝန်းကျင် တက်ကြွလှုပ်ရှားသူများက ပြုလုပ်လျက်ရှိရာ အဆိုပါလှုပ်ရှားမှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် မြောက်အိုင်ယာလန်တွင်လည်း Surfers Against Sewage အဖွဲ့အစည်းက ဦးဆောင်၍ မြောက်အိုင်ယာလန်ရှိ ရေအရင်းအမြစ်များအတွင်း မိလ္လာရေဆိုးများ ဝင်ရောက်မှု တာဝန်ရှိသူများက ပိုမိုကာကွယ်ပေးနိုင်ရေးကို တောင်းဆိုခဲ့ကြောင်း သိရသည်။

“ရေအရင်းအမြစ်တွေထဲကို မိလ္လာအညစ်အကြေးတွေ ဝင်ရောက်နေတာနဲ့ပတ်သက်ပြီး တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုနဲ့ အရေးယူမှုတွေ ပိုမိုလုပ်ဆောင်ဖို့လိုအပ်နေပါတယ်။ မြောက်အိုင်ယာလန်မှာရှိတဲ့ ရေအရင်းအမြစ် အားလုံးနီးပါးဟာ ဥရောပရဲ့ ရေအရည်အသွေးစံနှုန်းတွေနဲ့မကိုက်ညီပါဘူး”ဟု ဆန္ဒထုတ်ဖော်မှုတွင်ပါဝင်သူ ဟယ်လင်အမ်းစထရောင်းက ပြောကြားခဲ့သည်။

အဆိုပါအဖွဲ့အနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ရေချိုကန်များနှင့်ဦးစားပေး သဘာဝနေရာများအားလုံး၌ မိလ္လာရေဆိုးညစ်ညမ်းမှုများ အဆုံးသတ်ရန် လိုလားလျက်ရှိကြောင်း၊ မြောက်အိုင်ယာလန်သည် လွတ်လပ်သောသဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအေဂျင်စီမရှိသည့် ဗြိတိန်၏ တစ်ခုတည်းသော အစိတ်အပိုင်းဖြစ်ကြောင်း ဟယ်လင်အမ်းစထရောင်းက ဆက်လက်ပြောကြားခဲ့သည်။

ရေအရင်းအမြစ်များ ညစ်ညမ်းလာမှုနှင့်ပတ်သက်၍ ဗြိတိန်နိုင်ငံတစ်ဝန်းရှိ ကမ်းရိုးတန်းများတွင် သဘာဝပတ်ဝန်းကျင်အရေး တက်ကြွလှုပ်ရှားသူများက ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# အာဖဂန်နစ္စတန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူဦးရေ ၅၀ သေဆုံး

**ကဘူးလ် မေ ၁၉**

အာဖဂန်နစ္စတန်နိုင်ငံ အလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူဦးရေ ၅၀ ထက်မနည်း သေဆုံးခဲ့ကြောင်း ဂိုအာပြည်နယ် ပြန်ကြားရေးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ အလယ်ပိုင်း ဂိုအာပြည်နယ်တွင် မေ ၁၇ ရက်ကစတင်၍ မိုးရွာသွန်းခဲ့မှုကြောင့် လူဦးရေ ၅၀ ထက်မနည်း သေဆုံးပြီး လူများထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ ပြည်နယ် အဓိကလမ်းများလည်း ပျက်စီးသွားခဲ့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် အိမ်ခြေ ၂၀၀၀ လုံးဝပျက်စီးသွားခဲ့ပြီး ၄၀၀၀ မှာ တစ်စိတ်တစ်ပိုင်းပျက်စီးသွားခဲ့ကြောင်း ပြည်နယ်ပြန်ကြားရေးဌာန အကြီးအကဲ Mawlawi Abdul Hai Zaeem က ပြောကြားခဲ့သည်။


ပြည်နယ်၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနက ပြည်နယ်ကို အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ရပြီး ပြည်သူများအတွက် လိုအပ်သော အမိုးအကာ၊ အစားအစာနှင့် ရေကို အစိုးရထံ တောင်းဆိုခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ လူဦးရေ ၈၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးကို မှီခိုအားထားနေကြပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လယ်မြေအများစုတွင် ရွှံ့များထူထပ်စွာ ကျန်ရစ်ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုသည် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို အဟန့်အတားဖြစ်စေခဲ့ပြီး ပျောက်ဆုံးသူများရှိနေသဖြင့် သေဆုံးသူအရေအတွက် တိုးလာနိုင်ကြောင်း ကုလသမဂ္ဂအေဂျင်စီက သတိပေးထားသည်။

၂၀၂၁ ခုနှစ်ကစပြီး အာဖဂန်နစ္စတန်သည် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကိုကိုင်တွယ်ဖြေရှင်းရာတွင် ပြင်ဆင်မှုအနည်းဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ကြောင်း ရာသီဥတုလေ့လာသုံးသပ်သူများက ပြောကြားထားသည်။

**Ref : Russia Today**
**Trs : KZ**



# သံသရာ

ချစ်သက်(မြန်မာစာ)

(၁)

မိုးဥတုရောက်ပြီမို့ မိုးက အဆက်မပြတ်ရွာနေသည်။ ဒေါ်ရင်ထွေးတစ်ယောက် သားအိမ်သို့ အလည်သွားရန် စောင့်နေ၏။

"မိုးကလဲ တိတ်နိုင်ခဲလိုက်တာ လွန်ရော။ဒီပုံစံနဲ့ သားဆီကို ဘယ်လိုသွားရပါလိမ့်။ ဒုက္ခပါပဲ စနေမိုး တစ်ပတ်လုံး စွေရင်တော့"

ရင်ဘတ်ကို လက်ဖြင့်ဖိကာ ကျန်လက်တစ်ဖက်ဖြင့် မိုးကာအပြာလေးကို လှမ်းဆွဲလိုက်သည်။ ထို့နောက် မိုးကာကိုခြုံကာ သားဆီသို့ အရဲစွန့် ထွက်လာတော့သည်။ လမ်းတစ်လျှောက်မိုးက အဆက်မပြတ် ရွာနေတော့၏။ သားထံသို့ ရောက်သောအချိန်သည် နေ့လယ်ထမင်းစားချိန်ခန့်ဖြစ်၏။ မြေးများက အဘွားကိုမြင်သောအခါ မိုးရေပေါက် အသံတို့နှင့်အတူ ကခုန်မြူးထူးလျက်။ ဒေါ်ရင်ထွေးသည် ပါလာသော မုန့်များကို မြေးများအား တစ်ခုစီဝေမျှပေးလိုက်၏။ မီးဖိုချောင်အတွင်းမှ ချွေးမဖြစ်သူ ထွက်လာပြီး ဒေါ်ရင်ထွေးကို စကားဆိုလိုက်သည်။

"အမေလာတာ နောက်ကျတယ်နော်။ အမေ့သားက မနက်ကတည်းက မျှော်နေတာ။ အခု ကျောင်းသွားလေရဲ့။ မိုးကလဲ တအားရွာနေတာပဲ။ ပြတ်တောင်မပြတ်ဘူး။ အမေ့သား လစာနဲ့ သမီးတို့ စားမလောက်ဘူး အမေရေ။ သမီးလဲ အလုပ်တစ်ခုခု လုပ်မလားလို့ စဉ်းစားနေတာ"

ဒေါ်ရင်ထွေးသည် ပါလာသောအထုပ်များကို ချလိုက်ပြီး ရေတစ်ခွက်သောက်လိုက်၏။ ထို့နောက်-

"ဒါပေါ့ သမီးရယ်။ အခုခေတ်က တစ်ယောက်လုပ်စာနဲ့ တစ်မိသားစုလုံး စားလို့ မလောက်တော့ဘူး။ ပိုက်ဆံလဲ ချွေတာ သုံးပေါ့ဟယ်"

"အမေရေ ခဏ နား။ အမေ့သား ကျောင်းဆရာ ခဏနေ ပြန်လာလိမ့်မယ်။ သူပြန်လာမှ စားဖို့သောက်ဖို့ ဝယ်လာမယ်တဲ့။ သမီးတော့ ထမင်းချက်လိုက်အုံးမယ်"

ဒေါ်ရင်ထွေးသည် မီးဖိုချောင်ထဲ ဝင်သွားသော ချွေးမကို ကြည့်ကာ-

"ဪ. . . ငါ့သားလေးလဲ မိသားစုတာဝန်ထမ်းနေရတာ သနားပါတယ်"

ဒေါ်ရင်ထွေးသည် သားပြန်အလာကို မျှော်ရင်း အိမ်အပြင်ဘက်သို့ ကြည့်နေတော့သည်။

(၂)

မိုးလည်း တိတ်သွားသည်။ မိုးတိတ်သည်နှင့် ကျေးငှက်ကလေးများ၏ အသံများကို ကြားလာရသည်။ ဒေါ်ရင်ထွေးသည် သားကို မျှော်နေဆဲမှာပင် အကျီအပေါက်အပြဲဖြင့် ပုဆိုးတိုတို ဝတ်လာသော လူတစ်ယောက် အိမ်ထဲသို့ ဝင်လာသည်ကို ဒေါ်ရင်ထွေးမြင်၏။ ထိုလူ၏ လက်ထဲတွင် ဖြူဖွေးနုဖတ်နေသော မှျစ်များ ပါလာသည်။ ထိုလူသည် ဒေါ်ရင်ထွေးကို မြင်သည်နှင့်-

"အမေ ဘယ်အချိန်ကရောက်တာတုံး။ မနက်ကတည်းက သားမျှော်နေတာ"

"သား သီဟ။ဘယ်လိုဖြစ်သွားတာလဲ။ ငါတောင် မမှတ်မိဘူး။ အသားတွေကလဲ မည်းသွားလိုက်တာ။ ကျောင်းဆရာမို့လို့ တော်သေး။ ပုဆိုးကလဲ ဟယ် စုတ်နေတာပဲ။ ဟား ဟား "

သား၏ ဝတ်စားဆင်ယင်ပုံကို အလိုမကျသော်လည်း ဒေါ်ရင်ထွေး လွတ်လပ်စွာရယ်မောလိုက်၏။ ထို့နောက်-

"သားရယ် အဝတ်ကောင်းကောင်းလဲ ဝယ်ဝတ်အုံး။ ကပ်စေးနဲ့မနေနဲ့"

သီဟသည် မိခင်၏ စကားကို သဘောကျစွာပြုံးပြီး-

"အမေရယ် ဘဝပဲ။ အမေ့မြေးကို ပိုက်ဆံပို့နေရတယ်။ တက္ကသိုလ်ကျောင်းသားဆိုတော့ ဟိုမှာက ငွေလိုတယ်။ သူ စနေ၊ တနင်္ဂနွေပြန်လာရင် ပိုက်ဆံက အဆင်သင့် လုပ်ထားမှ"

သားအမိနှစ်ယောက် စကားလက်ဆုံကြနေတော့၏။ မတွေ့တာလည်း အတော်ကြာပြီ ဖြစ်သည်။ စကားပြောရင်း ထမင်းစားဖို့တောင်မေ့နေတော့သည်။

(၃)

"အစ်ကိုရေ ထမင်းစားကြမယ်။ အဆင်သင့်ဖြစ်ပြီ။ အမေရေ ထမင်းစားကြမယ်။ ထမင်းစားပြီးမှ စကားဆက်ကြတော့"

"အေးပါ သမီးရယ်။ လာပြီ မြေးတွေ လာကြလာကြ"

ထမင်းဝိုင်းတွင် သေချာကြော်ထားသော မှျစ်ဟင်းနှင့် ငါးပိရည်တို့စရာတို့ဖြင့် စုံလင်လှပေသည်။ ငါးပိရည်ခွက်ထဲမှ ငါးမီးဖုတ်များ ပြေးလွှားနေသည့်အလား။ သားအငယ်ဆုံးက ငါးပိချက်ခွက်ကို ဇွန်းဖြင့် ပိုက်စိပ်တိုက်လိုက်၏။ ဇွန်းထဲတွင် ပါလာသော ငါးမီးဖုတ်အစအနများကို အဘွားပန်းကန်ထဲထည့်ပေးလိုက်သည်။ သားငယ်၏ အပြုအမူကို သီဟကြည့်၍ ပြုံးလိုက်သည်။

"လိမ္မာလိုက်တဲ့ ငါ့မြေး။ ရော့ မြေးလေးစား"

ဒေါ်ရင်ထွေးသည် ငါးမီးဖုတ်များကို မြေးငယ်ပန်းကန်ထဲ ထည့်ပေးပြန်သည်။ မြေးအလတ်မသည် ထမင်းကို ဆက်မစားတော့ဘဲ ထမင်းဝိုင်းမှ ထလိုက်သည်။ ထို့နောက် -

"အဖေတို့ကလဲ အဘွားတစ်ခါတလေရောက်လို့ ဟင်းကောင်းစားရမယ် ထင်တာ။ မိုးကျပြီဆိုတာနဲ့ အလကားရတဲ့ မှျစ်ပဲစားနေရတယ်။ တဖြည်းဖြည်းနဲ့ လူလဲ မှျစ်ရုပ်ပေါက်လာပြီ။ နေ့တိုင်း ငါးပိချက်၊ မှျစ်၊ ငါးပိချက်၊ မှျစ်နဲ့အူတွေတော့ ရစ်ပတ်ကုန်တော့မှာပဲ။ တော်ပြီ ထမင်းမစားတော့ဘူး"

မိသားစုအားလုံး အလတ်မ၏ပြောစကားအောက်တွင် ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ သီဟတစ်ယောက် အလတ်မ၏ အပြုအမူကြောင့် မျက်နှာပျက်သွား၏။ မိခင်ဒေါ်ရင်ထွေးကို ကြည့်လိုက်ပြန်သည်။ ဒေါ်ရင်ထွေးသည် သား၏မျက်နှာကိုကြည့်ကာ ပြုံးပြပြီး အတွေးများက အတိတ်သို့ စီးမျောသွား၏။

(၄)

မိုးရေများကြားဝယ် မရင်ထွေးသည် ဓားတစ်လက်ကိုကိုင်ကာ တောင်ပေါ်သို့ တက်သွား၏။ မိုးဦးကျအချိန် ဖြစ်သောကြောင့် ဝါးပင်များမှ ဝါးပင်ပေါက်တို့ မြေနုနုကို တိုးထွက်ကာ လာတတ်ကြသည်။ မှျစ်ကို ရရန် မရင်ထွေး အသည်းအသန် ကြိုးစားရှာရသည်။ မရှာလို့လဲ မဖြစ်ပေ။ နောက်တစ်ပတ် စနေ၊ တနင်္ဂနွေပိတ်ရက်၌ ဆရာအတတ်သင်ကျောင်းကို တက်နေသော သားသီဟ ပြန်လာမည်ဆိုသောကြောင့် ဖြစ်သည်။ မိုးရွာပြီဖြစ်သောကြောင့် အလုပ်အကိုင် ရှားပါးလာ၏။ ဈေးရောင်းရတာလည်း အဆင်မပြေဖြစ်လာသည်။ အခြားဈေးသည်များက ဆိုင်ကယ်၊ စက်ဘီးများဖြင့် တင်ရောင်းနေသောကြောင့် ခြေထောက်ကို အသုံးပြု၍ ဈေးရောင်းရသော မရင်ထွေးအဖို့ အဆင်မပြေဖြစ်လာတော့သည်။ တစ်ဖက်တွင်လည်း သားသီဟကို ကျောင်းစရိတ်ပံ့ပိုးရန် ရှန်းကန်နေရ၏။ ထို့ကြောင့် အရင်းမစိုက် အားစိုက်ရသော မှျစ်ကို ရှာဖွေရတော့သည်။ ရလာသော မှျစ်များကို ဒိုင်သို့ ဖောက်သည်ဈေးဖြင့် သွင်းရသည်။ တစ်နေ့ထက်တစ်နေ့ မရင်ထွေးသည် တောင်ပေါ်သို့ မိုးမလင်းမီအရောက် သွားရသည်။ မရင်ထွေးလို မှျစ်ရှာသူများလည်း ရှိသောကြောင့် ဖြစ်သည်။ ယခုလည်း မှျစ်များကို ပါလာသောဓားဖြင့် ထွင်လိုက် အိတ်ထဲထည့်လိုက် လုပ်နေသည်။ အချိန်က ညနေစောင်းပြီမို့ အိမ်သို့တန်းမပြန်ဘဲ မှျစ်အဝယ်ဒိုင်သို့ ဦးတည်လိုက်သည်။ မှျစ်ရောင်း၍ ရသောငွေကို ရေတွက်လိုက်၏။ မရင်ထွေး ယခုမှ သက်ပြင်းချနိုင်တော့သည်။ မှျစ်ရောင်းရငွေ စုစုပေါင်း ခြောက်သောင်းခန့် စုမိလေသည်။ သား သီဟက ယခုတစ်ပတ်ပြန်လာလျှင် ငါးသောင်းခန့် ငွေလိုကြောင်း ပြောထားပေ၏။ ပိုက်ဆံများကို ဘုရားဆင်းတုတော် အောက်တွင် သိမ်းထားလိုက်သည်။ မနက်ဖြန် မှျစ်ချိုးရန် မသွားတော့ဘူးဟု ဆုံးဖြတ်ချက်ချလိုက်သည်။ အဘယ်ကြောင့်ဆိုသော် သားသီဟ မနက်ဖြန် စနေနေ့ ပြန်လာမည်ဖြစ်သည်။

(၅)

ယနေ့သည် စနေနေ့ ဖြစ်သည်။ ကောင်းကင်ဝယ် ကြည်လင်နေ၏။ ကျေးငှက်ကလေးများသည် တစ်ကောင်နှင့် တစ်ကောင် တီတီတာတာ စကားဆိုနေကြသည်။ မရင်ထွေးသည် သားပြန်လာမည်ကို မျှော်နေ၏။

"ဆွမ်းတော်ဗျို့ ဆွမ်းတော်ဗျို့"

ဘုန်းကြီးကျောင်းသား၏ အသံကိုကြားသောအခါ အိမ်ပေါ်သို့ မရင်ထွေး တက်လိုက်သည်။ ထို့နောက် ဆွမ်းမလောင်းရတာကြာပြီဖြစ်သောကြောင့် မရင်ထွေးသည် ဆွမ်းများကို ခပ်ယူကာ ဆွမ်းနှင့်ဆွမ်းဟင်း မှျစ်ကြော်ကို သံဃာများအား လောင်းလှူလိုက်၏။ သီဟတစ်ယောက် အိမ်သို့ပြန်ရောက် မလာသေးပေ။ ခဏအကြာ ဘေးအိမ်မှ-

"အဒေါ်ရေ ကိုသီဟ ဒီနေ့ ပြန်မလာဖြစ်ဘူးတဲ့။ ကားမမီလို့တဲ့။ ဖုန်းလှမ်းဆက်တယ်။ မနက်မှ ပြန်လာမယ်တဲ့။ အဒေါ် မျှော်နေမှာစိုးလို့ လာပြောတာ"

မျှော်သာမျှော် ပေါ်မလာသောသားအတွက် စိတ်ပူနေမိပြန်သည်။ မနက်ဖြန်ကိုသာ အမြန်ရောက်ချင်နေသော မရင်ထွေး။

(၆)

"အမေရေ အမေ"

နံနက်စောစော သီဟ၏ အော်ခေါ်သံကို ကြားရသည်။ မရင်ထွေးသည် သီဟ၏ အသံကြောင့် အိပ်ရာမှ လူးလဲထလိုက်သည်။ အိမ်ရှေ့သို့ ထွက်လိုက်၏။

"သား အစောကြီးပါလား။ အမေ မနေ့က မျှော်နေတာ"

"အမေရေ နေ့လယ်ကားနဲ့ ပြန်ရမယ်။ မနက်ကျောင်းအမီ"

သီဟ၏ ပြောစကားများကြောင့် မရင်ထွေး မျက်နှာညှိုးသွား၏။ တစ်နေကုန် သားနှင့် နေရမည်ဟု မျှော်လင့်ထားသော်လည်း ဆန္ဒနှင့် လက်တွေ့ ခြားနားသွားသည်။ သားမသိအောင် ကျလာသော မျက်ရည်ကို သုတ်လိုက်၏။

"အမေ ထမင်းဆာတယ်။ ဘာချက်ထားတုံး"

မရင်ထွေးသည် သားစားရန် ထမင်းပွဲကိုလတ်လတ်ဆတ်ဆတ် ကြော်ထားသော မှျစ်ကြော်နှင့် ငါးပိရည်တို့စရာများဖြင့် ပြင်ပေးလိုက်သည်။ သီဟသည် ထမင်းဝိုင်းကို ကြည့်၍ -

"အမေတို့ကလဲ နေရာသာ ပြောင်းတယ် မှျစ်ကြော်က မပြောင်းဘူး။ မိုးတွင်းရောက်ပြီဆိုတာနဲ့ မှျစ်ကြော်

စာမျက်နှာ ၂၅သို့ ➤

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၁၀၆ ဧက စိုက်ပျိုးမည်



**ကန့်ဘလူ မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၁၀၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၁၀၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ စတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကြံ ၁၁၀၆ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနှစ် ကြံစိုက်ပျိုးမှုအနေနဲ့လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက်ဆောင်ရွက်ပေးမယ်။ ကန့်ဘလူမြို့နယ်မှာ ကြံကို စီးပွားဖြစ်စိုက်ပျိုးတယ်။ အထွက်နှုန်းတိုးတဲ့ ကြံမျိုးပြောင်းပြီးတော့စိုက်ဖို့ ဆောင်ရွက်ပေးတယ်။ ကြံ စိုက်ပျိုးမှုဟာ မိုးရာသီမှာ အများစုစိုက်ပျိုးကြပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကြံစိုက်ပျိုးမှုအနေဖြင့်စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် ကြံစိုက်ပျိုးမှု အများဆုံးဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမျိုး ဖြစ်သည့် K-95 ၊84 ၊ နဝဒေး-၄၊ ဖော်မို၈၊ ဆင်းရွှေလီမျိုးများကို စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ဝါးခယ်မမြို့နယ် မြို့ချောင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝါးခယ်မ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ မြို့ချောင်းကြီးကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးနေဇော်ထက်နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါစည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊နည်းဥပဒေများမှကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၈ ဒသမ ၃၅ သန်း လွှဲ ပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြို့ချောင်းကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၂၈ ဒသမ ၈၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၇ ဒသမ ၄၆ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ငါး ဦးကို ငွေကျပ် ၁ ဒသမ ၇၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုည ဒသမ ၃၅သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦး ကို ငွေကျပ် ၃၈ ဒသမ ၃၅သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

➤ စာမျက်နှာ ၂၄ မှအဆက်

ပဲ စားနေရတယ်။ ကျောင်းပို့ပေးတာလဲ မျှစ်ကြော်၊ အိမ်မှာကျွေးတာလဲ မျှစ်ကြော်။ မျှစ်ကြော်တွေစားပြီး အစာအိမ်ရောဂါဖြစ်ခါမှ သားလေး သားလေးဆိုပြီး မျည်ရည် စမ်းစမ်း မလုပ်နဲ့။ တော်ပြီ မစားတော့ဘူး။ ကျောင်းပြန်တော့မယ်။ သားတောင်းထားတဲ့ ပိုက်ဆံသာပေး"

သီဟ၏ အပြောအဆိုများကြား ပါးစပ်အဟောင်း သားဖြင့် အင်းမလုပ် အဲမလုပ် ဖြစ်နေသော မရင်ထွေး။ ကြောင်တောင်တောင် ဖြစ်နေသော မရင်ထွေး။

"အမေ ပိုက်ဆံပေးလို့"

သီဟ အော်ပြောမှ အသိစိတ်တို့ ပြန်ဝင်လာသည်။ ထို့နောက် ဘုရားဆင်းတုတော်အောက်က ပိုက်ဆံ ခြောက်သောင်းကိုယူပြီး သီဟကိုပေးလိုက်သည်။ ပိုက်ဆံရပြီးသော သီဟသည် မိခင်ဖြစ်သူကို လှည့်မကြည့်တော့ဘဲ အိမ်ပေါ်မှ ဆင်းသွားတော့၏။ သားအတွက် ချဉ်ပေါင်ရွက်နှင့် မျှစ်ကိုရောကြော်ထားသော ဟင်းဘူးလေးကို မရင်ထွေး ပိုက်ထားလျက်။ ရရာအလုပ်ကို လုပ်ကိုင်ပြီး သားအတွက် တိုက်ပွဲဝင်ရသော မရင်ထွေး။ မျှစ်ကို ရောင်း၊ မျှစ်ကြော်ကို နေ့တိုင်းစားပြီး သားအတွက် ပိုက်ဆံစုရသော မရင်ထွေး။ သားသီဟ၏ ကျောပြင်ကို ကြည့်၍ ကျလာသော မျက်ရည်များကိုသုတ် လိုက်လေသည်။

(၇)

"အမေ စားလေ။ ထမင်းစားလို့ရော မြိန်ရဲ့လား"

သီဟ၏ ပြောစကားကြောင့် ဒေါ်ရင်ထွေး အတွေးစကို ဖြတ်လိုက်သည်။

"ကောင်းပါတယ် သားရယ်။ ဘဝဆိုတာ ဒီလိုပါပဲ။ မြေးမလေးအတွက် စိတ်မကောင်းမဖြစ်ပါနဲ့ သား။ သူ့အဘွားရောက်တော့ ဟင်းကောင်းကောင်း စားချင်လို့နေမှာပါ။ သားသမီးဆိုတာ မိဘ စီးပွားရေး အခြေအနေ ဘယ်လိုသိပ့ါမလဲ။ ကိုယ့်ဝမ်းနာ ကိုယ်သာသိ။ အခုခေတ်က ချွေတာနိုင်မှ"

သီဟသည် မိခင်၏ စကားကို နားထောင်ကာနေ၏။ မိဘနေရာကို ရောက်မှ ဒေါ်ရင်ထွေး၏ မေတ္တာ၊ စေတနာကိုပို၍ နားလည်လာတော့သည်။ ချက်ချင်းဆိုသလို သီဟသည် ဒေါ်ရင်ထွေးကို ကန်တော့လိုက်သည်။

"သား တောင်းပန်ပါတယ် အမေ။ တစ်ချိန်က အမှားတွေအတွက်"

"ရပါတယ် သားရယ်။ အမေခွင့်လွှတ်ပြီးသားပါ။ သားလဲ မိဘနေရာရောက်နေပြီပဲ။ ရောက်တဲ့နေရာမှာ အကောင်းဆုံးဖြစ်အောင် ကြိုးစား။ ကဲ ထ ထ ထမင်းစားကြရအောင်"

သားအမိနှစ်ယောက်တို့၏ အပြုအမူတို့ကို မြင်ရသူအဖို့ စိတ်ချမ်းသာစရာ ကောင်းလှပေသည်။ တစ်မိသားစုလုံး မျှစ်ကြော်နှင့် ငါးပိရည်တို့စရာတို့ကို မြိန်ရှက်စွာ စားသောက်ကြလေတော့သည်။

## အမှားသိမြင် အမှန်ပြင်

\- လူတိုင်းသည် အမှားမကင်း
နားလည်ရင်း ရှေ့ဆက်ပါ၊
မှန်ရာကို လမ်းညွှန်ပြလို့
ဖေးမပျူငှာ၊
အတူတကွ အဖြေရှာ
သောကရင်မှာ မပွားရ၊
ရှောင်ဖယ်လို အမုန်းတရားကိုဖြင့်
အမှားနည်းစွ။

\- ဖြစ်ခွင့်ကြုံ လူ့ဘဝမှာ
ဒေါသအား ရှေ့တန်းတင်၊
စိတ်သန္တာန် ကြမ်းတမ်းလှ
မာန်မာနဝင်၊
အမှားတို့အား အမှန်ထင်
နောင်တစ်ချိန်တွင် ပြင်ရခက်၊
လောကမှာ ဘဝင်ညှိုးလို့
မျိုးဂုဏ်လည်းပျက်။

\- အတ္တကို ချိုးနှိမ်လျက်
ဆုံးဖြတ်ချက် မှန်ကန်စေ၊
ကျင့်သုံးပါ အမှန်တရား
မှတ်သားရှာဖွေ၊
နှလုံးသား လှဖို့လေ
အမုန်းတွေ ဖယ်ခွာရင်း၊
စေတနာ အချစ်စစ်နှင့်
မေတ္တာလမ်းခင်း။ ။

**မင်းဝေအောင်(ရဲကျွန်း)**

# ငါန်းငွန်မြို့နယ် ရွှေတွင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ငါန်းဇွန် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေတွင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူးဦးမိုးအောင်နှင့် မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းများနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရွှေတွင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ဦးကို ငွေကျပ် ၂၆ဒသမ၃သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ဦး ကို ငွေကျပ် ၂၅ ဒသမ ၃ သန်းနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ သုံး ဦးကိုငွေကျပ် ၁ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၃ဒသမ ၂သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# သွန်းခါညောင်ရေ အေးပါစေ

မေတ္တာမိုးနှင်း(ပဲခူး)

မြန်မာပြက္ခဒိန်တွင် ဆယ့်နှစ်လရာသီရှိပြီး ဆယ့်နှစ်လရာသီပတ်လုံး နေ့ထူးနေ့မြတ်အထိမ်းအမှတ်ပွဲများ ကျင်းပလေ့ရှိသည်။ ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်ကြသည့်အလျောက် လပြည့်၊ လကွယ်စသည့်ရက်များတွင် သီတင်းသီလဆောက်တည်ကြရုံမက ဘာသာရေးဆိုင်ရာပွဲများကိုလည်း ရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

**ကဆုန်လ**

ကဆုန်လသည်အခေါ်အဝေါ်အရ "က"မှာ "ရေ" ဟု အနက်ရသည်။ "ဆုန်"မှာကား သွန်းခြင်း၊ လောင်းခြင်း၊ ဖျန်းခြင်းဟုအနက်အဓိပ္ပာယ်ရသည်။ ထို့ကြောင့်ကဆုန်လသည် ရေသွန်းလ၊ ရေလောင်းလ၊ ရေဖျန်းလဟု အဓိပ္ပာယ်ရရှိသည်။ ရှေးဟောင်းပုဂံခေတ်သက္ကရာဇ် ၄၆၉ ခုနှစ်တွင် ရေးထိုးသည့် ထီးလှိုင်ရှင် ကျောက်စာမှစ၍"ကုဆုန်" ဟု ရေးထိုးကြသည်။ "ကုဆုန်" မှ "ကဆုန်"အရေးအသားသို့ ရွေ့လျောသွားသည်။ "ကုဆုန်၊ "ကဆုန်လ" အခေါ်အဝေါ်သည် မြန်မာတို့၏ ညောင်ရေသွန်းပွဲတော်ကျင်းပခြင်းအစဉ်အလာမှ လွှမ်းမိုးလာဟန်တူသည်ဟုလည်း မှတ်သားရသည်။ ညောင်ရေသွန်းပွဲတော်ကျင်းပသည်မှာလည်း ပုဂံပြည်သို့ သာသနာတော်ရောက်သည်မှ အစပြုနိုင်ကြောင်း ညွှန်ပြကြသည်။

**ကဆုန်လပြည့်နေ့၏ထူးခြားချက်များ**

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ကြီး ဖြစ်ပေသည်။ ဘုရားအလောင်းတော်သုမေဓာရှင်ရသေ့သည် ဤဘဒ္ဒကမ္ဘာ၌လေးဆူမြောက်ဖြစ်သော ဂေါတမအမည်ဖြင့်ဘုရားစင်စစ်ဧကန်ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာ မြတ်စွာဘုရားထံမှ နိယတဗျာဒိတ်ကို ကဆုန်လပြည့်နေ့တွင်ခံယူခဲ့သည်။

ဂေါတမမြတ်စွာဘုရားလောင်း ဖြစ်တော်မူသော သိဒ္ဓတ္ထမင်းသားကို သက္ကတိုင်း ကပိလဝတ် (နီပေါနိုင်ငံ)တွင် ကပိလဝတ်ပြည့်ရှင် သာကီဝင်မင်းမျိုးဖြစ်သော သုဒ္ဓေါဒနမင်းကြီးနှင့် မိဖုရားခေါင်ဖြစ်သော သိရီမဟာမာယာမိဖုရားကြီးတို့မှ လွန်ခဲ့သောနှစ်ပေါင်း၂၆၀၀ ခရစ်တော်မပေါ်မီ (ဘီစီ ၆၂၃) မဟာသက္ကရာဇ် ၆၈ ခု ကဆုန်လပြည့် သောကြာနေ့ နံနက် ၁ ချက်တီးအချိန် ဝိသာခါနက္ခတ်နှင့် စန်းအယှဉ်တွင် ကပိလဝတ်ပြည်မှ ဒေဝဒဟပြည်သို့အသွား လုမ္ဗိနီအင်ကြင်းတော၌ ဖွားမြင်တော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် ဗောဓိပင်ရင်း၌ သဗ္ဗညုတဉာဏ်တော်ကိုရရှိကာ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့တွင်မူ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူခဲ့သည်။

ဤသို့ သောထူးခြားချက် ၄-ရပ်နှင့် ပြည့်စုံသဖြင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့ဟု သတ်မှတ်ခဲ့ကြသည်။ ထို့ကြောင့် ကဆုန်လပြည့်နေ့ကို ဗျာဒိတ်တော်ခံ၊ ဖွား၊ ပွင့်၊ စံ ဟု အကျဉ်းချုပ်မှတ်သားကြသည်။

ဘုရားအလောင်းတော်သည် မဟာဗောဓိပင်ကို အမှီပြု၍ အရှေ့ဘက်သို့ မျက်နှာပြုပြီး အပရာဇိတပလ္လင်ပေါ်တွင်ထက်ဝယ် ဖွဲ့ခွေထိုင်တော်မူကာ ဘုရားမဖြစ်သမျှ ဤနေရာမှ မထတော့ပြီဟု အင်္ဂါလေးပါးဝီရိယတရားတို့ဖြင့် ထိုင်တော်မူစဉ် ဝသဝတ္တီနတ်ပြည်မှ မာရ်နတ်သည်၎င်း၏ အခြံအရံနတ်သားများနှင့် အရှေ့၊ လက်ဝဲ၊ လက်ယာ၊ အထက်ယူဇနာများစွာ ထုထည်ကြီးမားလှစွာသော မာရ်စစ်သည်များနှင့်တကွ ကိုယ်တိုင်လည်း လက်ရုံးတစ်ထောင်ကို ဖန်ဆင်းကာ လက်နက်မျိုးစုံစွဲကိုင်လျက် ယူဇနာ ၁၅၀ ရှိသည့် မေခလာဆင်ကိုစီးကာ ကြောက်မက်ဖွယ် ပုံသဏ္ဌာန်အဆင်း၊ အသံများဖြင့် တစ်ခဲနက်ကြွေးကြော်တိုက်ခိုက်ကြသည်။ သို့ရာတွင် ဘုရားအလောင်းတော်၏ ဘဝများစွာတွင် ဖြည့်ကျင့်ခဲ့သော ပါရမီကုသိုလ်တော်နှင့် မေတ္တာဓာတ်တို့ကို မယှဉ်နိုင်သည့်အတွက် တိုက်ခိုက်မှုမှန်သမျှ အရေးနိမ့်ခဲ့ရကာ မာရ်နတ်နှင့် အပေါင်းအပါတို့ ဝသဝတ္တီနတ်ပြည်သို့ တပ်ခေါက်ပြန်ပြေးကြရသည်။ ထို့ပြင် ကိလေသမာရ်၊ အဘိသင်္ခါရမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ် ဟူသောမာရ်လေးပါးတို့ကိုလည်း အောင်မြင်တော်မူခဲ့သည်။ ကဆုန်လပြည့်နေ့တွင် မာရ်ငါးပါးကိုအောင်မြင်တော်မူခြင်းကြောင့် မာရ်အောင်မြင်သောနေ့လည်းဖြစ်ပေသည်။

**အပြည်ပြည်ဆိုင်ရာရုံးပိတ်ရက်**

ကဆုန်လသည် နွေလဖြစ်သည့်အလျောက် ဆည်မြောင်း၊ ကန်ချောင်း၊ ရေတွင်းရေအိုင်တို့ ရေခန်း၊ ရေပြတ်သည့်လဖြစ်သည်။ မြန်မာလများအနက် ဒုတိယမြောက်လ၊ ပြိဿရာသီ၊ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်သောလဖြစ်သည်။ ထို့ကြောင့် ပါဠိ၊ သက္ကတ၊ ဟိန္ဒီ၊ ဘင်္ဂါလီဘာသာတို့တွင် ကဆုန်လကို 'ဝိသာခါ' (Vesak) ဟုခေါ်ကြသည်။ ထိုမှဆင်းသက်ကာ ကဆုန်လပြည့်နေ့ကို Vesak Day ဟုခေါ်ဝေါ်ကြသည်။ ခရစ်နှစ် ၁၉၉၉ ခုနှစ်မှစ၍ ကဆုန်လပြည့် (Vesak Day)သည် အပြည်ပြည်ဆိုင်ရာရုံးပိတ်ရက် "Vesak Universal Holiday" ဖြစ်လာခဲ့သည်။

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၅ ရက်မှ ၁၄ ရက်ထိ ကျင်းပခဲ့သည့် "အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာကွန်ဖရင့်"တွင် ကဆုန်လပြည့်နေ့ကို ကမ္ဘာ့ရုံးပိတ်ရက်အဖြစ် သတ်မှတ်နိုင်ရေး ဆွေးနွေးဆုံးဖြတ်ခဲ့ပြီး ၁၉၉၉ ခုနှစ် စက်တင်ဘာလတွင် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးက ကုလသမဂ္ဂသို့ အဆိုတင်သွင်းခဲ့ရာ (၅၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာနိုင်ငံအပါအဝင် အာရှဗုဒ္ဓဘာသာနိုင်ငံများ၊ တောင်အာရှအဖွဲ့ဝင်နိုင်ငံများ၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့ အပါအဝင်နိုင်ငံစုစုပေါင်း၁၄ နိုင်ငံက ထောက်ခံခဲ့သည်။ သို့ဖြင့် ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ကဆုန်လပြည့် နေ့ကို အပြည်ပြည်ဆိုင်ရာရုံးပိတ်ရက် "Vesak Universal Holiday"အဖြစ်သတ်မှတ်ခဲ့သည်။ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်တွင် ဗုဒ္ဓဘုရားရှင်၏ သာသနာတော်သည် ကမ္ဘာပေါ်တွင် သက်တမ်းရှည်ကြာသည့် သာသနာဖြစ်ပြီး ဘုရားရှင်၏ အဆုံးအမတော်သည်လည်း နှစ်ပေါင်း ၂၅၀၀ကျော်သည့်တိုင် လူသားတို့အပေါ် ကာယသုခ၊ စိတ္တသုခနှင့် ငြိမ်းချမ်း ရေးတို့ကိုပေးခဲ့ပြီး နောင်အနာဂတ်တွင်လည်း ကမ္ဘာ့လူသားတို့အပေါ် ဆက်လက်သက်ရောက်နေမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

**ညောင်ရေသွန်းပွဲတော်**

မြန်မာနိုင်ငံ၌ ရှေးဘုရင်များရှိခဲ့စဉ်က ကဆုန်လတွင်ကျင်းပသော ညောင်ရေသွန်းပွဲတော်သည် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ကြီးမှူးကျင်းပ၍ အလွန်ကြီးကျယ်ခမ်းနားစည်ကားလှသည်။ ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းတရားလက်ထက်တွင် မဲဇာသို့အပို့ခံရသော လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံသည် ကဆုန်လပြည့်နေ့တွင် မဲဇာရပ်သူတို့ ကျင်းပသွန်းလောင်းကြသော ညောင်ရေပွဲသဘင်ကို တွေ့မြင်လိုက်ရသည့်အခါ ရတနာပူရရွှေမြို့တော်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ညောင်ရေသွန်းပွဲတော်ကြီးကို မြင်ယောင်လာပြီး "ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်၊ ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုယူသည်" ဟူ၍ သူရောက်နေသော မဲဇာအရပ်မှ ညောင်ရေသွန်းပွဲကို မှတ်မှတ်ရရစာဖွဲ့ခဲ့သည်။

အင်းဝခေတ် ဆယ့်နှစ်ရာသီဘွဲ့ကဆုန်လဘွဲ့ကို စာဆိုတော် ဆီသည်ရွာစား ဦးအောင်ကြီးရေးသားသည့်လူးတားတွင်"မိုးသားကျူးစ၊ ကဆုန်လကား၊ လောကထွတ်ထား၊ ဘုရားသခင်၊ ရွှေပလ္လင်ဝယ်၊ ရွှေပင်ရောင်တောက်၊ ညောင်တော်အောက်၌၊ ပေါက်သည်ကိုမူ၊ အကြောင်းယူ၍၊ မဥ္ဇူလှရာ၊ ပန်းတကာကို၊ မြူတာတကောင်း၊ မသင်းတောင်းဝယ်၊ သွန်းလောင်းရေပြည့်၊ ဖြိုးမှုထည့်လျက်၊ ပတ်လည့်ညာကြွေ၊ ရှင်တော်မွေ့ကို၊ ရှိသေ သဘင်၊ ပွဲကြီး ယင်၍၊ ကြည်လင်သဒ္ဓါ၊ ငြိမ်းကြောင်းရှာသည်၊ အခါညောင်ရေသွန်းတည့်လေး၊ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝန်းတည့်လေး" ဟုဖွဲ့ဆိုထားသည်။ ညောင်ရေသွန်းလောင်းသည့် ကဆုန်လရာသီပွဲတော်ကို ရှေးမြန်မာမင်းများလက်ထက်မှစ၍ ယနေ့ထိ မြုလုပ်ကျင်းပဆဲဖြစ်ပါသည်။

ကဆုန်လရာသီသည် နွေလယ်နေဖြစ်သည့်အတွက် ပူပြင်းခြောက်သွေ့သည်။ ထို့ကြောင့် "တန်ခူး ရေကုန်၊ ကဆုန် ရေခန်း"ဟုလည်းကောင်း၊ "ကဆုန်၊ နယုန် ဆွေ့ဆွေ့ခုန်"ဟူ၍လည်းကောင်း စကားရှိသည့်အတိုင်း အလွန်ပူလောင်လှပါသည်။ ကဆုန်လပြည့်နေ့တွင် မြတ်စွာဘုရားရှင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်တော်ကို မာရ်နတ်မင်း၏ နှောင့်ယှက်မှုများကြားက အောင်မြင်နိုင်ခဲ့ပြီး သဗ္ဗညုတရွှေဉာဏ်တော်ကိုရရှိခဲ့၍ ဘုရားစင်စစ်ဧကန်ပွင့်တော်မူခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် အထွတ်အမြတ်ထားသည့် ဗောဓိညောင်ရွှေဗုဒ္ဓဟေပင်ကြီးကို သက်တော်ထင်ရှားမြတ်စွာဘုရားရှင်ကိုရည်မှန်းပူဇော်၍ ရေသွန်းလောင်းကြခြင်းဖြစ်သည်။ ပူပြင်းခြောက်သွေ့သောအချိန်၌ ဗောဓိညောင်ပင်အားညှိုးနွမ်းခြင်းမဖြစ်စေရန် ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ရေသွန်းလောင်းပူဇော်ခြင်းအားဖြင့် အေးမြခြင်းနှင့်ပြည့်စုံ၍ အပူသောကဟူသမျှကင်းဝေးပါစေ ကြောင်းယုံကြည်လျက် ညောင်ရေသွန်းပွဲတော်ကို ကျင်းပရခြင်းဖြစ်ပါသည်။

**သွန်းခါညောင်ရေ အေးပါစေ**

ကဆုန်လ ညောင်ရေသွန်းလောင်းခြင်းနှင့်ပတ်သက်၍ လောကဗျူဟာအင်ရုံစာတမ်းတွင် ထူးခြားသောမှတ်ချက်တစ်ခုရှိသည်။ "ကဆုန်နယုန် ဆွေ့ဆွေ့ခုန်" စကားအတိုင်း နွေကာလ၏ အပူဆုံးလများဖြစ်၍ ရေခန်းခြောက်သည်။ ရမည်းသင်း မင်းတရားကြီးလက်ထက်တွင် ကဆုန်လမိုးမရွာ၍ အိပ်မက်မြင်မက်ရာ၊ ထိုအိပ်မက်ထဲကအတိုင်း ပတ္တမြားစေတီဘုရား၌ ညောင်ရေသွန်းလောင်းခြင်းကိစ္စကို စီရင်ခဲ့ရာ မိုးသည်းထန်စွာရွာချခဲ့ကြောင်းနှင့် မိုးခေါင်ရေရှားသောအရပ်များတွင် မိုးကြီးရွာချစေရန် ညောင်ရေသွန်းလောင်းသော ဓလေ့ရှိခဲ့ကြောင်း လေ့လာသိရှိခဲ့ရသည်။

ကဆုန်လပြည့်နေ့တွင် ဘုရားစေတီများရှိ ဗောဓိညောင်ပင်များတွင် မိသားစုအလိုက်သော်လည်းကောင်း၊ အသင်းအဖွဲ့များအလိုက်သော်လည်းကောင်း စုပေါင်း၍ညောင်ရေသွန်းလောင်းကုသိုလ်ပြုကြသည်။ သက်တော်ထင်ရှားမြတ်စွာဘုရားရှင်ကို ရည်မှန်းပူဇော်၍ ဗုဒ္ဓရုပ်ပွားတော်များအားရေသပ္ပာယ်လျက် စိတ်နှလုံးချမ်းမြေ့မှုကိုရယူကြသည်။ ပူပြင်းခြောက်သွေ့သောကာလတွင် အပူသောကများကင်းဝေးပါစေကြောင်းတောင်းဆုပြု၍ ညောင်ရေသွန်းလောင်းကြရသည်။ ကဆုန်လပြည့်ဗုဒ္ဓနေ့၌ ညောင်ရေသွန်းလောင်းလျက် ကုသိုလ်တရားများပွားများကာ မြန်မာပြည်ကြီးငြိမ်းချမ်းသာယာပါစေကြောင်း ဆုမွန်ကောင်းဖြင့် ရေးသားလိုက်ရပေသည်။

❖ကဆုန်လပြည့်နေ့တွင် မြတ်စွာဘုရားရှင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်တော်ကို မာရ်နတ်မင်း၏နှောင့်ယှက်မှုများကြားက အောင်မြင်နိုင်ခဲ့ပြီး သဗ္ဗညုတရွှေဉာဏ်တော်ကိုရရှိခဲ့၍ ဘုရားစင်စစ်ဧကန်ပွင့်တော်မူခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် အထွတ်အမြတ်ထားသည့် ဗောဓိညောင်ရွှေဗုဒ္ဓဟေပင်ကြီးကို သက်တော်ထင်ရှားမြတ်စွာဘုရားရှင်ကိုရည်မှန်းပူဇော်၍ ရေသွန်းလောင်းကြခြင်းဖြစ်သည်။ ပူပြင်းခြောက်သွေ့သောအချိန်၌ ဗောဓိညောင်ပင်အားညှိုးနွမ်းခြင်းမဖြစ်စေရန် ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် ရေသွန်းလောင်းပူဇော်ခြင်းအားဖြင့် အေးမြခြင်းနှင့်ပြည့်စုံ၍ အပူသောကဟူသမျှကင်းဝေးပါစေကြောင်း ယုံကြည်လျက် ညောင်ရေသွန်းပွဲတော်ကို ကျင်းပရခြင်းဖြစ်ပါသည်။ ❖

**ကိုးကား**

- မြန်မာစာညွှန့်ပေါင်းကျမ်း
- ဦးဖိုးလတ်၏ မြန်မာလအမည်များ

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ငပုတောမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နွေစပါး ၂၃၈၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ငပုတော မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် နွေစပါး ၂၃၈၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ငပုတောမြို့နယ်တွင် နွေစပါး ၇၉၃၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသည့် စပါးခင်းများကို ဧပြီလ တတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါး ၂၃၈၅ ဧက ထိရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းပြီးစီးပြီဖြစ်သော နွေစပါး တစ်ဧကလျှင် ၁၀၅ ဒသမ ၂၈ တင်းထိထွက်ရှိခဲ့ကြောင်း သိရသည်။

"နွေစပါးတွေ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးစိုက်ပျိုးရေးဦးစီးဌာန၊ ဆက်စပ်ဌာနတွေနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့တယ်။ ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါး စုစုပေါင်း ၇၉၃၃ ဧကထိစိုက်ပျိုးနိုင်ခဲ့တယ်။ အခု စပါးဧက ၂၀၀၀ ကျော်ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးဟာ နှစ်စဉ်နှစ်တိုင်း စိုက်နေကျသီးနှံဖြစ်လို့ တောင်သူတွေအတွက် စိုက်ဖို့ကအခက်အခဲမရှိပါဘူး။ ပိုးမွှားအန္တရာယ်နဲ့ ပတ်သက်လို့ ရုတ်တရက်ကျရောက်ရင်လဲ ဖြေရှင်းဖို့ကိုသင်တန်းတွေ ပေးထားခဲ့ပါတယ်။ နွေသီးနှံစိုက်ပျိုးရာသီမှာ စပါးကဧကအများဆုံးဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် နွေစပါးများစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ၊ စိုက်နည်းစနစ်မှန်ကန်စေရေး နည်းပညာများ၊ ပိုးသတ်ဆေးနှင့် အာဟာရဓာတ်ရရှိစေရန် ဆေးသုံးစွဲမှုနည်းစနစ်တကျရှိစေရေး၊ အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး နည်းစနစ်များ စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# သရက်မြို့နယ် ရွာသစ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**သရက် မေ ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်ထောင်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာတွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုကို မေ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွာသစ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဒသမ အကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို ရန်ပုံငွေကျပ် ၅၉၃ သိန်း ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။ **ဝင်းမာ**

# တို့ကမ္ဘာမြေထာဝရလှပဖို့ ပျားမွေးမြူကြပါစို့

လင်းလက်

**ထာဝရလှစေဖို့**

"ကမ္ဘာပေါ်မှာ ပျားတွေပျောက်ကွယ်သွားခဲ့ရင် လူ့ဘဝသက်တမ်းဟာ နောက်ထပ် လေးနှစ်သာကျန်ရှိ လိမ့်မယ်။ ပျားတွေလည်းမရှိ၊ ဝတ်မှုန်ကူးခြင်းလည်းမရှိ၊ အပင်ဆိုတာလည်းမရှိ၊ တိရစ္ဆာန်လေးတွေလည်းမရှိ၊ လူသားဆိုတာလည်းမရှိဖြစ်လိမ့်မယ်" အဲလ်ဘတ် အိုင်းစတိုင်းဆိုသည့် စာသားလေးကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပျားမွေးမြူဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့နယ်ရုံးလေးတစ်ရုံးသို့ ရောက်ရှိချိန်တွင် အမှတ်မထင် ဖတ်လိုက်မိသည်။ "ပျားလေးတွေမရှိရင် လူသားတွေပါ မရှိဖြစ်လိမ့်မယ်"ဆိုသည့် စာသားကလေးနှင့် ဆက်စပ်၍ "ပျားတွေကလူတွေကို ဘယ်လိုအကျိုးပြုလို့လဲ၊ ကျန်းမာရေးအတွက် ဘယ်လောက်ထိများ အသုံးဝင်လို့လဲ"ဆိုသည့်အတွေးများကို ထပ်ဆင့်ဖြစ်ပွားမိစေသည်။ အင်းဆက်ပိုးမွှားသာသာအရွယ်ရှိသည့် ပျားလို အကောင်သေးသေးလေးများ ကမ္ဘာမြေထက်က ပျောက်ကွယ်သွားခြင်းသည် လူသားတို့အတွက် မည်မျှထိခိုက်စေနိုင်သည်ကား မေးခွန်းထုတ်စရာ ဖြစ်လာသည်။

လှပပန်း၊ စိတ်ပင်ပန်းဖြစ်နေသည့်အခါတွင် ပန်းရောင်စုံဖူးပွင့်ဝေဆာနေသည့် ပန်းခြံတစ်ခုအတွင်းသို့ မိသားစုဖြင့်သွားရောက်ကာ အပန်းဖြေလိုသည့်ဆန္ဒ လှုတိုင်းနီးပါးတွင်ရှိသည်။ လှပဝေဆာစွာဖူးပွင့်နေကြသော ပန်းကလေးများသည် မိမိ၏စိတ်ကို ကြည်လင်လန်းဆန်းစေနိုင်သည့်အတွက် ပန်းကလေးများကို ချစ်ခင်မြတ်နိုးတတ်ကြသည်။ ထိုပန်းကလေးများ ပွင့်လန်းအောင် နောက်ကွယ်မှဝတ်မှုန်ကူးပေးပြီး သူတို့ဘာသာသူတို့ အလုပ်ရှုပ်နေသည့် ပျားကလေးများ၏ကျေးဇူးကို မေ့လျော့နေကြသည်။ ခန္ဓာကိုယ် အချိုးအစားလှပပြီး အသားအရေစိုပြည်ဝင်းလက်နေစေရန် ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို အသုံးပြုကြသော်လည်း ပျားကလေးများ၏ ကျေးဇူးကို မေ့လျော့နေကြသည်။

**သူတို့စေတနာ**

ပျားကလေးများသည် အသက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် သဘာဝအရ ဝတ်မှုန်လေးများကိုစုပ်ယူကြရသည်။ သူတို့သဘာဝ သူတို့အလုပ် သူတို့လုပ်ကြသည်ဟုဆိုသော်လည်း ဝတ်မှုန်ကူးခြင်းဖြင့် သစ်ပင်ကလေးများကို မျိုးသုဉ်းပျောက်ကွယ်သွားခြင်းမရှိအောင်ထိန်းသိမ်းပေးခြင်းဖြင့် ဂေဟစနစ်ကိုထိန်းညှိပေးနေသည်မှာ ပျားကလေးများ၏ သဘာဝစေတနာ အလှပင်ဖြစ်သည်။ ထို့ပြင် ပျားရည်၊ ပျားဖယောင်း၊ ပျားဝတ်မှုန်၊ ပျားအဆိပ်၊ ပျားကော်စသည့် အရာများကိုလည်း လူသားတို့အတွက် စေတနာအလှဖြင့် ယူဆောင်ပေးလာကြသည်။

ကမ္ဘာပေါ်တွင် ပျားမျိုးစိတ်ပေါင်း ၂၀၀၀၀ ကျော်ရှိပြီး ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ သစ်တောပြုန်းတီးမှု စသည့်စိန်ခေါ်မှုများသည် ပျားများ၏နေထိုင်ကျက်စားရာနေရာများကို ဆုံးရှုံးစေပြီး ပျားမျိုးစိတ်များကို လျော့ပါးစေလျက်ရှိသည်။ တောတောင်များတွင် သဘာဝအလျောက် ရှင်သန်နေထိုင်ကြသည့် တောရိုင်းပျားများသည်လည်း စိုက်ပျိုးမြေအတွက် သစ်တောခုတ်ထွင်ရှင်းလင်းခြင်း၊ တောမီးလောင်ခြင်းတို့ကဲ့သို့သော ဖြစ်စဉ်များကြောင့် တစ်နေ့တခြား နည်းပါးလာကြပြီဖြစ်သည်။ စိုက်ပျိုးမြေများအနီးတွင် ကျင်လည်ကျက်စားကြသော ပျားများသည်လည်း ပိုးသတ်ဆေး အလွန်အကျွံ သုံးစွဲမှုများကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးနေကြရသည်။ ပျားရည်၏ကောင်းကျိုးများနှင့် ပျားများ၏ သဘာဝပတ်ဝန်းကျင်အပေါ် ကောင်းကျိုးပြုမှုများကြောင့်ပင် ပျားများကို စနစ်တကျမွေးမြူ၍ ပျားရည်ထုတ်လုပ်ရောင်းချမှုများ နိုင်ငံတိုင်းတွင် လုပ်ဆောင်လာကြသည်။

**ကုသိုလ်လည်းရ ဝမ်းလည်းဝ**

၁၇၆၆ ခုနှစ်တွင် Slovenia နိုင်ငံသား Anton Jansa က ကမ္ဘာ့ခေတ်မီ ပျားမွေးမြူရေးသမိုင်းကို စတင်နိုင်ခဲ့သဖြင့် ၎င်း၏မွေးနေ့ဖြစ်သည့် မေလ ၂၀ ရက်နေ့ကို ကမ္ဘာ့ပျားနေ့ (World Bee Day) အဖြစ် သတ်မှတ်ကာ ပျားတို့၏ လူသားနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးပြုမှုတို့ကိုသိရှိပြီး ပျားမွေးမြူခြင်းလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ နှစ်စဉ် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလေ့ရှိသည်။ ၁၉၇၉ ခုနှစ်တွင် လယ်ယာနှင့်သစ်တောဝန်ကြီးဌာနက ကမ္ဘာ့ကုလသမဂ္ဂအစီအစဉ်နှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့၏ ပူးပေါင်းကူညီမှုဖြင့် ဥရောပပျားမျိုး ပျားအုံ ၃၅၀ ကို ဩစတြေးလျနိုင်ငံမှ မှာယူပြီး ပျားမွေးမြူရေးကျွမ်းကျင်သူ ပိုလန်နိုင်ငံသား၏ နည်းပညာအကူအညီဖြင့် မြန်မာနိုင်ငံခေတ်မီပျားမွေးမြူရေးလုပ်ငန်းကိုစတင်ခဲ့သည်။




ပျားမွေးမြူသူများအနေဖြင့် ပျားပုံးများကို စိုက်ခင်းများဖြစ်သည့် ပဲအမျိုးမျိုး၊ ပြောင်း၊ နှမ်းနှင့် နေကြာခင်း စသည့်နေရာများအနီးတွင်ထားရှိကာ မွေးမြူကြသူများလည်းရှိသည်။ စိုက်ခင်းများက ပျားများဝတ်မှုန်ကူးနိုင်ရေးအတွက် အထောက်အကူပြုပြီး တစ်ဖက်တွင်လည်း ပျားများကဝတ်မှုန်ကူးပေးခြင်းဖြင့် စိုက်ခင်းများပိုမိုဖြစ်ထွန်းလေ့ရှိသဖြင့် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝသော အလုပ်ပင်ဖြစ်သည်။ နေကြာပင်များသည် အင်းဆက်များ၏ ဝတ်မှုန်ကူးခြင်းဖြင့် ပို၍အောင်မြင်ဖြစ်ထွန်းနိုင်ပြီး ပျားများက အကောင်းဆုံးဖြစ်သည်ဟု သိရသည်။ မြန်မာနိုင်ငံ ပျားမွေးမြူရေးကဏ္ဍမှ နှစ်စဉ်စိုက်ပျိုးဧက သိန်း ၂၀ ခန့် ဝတ်မှုန်ကူးဝန်ဆောင်မှုပေးလျက်ရှိပြီး မြန်မာနိုင်ငံ နေကြာစိုက်ဧက၏ ၁၁ ရာခိုင်နှုန်းခန့်ကိုဝတ်မှုန်ကူးပေးလျက်ရှိသည်ဟု သိရသည်။

**နိုင်ငံခြားဝင်ငွေရရှိ**

ပျားမွေးမြူရေးသည် ကိုယ်ပိုင်ဝင်ငွေရရှိနိုင်သောလုပ်ငန်းဖြစ်သကဲ့သို့ ပြည်တွင်းစားသုံးမှု ပိုလျှံ၍ နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်မည်ဆိုပါကလည်း နိုင်ငံခြားဝင်ငွေရရှိနိုင်သောလုပ်ငန်းဖြစ်သည်။ သဘာဝဂေဟစနစ်ကိုထိန်းညှိကာ စိုက်ပျိုးရေးကဏ္ဍမှ ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာတို့၏အထွက်နှုန်းကို တိုးမြှင့်ပေးစေနိုင်သကဲ့သို့ နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေကို ရှာဖွေပေးနေသောလုပ်ငန်းဖြစ်သဖြင့် တစ်ချက်ခုတ် နှစ်ချက်ပင်မကဘဲ သုံး၊ လေးချက် ပြတ်နိုင်သော လုပ်ငန်းပင်ဖြစ်သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပုဂ္ဂလိကပျားမွေးမြူသူဦးရေ ၈၂၀ နှင့် ပုဂ္ဂလိကပျားအုံ ၂၀၁၁၄၃ အုံမှ ပျားရည် ၆၅၀၀ မက်ထရစ်တန် ထုတ်လုပ်၍ ၂၅၀၀ မက်ထရစ်တန်ခန့်ကို နိုင်ငံခြားသို့တင်ပို့နိုင်ခဲ့ပြီး နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ သန်းရရှိခဲ့သည်ဟု သိရသည်။

ပုဂ္ဂလိကကဏ္ဍတွင် ပျားမွေးမြူသူများပိုမိုများပြားလာပြီး ပျားရည်များကို ထိုင်း၊ ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့ကာ နှစ်စဉ် နိုင်ငံခြားဝင်ငွေများ ရှာဖွေပေးလျက်ရှိသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပုဂ္ဂလိကကဏ္ဍမှ ပျားရည် ၂၂၆၉ ဒသမ ၆၆ တန်ကို နိုင်ငံခြားသို့တင်ပို့ရောင်းချနိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ သန်းကျော်ရရှိခဲ့ကြောင်း သိရသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလအတွင်း၌ပင် ပုဂ္ဂလိကကဏ္ဍမှ ပျားရည် ၂၀ ဒသမ ၆ မက်ထရစ်တန်ကို နိုင်ငံခြားသို့တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၁ သန်း ရရှိထားပြီးဖြစ်သည်ဟု သိရသည်။ နေကြာပျားရည်သည် နိုင်ငံခြားသို့ တင်ပို့မှုအများဆုံးဖြစ်သည်ဟု သိရသည်။

**အသားအရေလှစေဖို့**

ပြည်တွင်းဈေးကွက်တွင်လည်း သဘာဝပျားရည်၊ နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျားရည်၊ လိုက်ချီးပျားရည် စသည်ဖြင့် ပျားရည်အမျိုးမျိုးကို ထုတ်လုပ်ရောင်းချနေပြီး တစ်ဖက်တွင်လည်း ဆေးဝါးအဖြစ် အသုံးပြုမှုများရှိသည်။ ပျားရည်သည် လူတို့၏ အရေပြားပေါ်တွင်ရှိသော အသားအရေကိုပျက်စီးစေနိုင်သည့် ပိုးမွှားများကို ဖယ်ရှားပေးနိုင်သဖြင့် ပျားရည်ကိုလိမ်းပေးခြင်းဖြင့် ဝက်ခြံတင်းတိပ်ကင်းစင်၍ လှပသောအသားအရေကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ပျားရည်သည် အရေပြားပေါ်တွင်ရှိသော ပိုးမွှားများကိုကင်းစင်စေနိုင်သကဲ့သို့ ကင်ဆာဆဲလ်များကိုတိုက်ဖျက်ပစ်နိုင်သဖြင့် အရေပြားကင်ဆာဖြစ်ခြင်းကိုပင် ကာကွယ်နိုင်သည်ဟုသိရသည်။

ပျားရည်တွင် သာမန်အားဖြင့် ရေဓာတ် ၂၀ ရာခိုင်နှုန်း၊ Sucrose ငါးရာခိုင်နှုန်း၊ Fructose ၃၅ ရာခိုင်နှုန်း၊ Glucose ၃၀ ရာခိုင်နှုန်း၊ ဗီတာမင်၊ သတ္တုဓာတ်၊ ပရိုတင်းဓာတ်နှင့်အက်စစ်ဓာတ်များ ၁၀ ရာခိုင်နှုန်းခန့် စသည်ဖြင့် လူတို့၏ခန္ဓာကိုယ်ကို အာဟာရဖြစ်ပြီး အကျိုးပြုစေနိုင်သည့် အရာများများစွာပါဝင်သည်။ "ပျားရည်မျိုးဟူသမျှသည်ချို၏။ စဉ်းငယ်ဖန်၏။ အဆီမရှိ၊ ပြေလွယ်၏။ အေး၏။ ဝမ်းမီးကို တောက်စေ၏။ အနည်းငယ်စားလျှင် ဝမ်းချုပ်၏။ ဝအောင်စားလျှင် ဝမ်းပျော့ပျော့သွား၏။ လူကိုပိန်စေတတ်၏။ အသံကိုကောင်းစေတတ်၏။ မျက်စိနှင့်သင့်၏။ ကိုယ်အပေါက်ငယ်တို့မှဝင်၍ ပျံ့နှံ့တတ်၏။ အရွယ်ကို နုပျိုစေတတ်၏။ သွေး၊ လေ အရသာတို့ သွားလမ်းကို သုတ်သင်ရှင်းလင်းတတ်၏။ နှလုံးကို နှစ်သက်စေတတ်၏။ လွန်စွာကြည်လင်ခြင်းကိုပြုစေတတ်၏။ အဆင်းကိုကောင်းစေတတ်၏။ ဉာဏ်ပညာကို ပွားစေတတ်၏။ သုက်ကိုပွားစေတတ်၏။ ခံတွင်းကို ရှင်းစေတတ်၏။ နှုတ်ကို မြိန်စေတတ်၏။"ဟု ယောအတွင်းဝန်ဦးဘိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်းတွင် ဖော်ပြထားသည်။

**အနာကင်းသည့် ကျန်းမာခြင်း**

ပျားရည်သည် ခန္ဓာကိုယ်လှပစေကာ စိတ်ကြည်လင်လန်းဆန်းပြီး ကာယဗလပြည့်စုံနိုင်သကဲ့သို့ ခန္ဓာကိုယ်တွင် အနာရောဂါအမျိုးမျိုးစွဲကပ်ခြင်းမှ ကင်းလွတ်စေသည်။ ဒဏ်ရာအနာတရဖြစ်၍ ဆေးမရှိသည့်အခါ ပျားရည်လိမ်းနိုင်သည်။ "နူနာ၊ မြင်းသရိုက်နာ၊ ချောင်းဆိုးနာ၊ သွေးသည်းခြေ၊ သလိပ်၊ မေဟနာ၊ မောပန်းသောအနာ၊ ပိုးအနာ၊ အဆီခဲအနာ၊ ရေငတ်သောအနာ၊ အော့နာ၊ ပန်းနာ၊ ကိုယ်ပူနာ၊ ထိခိုက်ရှနာ၊ ဓာတ်အားကုန်ခမ်းသောအနာကိုနိုင်၏" ဟု ယောအတွင်းဝန်ဦးဘိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်းတွင် ထပ်မံဖော်ပြထားပြန်ရာ အနာရောဂါကင်းသည့် ကျန်းမာခြင်းကိုရရှိနိုင်ရေးအတွက် ပျားရည်တစ်စက်၏တန်ဖိုးက အနုမတဂ္ဂပင်။

အမျိုးသမီးငယ်များအတွက် အသားအရေလှပစေရေး အသုံးပြုနိုင်သကဲ့သို့ ပျားဝတ်မှုန်ကို စားသုံးပေးခြင်းဖြင့် အမျိုးသမီးများအတွက် ဓမ္မတာမမှန်ခြင်းကဲ့သို့သော အမျိုးသမီးရောဂါများကိုလည်း သက်သာပျောက်ကင်းစေနိုင်သည်။ ပျားဝတ်မှုန်တွင် ပရိုတင်းဓာတ်၊ အမိုင်နိုအက်စစ်၊ အဆီဓာတ်၊ ကာဗိုဟိုက်ဒရိတ်နှင့် ဗီတာမင်ဓာတ်များစွာပါဝင်ပြီး လက်ဆီသင် (Lecithin)ဟုခေါ်သည့် အင်ဇိုင်းသည် အဆီပိုများကို လောင်ကျွမ်းစေနိုင်သည့်အတွက် အဝလွန်သူများ၊ ကိုယ်အလေးချိန်လျှော့ချလိုသူများ ပုံမှန်သောက်သုံးပေးမည်ဆိုပါက ခန္ဓာကိုယ်သွယ်လျ လှပခြင်းကိုဖြစ်စေနိုင်သည်။ "ယောကျ်ားမှာဆီး၊ မိန်းမမှာမီး"ဆိုသည့်စကားနှင့်အညီ အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးပြီး အရွယ်တင်နုပျိုစေနိုင်သည့် ပျားဝတ်မှုန်သည် အမျိုးသားများအတွက် အသက်ဆုံးသည်ထိဖြစ်စေနိုင်သည့် ဆီးရောဂါအမျိုးမျိုးနှင့် ဆီးကျိတ်ကင်ဆာတို့ကို သက်သာပျောက်ကင်းစေနိုင်သည်။

**လက်ဆင့်ကမ်းလို့ မွေးမြူကြပါစို့**

ကမ္ဘာလောကကြီး အစဉ်သာယာလှပစေရေးအတွက် ပျားကလေးများက ဝတ်မှုန်ကူးခြင်းဖြင့် သစ်ပင်လေးများရှင်သန်ကာ ဂေဟစနစ်မပျက်စီးစေရေးအတွက် အချိန်ပြည့်အလုပ်လုပ်နေကြသည်။ လူငယ်များသည်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှအစပြု၍ အနာဂတ်ကမ္ဘာသာယာလှပစေရေးအတွက် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြပြီဖြစ်သည်။ လူငယ်များအနေဖြင့် ဂေဟစနစ်ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး၊ နိုင်ငံခြားဝင်ငွေရရှိရေးတို့တွင် ပျားမွေးမြူရေးက အဓိကအခန်းကဏ္ဍကပါဝင်နေပြီဖြစ်သည်ကို သိရှိနိုင်ရေး ယခုနှစ် မေလ ၂၀ ရက်နေ့တွင်ကျရောက်မည့် ကမ္ဘာ့ပျားနေ့အတွက် ဆောင်ပုဒ်ကို "Bee engaged with Youth"ဟု ချမှတ်ထားခြင်းဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းပေးနေသည့် ပျားကလေးများ၏ တန်ဖိုးကိုသိရှိကာ ပျားကလေးများရှင်သန်နိုင်မည့် သစ်ပင်၊ ပန်းမန်၊ ဉယျာဉ်ခြံများ စိုက်ပျိုးခြင်း၊ ပျားမွေးမြူရေးလုပ်ငန်းများအကြောင်း လေ့လာခြင်းနှင့် ကိုယ်တိုင်မွေးမြူနိုင်သည်ထိ ကြိုးစားဆောင်ရွက်ခြင်းဖြင့် ကမ္ဘာမြေအလှကို လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်ကြပါစေကြောင်း ရည်ရွယ်ဖော်ပြလိုက်ရသည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ၊
- ယောကျ်ားဆီးနှင့်ပျားဝတ်မှုန် (ဆောင်းပါး)၊ မောင်အောင်။

# တီဘီရောဂါအကြောင်းသိကောင်းစရာ

ပေါက်ပေါက်

တီဘီရောဂါသည် Mycobacterium Tuberculosis (Mtb) ခေါ် ဗက်တီးရီးယားတီဘီရောဂါပိုးကြောင့် ဖြစ်ပွားလာရပြီး အဆုတ်ကိုထိခိုက်ပျက်စီးစေသောရောဂါတစ်ခုဖြစ်သည်။ ထိုရောဂါပိုးကို ဂျာမနီသိပ္ပံပညာရှင် Dr.Robert Koch ဆိုသူက ရှာဖွေတွေ့ရှိခဲ့ကြောင်း လေ့လာသိရသည်။ တီဘီရောဂါသည် ၎င်းလူနာ၏ ပုံမှန်အသက်ရှူထုတ်မှု၊ ခပ်ပြင်းပြင်းအသက်ရှူထုတ်မှုနှင့် ချောင်းဆိုးမှုတို့မှ ထွက်ပေါ်လာသည့် အရည်အမှုန်များထဲတွင် ပါရှိနေသော Mtb ဗက်တီးရီးယားများကြောင့် ကူးစက်ပျံ့နှံ့နိုင်သည်။ ထို့ကြောင့် တီဘီရောဂါသည် လေမှတစ်ဆင့် ကူးစက်တတ်သောရောဂါဖြစ်၍ ချောင်းဆိုးခြင်း၊ စကားပြောခြင်း၊ နှာချေခြင်း၊ တံတွေးထွေးခြင်း၊ ရယ်မောခြင်း၊ သီချင်းဆိုခြင်း စသည်တို့ပြုလုပ်နေစဉ် ရောဂါကူးစက်စေနိုင်သည်။

တီဘီရောဂါရှိသူနှင့် အတူရှိနေကြသောကလေးများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများကို ရောဂါကူးရန် ပိုမိုအန္တရာယ်ရှိ၍ အထူးသတိရှိရန်လိုအပ်သည်။ ထို့ပြင် တီဘီရောဂါပိုးသည် ကျောက်ကပ်၊ ကျောရိုးနှင့် ဦးနှောက်အပါအဝင် ခန္ဓာကိုယ်၏အခြားအစိတ်အပိုင်းများကိုလည်း ပျက်စီးစေနိုင်သကဲ့သို့ ကိုယ်ခန္ဓာ၏ဂလင်းအကျိတ်များ၊ အရိုးများ၊ အာရုံကြောစသည့် မည်သည့်အစိတ်အပိုင်းကိုမဆို ပိုးဝင်ရောက်နိုင်သည်။

**အဆုတ်ပြင်ပတီဘီရောဂါအမျိုးအစားများ**

တီဘီရောဂါသည် အများအားဖြင့် အဆုတ်တွင်ဖြစ်သော်လည်း အခြားခန္ဓာကိုယ်အစိတ်အပိုင်းများမှာလည်း တီဘီဖြစ်နိုင်သည်။ ၎င်းကို အဆုတ်ပြင်ပတီဘီရောဂါဟုခေါ်သည်။ အဆုတ်ပြင်ပတီဘီရောဂါခုနစ်မျိုးရှိသည်။ ၎င်းတို့မှာ -


| | |
|---|---|
| အကျိတ်တီဘီ | - လည်ပင်း၊ ချိုင်းကြား သို့မဟုတ် ပေါင်ခြံရှိ အကျိတ်များ နာကျင်မှုမရှိဘဲကြီးလာခြင်း။ |
| ကျောရိုးတီဘီ | - ခါးနာခြင်း၊ ခြေထောက်များတွင် အားနည်းခြင်း သို့မဟုတ် သွက်ချာပါဒဖြစ်ခြင်း။ |
| ဦးနှောက်အမြှေးပါးရောင်တီဘီ | - ခေါင်းအပြင်းအထန်ကိုက်ခြင်း၊ လည်ပင်းတောင့်တင်းခြင်း၊ ပျို့အန်ခြင်း၊ အလင်းရောင်မကြည့်နိုင်ခြင်း။ |
| အရိုးအဆစ်တီဘီ | - အရိုးအဆစ်များနာကျင်ရောင်ရမ်းခြင်း၊ အရိုးအဆစ်လှုပ်ရှားမှုခက်ခဲခြင်း။ |
| ကျောက်ကပ်တီဘီ | - ခါးနာခြင်း၊ ဆီးသွေးပါခြင်း။ |
| အူတီဘီ | - ကာလရှည်ဝမ်းဗိုက်နာခြင်းနှင့် မအီမသာဖြစ်ခြင်း၊ ဝမ်းပျက်ခြင်း။ |
| အရေပြားတီဘီ | - ဆေးကုသရခက်သော အရေပြားအနာများဖြစ်ခြင်း။ |

**သတိထားသင့်သောဆေးယဉ်ပါးတီဘီရောဂါ**

ဆေးယဉ်ပါးတီဘီရောဂါဆိုသည်မှာ တီဘီကုသရာတွင် သုံးလေ့ရှိသော ပဋိဇီဝဆေးတစ်မျိုး သို့မဟုတ် တစ်ခုထက်ပိုသောဆေးအမျိုးအစားများကို ခုခံနိုင်ရည်ရှိလာသောတီဘီမျိုးကွဲများကို ဆိုလိုသည်။ တီဘီမဖြစ်ဖူးသေးသူပျမ်းမျှ ဦးရေ ၁၀၀ လျှင် ငါးဦးခန့် ဆေးယဉ်ပါးတီဘီကူးစက်နိုင်ခြေရှိပြီး တီဘီဖြစ်ဖူးသူများ၌ ပျမ်းမျှ ဦးရေ ၁၀၀ လျှင် ၂၇ ဦးခန့် ဖြစ်နိုင်ခြေရှိသည်။ ဆေးယဉ်ပါးတီဘီရောဂါလက္ခဏာများမှာ ဆေးကုသချိန် ကြာမြင့်သည်။ တချို့သူများတွင် ကုသသည့်ဆေးအမျိုးအစားပေါ်လိုက်၍ တစ်နှစ်မှ နှစ်နှစ်ထိ ဆေးကုသချိန် ကြာတတ်သည်။ ဆေးကုသရာတွင် သုံးသောပိုးသတ်ဆေးများ၏အာနိသင်ကို ပိုခံစားရကာ ပျို့ခြင်း၊ အန်ခြင်းဖြစ်တတ်သည်။

**မြန်မာနိုင်ငံနှင့် တီဘီရောဂါအခြေအနေ**

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တီဘီ၊ တီဘီအိပ်ချ်အိုင်ဗွီနှင့် ဆေးယဉ်ပါးတီဘီရောဂါအဖြစ်အများဆုံးနိုင်ငံ ၃၀ တွင် ပါဝင်နေသည်။ ၂၀၂၂ ခုနှစ် စာရင်းဇယားများအရ မြန်မာနိုင်ငံ၌ လူဦးရေတစ်သိန်းလျှင် တီဘီလူနာသစ် ဖြစ်ပွားနှုန်း ၃၀၈ ဦးရှိပြီး သေဆုံးနှုန်း ၃၃ ဦးရှိသည်ဟု ခန့်မှန်းထားသည်။ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၏ ၂၀၂၂ ခုနှစ် နှစ်ချုပ်အစီရင်ခံစာအရ လူဦးရေတစ်သိန်း၌ တီဘီလူနာရှာဖွေတွေ့ရှိနှုန်း ၁၁၈ ဦးနှင့် စုစုပေါင်းတီဘီလူနာများ၏ ဆေးကုသအောင်မြင်နှုန်းမှာ ၈၇ ရာခိုင်နှုန်းဖြစ်သည်။



တီဘီရောဂါဖြစ်ပွားမှုသည် လူဦးရေထူထပ်သော ရန်ကုန်တိုင်းဒေသကြီး၌ အများဆုံးဖြစ်ပြီး တီဘီရောဂါဖြစ်ပွားမှု နည်းပါးသောဒေသများတွင်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့ခြင်းမရှိသည့် လူနာများရှိနိုင်သဖြင့် ရောဂါဖြစ်ပွားမှုထိန်းချုပ်ရေးကို ယခုထက် ပိုမိုလုပ်ဆောင်ကြရဦးမည်ဖြစ်သည်။ သို့ရာတွင် ဝေဒနာရှင်တချို့အနေဖြင့် ၎င်းတို့၏ လူမှုစီးပွားရေးအခြေအနေ၊ တီဘီဆေးသောက်သုံးမှုအပေါ် အလေးမထားမှု၊ နေ့တိုင်းစားသောက်မှုပုံစံမဆင်ခြင်မှုများနှင့် ဆက်နွှယ်နေသောဆေးယဉ်ပါးတီဘီဖြစ်ပွားမှုတို့က အဓိကပြဿနာတစ်ရပ်ဖြစ်နေသေးသည်။

**နိုင်ငံတော်၏ဆောင်ရွက်ချက်**

ကိုဗစ်ကပ်ရောဂါမတိုင်မီကာလ၌ မြန်မာနိုင်ငံတွင် တီဘီရောဂါနှင့် HIV ရောဂါတို့ကို ပိုမိုဖော်ထုတ်နိုင်ရန်အတွက် လူဦးရေများသော တောင်ဒဂုံ စက်ရုံ၊ အလုပ်ရုံများရှိ ဝန်ထမ်းများကို ရည်ရွယ်၍ တီဘီရောဂါအသိပညာပေးပွဲများ ပြုလုပ်ခဲ့သည်။ ထို့ပြင် ဝေဒနာခံစားနေရသော်လည်း ဆေးအခမဲ့ရရှိသောဆေးရုံ၊ ဆေးခန်းသို့ မလာနိုင်ကြသော လူနာများရှိရာစက်ရုံ၊ အလုပ်ရုံ၊ ရပ်ကွက်၊ ကျေးရွာများသို့ ရွေ့လျားကုသသောဝန်ဆောင်မှုဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ကျန်းမာရေးဦးစီးဌာနကလည်း "တီဘီကင်းစင်မြန်ပြည်တစ်ခွင် ရေးရှုနိုင်ဖို့ကြိုးစားစို့" စီမံကိန်းကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လက စတင်၍ ဖော်ဆောင်လာခဲ့ကြပြီး ၂၀၃၅ ခုနှစ်မှာ တီဘီရောဂါကို အမြစ်ဖြတ်ချေမှုန်းတိုက်ဖျက်ရန် ကြိုးပမ်းလျက်ရှိသည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါမတိုင်မီ နောက်ဆုံးကောက်ယူရရှိထားသောစစ်တမ်းများအရ တီဘီရောဂါပိုးရှိနေသူပေါင်း ၃၀၀၀၀၀ ရှိနေပြီး ၎င်းတို့အနက် ၃၀ ရာခိုင်နှုန်းကျော်ကို ဖော်ထုတ်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။ ထို့ကြောင့် တီဘီရောဂါလူနာများကို အချိန်အတိုင်း အချိန်အဟုန်မြှင့်ရှာဖွေခြင်းလုပ်ငန်းများ အနေနှင့် ဓာတ်မှန်စက်တပ်ဆင်ထားသောရွေ့လျားတီဘီရောဂါရှာဖွေရေးအဖွဲ့များဖြင့် ကျေးလက်ဒေသ၊ ခက်ခဲဒေသ၊ လုပ်ငန်းခွင်နှင့် အကျဉ်းထောင်များတွင် တီဘီလူနာသစ်များရှာဖွေခြင်း၊ ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ၊ ဆေးဆိုင်များနှင့် ချိတ်ဆက်လူနာရှာဖွေခြင်း၊ ပုဂ္ဂလိကဆေးခန်း၊ ဆေးရုံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အချိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

**တီဘီရောဂါလက္ခဏာများ**

ရက်သတ္တနှစ်ပတ်နှင့်အထက် ချောင်းဆိုးခြင်း၊ ချောင်းဆိုးသည့်အခါ သလိပ်နှင့် သွေးစသွေးနများပါခြင်း၊ ရင်ဘတ်အောင့်ခြင်း သို့မဟုတ် အသက်ပြင်းပြင်းရှူလျှင် ရင်ဘတ်အောင့်ခြင်း၊ ကိုယ်အလေးချိန်ကျခြင်း၊ ဖျားခြင်း၊ ပင်ပန်းနုံးချည့်နေခြင်း၊ အစားအသောက်ပျက်ခြင်း၊ ညနေပိုင်းတွင် တငွေ့ငွေ့ဖျားခြင်း၊ ညအခါတွင် ချွေးအလွန်ထွက်ခြင်း စသည်တို့သည် တီဘီရောဂါလက္ခဏာများဖြစ်ကြသည်။ ထို့ကြောင့် ရက်သတ္တပတ်နှစ်ပတ်နှင့်အထက် ချောင်းဆိုးလျှင်ဖြစ်စေ၊ ချောင်းဆိုးသွေးပါလျှင်ဖြစ်စေ ဆရာဝန်ဖြင့် မဖြစ်မနေပြသရန်လိုအပ်သည်။

ထိုအခါ ဆရာဝန်က ရင်ဘတ်ကိုဓာတ်မှန်ရိုက်ခြင်း၊ သွေးစစ်ဆေးခြင်း၊ သလိပ်စစ်ဆေးခြင်း၊ ကွန်ပျူတာဓာတ်မှန်(CT) ရိုက်ခြင်း၊ သံလိုက်ဓာတ်မှန်(MRI) ရိုက်ခြင်း၊ ခါးဆစ်ရိုးဖောက်စစ်ဆေးခြင်း စသောနည်းများကို လိုအပ်သလိုအသုံးပြု၍ ရောဂါစစ်ဆေးမှုများ ပြုလုပ်ပေးပါလိမ့်မည်။ ဝေဒနာအပြင်း၊ အပျော့ပေါ်မူတည်၍ ကုသရာတွင် မတူညီသောပိုးသတ်ဆေးများကိုပေါင်းစပ်အသုံးပြုခြင်း၊ ဆေးကိုခြောက်လတိတိသောက်ရခြင်းနည်းဖြင့် ကုသပေးကြရပြီး ဆေးယဉ်ပါးတီဘီရောဂါဖြစ်ပွားလျှင် ကုသမှုကာလမှာနှစ်နှစ်ခန့်ထိ ရှည်ကြာနိုင်သဖြင့် မပေါ့ဆသင့်ဘဲ ဇွဲရှိရှိကုသမှုခံယူသင့်သည်။

**ကြိုတင်ကာကွယ်ခြင်း**

ကြိုတင်ကာကွယ်ခြင်းက ကုသခြင်းထက် ပိုထိရောက်သည်။ ထို့ကြောင့် သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများက တီဘီရောဂါမဖြစ်အောင် BCG vaccine ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကာကွယ်ဆေးကို တီဘီကူးစက်ရန်အခွင့်အလမ်းများသည့်သူများ၊ ထိုရောဂါအဖြစ်များသည့်နိုင်ငံတွင် နေထိုင်ခဲ့သည့် ကလေးငယ်နှင့် ကျန်းမာရေးဝန်ထမ်းများစသည်တို့တွင် အဓိကထိုးနှံပေးလေ့ရှိသည်။ မိဘပြည်သူများအနေဖြင့် ကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံခံယူကြရန်လိုအပ်သည်။ ထို့ပြင် ချောင်းဆိုးသောအခါတွင်လည်း လက်ကိုင်ပဝါနှင့် ပါးစပ်ပိတ်၍ ချောင်းဆိုးခြင်း၊ မိမိတံတွေးကို နေရာတကာမထွေးဘဲ အဖုံးရှိသောခွက်တွင် စနစ်တကျထွေးထုတ်ခြင်း၊ ၎င်းတံတွေးများကို မီးရှို့ခြင်း၊ မြေမြှုပ်ခြင်း၊ လေဝင်လေထွက်ကောင်းမွန်သောအခန်းတွင် နေထိုင်ခြင်းစသည့်နည်းတို့ဖြင့် တစ်ဦးမှတစ်ဦးသို့ ရောဂါမကူးအောင် ကာကွယ်တတ်ရန် အရေးကြီးသည်။

**တီဘီရောဂါအတွက် ဓာတ်စာများ**

တီဘီရောဂါကိုသက်သာပျောက်ကင်းစေနိုင်သော သဘာဝကုထုံးဓာတ်စာများရှိကြသည်။ သို့သော် သန့်ရှင်းလတ်ဆတ်ရန်လိုအပ်ပြီး ဓာတုပစ္စည်းကင်းဝေးသည့် အစားအစာမျိုးဖြစ်ရမည်။ ပဲပိစပ်က တီဘီရောဂါဖြစ်စေတတ်သောဗက်တီးရီးယားတို့ကို တိုက်ထုတ်ပေးကာ ကိုယ်ခံစွမ်းအားကိုလည်း တိုးတက်ကောင်းမွန်စေသည်။ ပရိုတင်းဓာတ်ကြွယ်ဝသော နွားနို့ကို နေ့စဉ်သောက်ပါ။ ကြက်ဥစားပေးခြင်းဖြင့်လည်း ပရိုတင်းဓာတ် လုံလောက်စွာရရှိနိုင်သည်။ ခွန်အားပြည့်စေသောဆန်(ထမင်း)၊ ကောက်နှံအမျိုးမျိုး၊ ဂျုံ၊ မြေပဲ စားပေးပါ။ ဗီတာမင်စီကြွယ်ဝသော မာလကာသီးကလည်း ခန္ဓာကိုယ်ထဲက အဆိပ်အတောက်များကို သန့်စင်ပေးပြီး တီဘီရောဂါအတွက် ဓာတ်စာတစ်မျိုးဖြစ်သည်။ ငှက်ပျောသီး၊ သရက်သီး၊ သင်္ဘောသီး၊ တရုတ်ဆီးသီး၊ မုန်လာဥနီ၊ ကန်စွန်းဥ၊ ရွှေဖရုံသီး၊ ရွှေဖရုံစေ့ စသည့်အဝါရောင်တောက်တောက်သစ်သီးများထဲတွင် ဗီတာမင်အေပါရှိပြီး တီဘီရောဂါအတွက် ကောင်းကျိုးပြုသည်။ ခရမ်းချဉ်သီး၊ ပန်းဂေါ်ဖီစိမ်းစားပေးပါ။ ဗီတာမင်ဘီဓာတ်ပေါင်းစုများဖြစ်သောနေကြာစေ့၊ လျှော်စေ့နှင့် ငါးအမျိုးမျိုး၊ ကြက်သားတို့ကလည်း တီဘီရောဂါသည်များကို ကောင်းကျိုးပြုပေးနိုင်သည်။ ဇင့်ဓာတ်က တီဘီရောဂါအတွက် လွန်စွာကောင်းကျိုးပြု၍ ၎င်းဓာတ်ကြွယ်ဝသော အစားအစာများဖြစ်ကြသည့် ရွှေဖရုံစေ့၊ နေကြာစေ့အပါအဝင် အခွံမာသီးအစေ့အဆန်များကို နေ့စဉ် လက်တစ်ဆုပ်စာစားပေးသင့်သည်။ အခါးဓာတ်ရှိသောဆင်တုံးမနွယ်နှင့် တမာပင်တို့က တီဘီရောဂါဖြစ်စေသောရောဂါပိုး (Mycobacterium Tuberculosis)ကို ထိထိရောက်ရောက်နှိမ်နင်းပေးနိုင်သည်။ တီဘီရောဂါသည်များအနေဖြင့် ရေနွေးပူပူကိုသာ သောက်သုံးသင့်သည်။

**အထူးရှောင်ရှားရမည့် အစားအစာများ**

အရက်နှင့် အယ်လ်ကိုဟောလ်ပါဝင်သော မည်သည့် အချိုရည်မျိုးကိုမဆို ရှောင်ရှားသင့်သည်။ ကာဗွန်ပါသောအချိုရည်များကိုလည်း မသောက်ပါနှင့်။ ကဖိန်းဓာတ်များသော လက်ဖက်ရည်၊ ကော်ဖီတို့အပြင် ကဖိန်းဓာတ်ပါသောအစားအစာများကို ရှောင်ပါ။ ဆေးလိပ်၊ ဆေးရွက်ကြီးများကလည်း တီဘီရောဂါကို ပိုမိုဆိုးရွားစေနိုင်သည်။ ဆားနှင့် အငန်ဓာတ်လွန်ကဲသောအစာများမစားသင့်ပေ။ အသားခြောက်အမျိုးမျိုး၊ ချိစ် (ခေါ်) ဒိန်ခဲ၊ တူနာငါးတို့ကလည်း တီဘီရောဂါအတွက် ဘေးဖြစ်စေသည်။ ရှေခဲရှေရှောင်ပါ။

အချုပ်ဆိုရသော် မျက်မှောက်ကာလသည် ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် အဓိကဦးစားပေးနေကြရသဖြင့် တီဘီရောဂါနှင့် ပတ်သက်သည့်ဝန်ဆောင်မှုများနှင့် လိုအပ်ချက်များရှိနိုင်သည်။ သို့ရာတွင် လူသားတို့၏ ကျန်းမာရေးအသိ၊ သတိရှိမှုက အဓိကကျသည်။ ကံကောင်းသည်မှာ ထိုသို့အလွယ်တကူရောဂါကူးစက်စေနိုင်သော်လည်း ရောဂါဖြစ်ပွားသူ၏ ၈၅ ရာခိုင်နှုန်းခန့်ကို ခြောက်လဆေးဝါးသောက်ခြင်းဖြင့် အောင်မြင်စွာကုသနိုင်သောရောဂါဖြစ်သည်။ ထို့ကြောင့် အများပြည်သူတို့အနေဖြင့် တီဘီရောဂါ ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များကို အတိအကျ လိုက်နာလုပ်ဆောင်နိုင်မှသာတီဘီရောဂါကိုကာကွယ်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲမျိုးစုံ ၁၄၁၆ ဧက ရိတ်သိမ်းပြီးစီး



**ခန္တီး မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲမျိုးစုံ ၁၄၁၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲမျိုးစုံစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၄၁၆ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခန္တီးမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲမျိုးစုံ ၁၄၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္တီးမြို့နယ်တွင် ပဲမျိုးစုံ ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မတ်ပဲ ၃၁ ဧက၊ စားတော်ပဲ ၃၆၅ ဧက၊ မြေထောက်ပဲ ဧက ၅၂၀၊ အခြားပဲ ဧက ၅၀၀ ဖြစ်ပြီး မတ်ပဲ တစ်ဧကလျှင် ၁၆ ဒသမ ၂၆ တင်း၊ စားတော်ပဲ တစ်ဧကလျှင် ၁၅ ဒသမ ၇၅ တင်း၊ မြေထောက်ပဲ တစ်ဧကလျှင် ၁၇ တင်း၊ အခြားပဲ တစ်ဧကလျှင် ၁၃ ဒသမ ၆၃ တင်း ထွက်ရှိကြောင်း သိရသည်။

ခန္တီးမြို့နယ်တွင် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိစေရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းစေရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲတတ်စေရေး၊ အထွက်နှုန်းကောင်းမွန်စေရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ချီဖွေမြို့နယ်၌ VDP စီမံကိန်း ကျေးရွာများရွေးချယ်ပွဲ ကျင်းပ

**ချီဖွေ မေ ၁၉**

ကချင်ပြည်နယ် ချီဖွေခရိုင် ချီဖွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ကျေးရွာများ ရွေးချယ်ပွဲကို မေ ၁၈ ရက် နံနက်ပိုင်းက ချီဖွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချီဖွေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချစ်စမ်းအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကျေးရွာရွေးချယ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ချီဖွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးသန္တာက VDP စီမံကိန်းကျေးရွာ ရွေးချယ်ရာတွင် ဦးစားပေးအစီအစဉ်အလိုက် စီမံကိန်းလက်စွဲပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကျေးရွာများကို ရွေးချယ်ပေးစေလိုကြောင်း၊ စီမံကိန်းကျေးရွာ ရွေးချယ်ရာတွင် အခြေခံရမည့် မူဝါဒများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် VDP စီမံကိန်းကျေးရွာရွေးချယ်ပွဲသို့ တက်ရောက်လာကြသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်မည့် ချီဖွေမြို့နယ်ရှိ နအုတ်ကျေးရွာ၊ အော်ချိတ်ကျေးရွာ၊ လေ့လော်ကျေးရွာ၊ လငေါ်ခေါ ကျေးရွာ၊ လိုင်မာယန်ကျေးရွာတို့ကို စီမံကိန်းလက်စွဲစာစောင်ပါသတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ချီဖွေမြို့နယ်အတွင်းရှိကျေးရွာငါးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်






Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED

FDA အမှတ်-2212 PCE 0013

ထာဝရလှပသော အပြုံးအတွက်

DENTOMEC




ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

THE BEST QUALITY TYRE

TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

အရည်အသွေးမြင့်မား တာယာ မှာ

TRISTAR




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART
မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



မြင့်စေစာနှာသေးဆိုက်

**ခရုသင်း (သမင်ဖြူ)**

LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းစုနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။


## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်၊ တမာတန်းနေ ဦးကျော်ဇေယျ-ဒေါ်လှမြင့်ဆွေ တို့၏ သမီးဖြစ်သူ **မဆုမြတ်သဇင် (၉/အမဇ(နိုင်)၁၀၈၅၂၁)** သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးကျော်ဇေယျ(၉/မနမ(နိုင်)၁၁၁၁၃၂)**

**ဒေါ်လှမြင့်ဆွေ(၉/နထက(နိုင်)၁၀၀၅၈၃)**

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

လက်ကိုဆပ်ပြာ (သို့မဟုတ်) Alcohol ၆၀ ရာခိုင်နှုန်းပါဝင်သော လက်သန့်ဆေးရည်ဖြင့် မကြာခဏစနစ်တကျဆေးကြောပါ။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

အရက်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါ၊ အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသီဟိုလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဖြစ်သောကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲရေး ခိုင်မာသေချာစေရန် တပ်တွင်းစည်းလုံးညီညွတ်မှုကို ကျစ်လျစ်သေချာစွာတည်ဆောက်သွားရန် အလေးအနက်ထားမှာကြားလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ယခုနှစ်တွင် ပုဂံယဉ်ကျေးမှုဒေသနှင့် လိုက်ဖက်ညီသည့် လူထုအခြေပြုခရီးသွားလုပ်ငန်းများ ဆွဲဆောင်မှုဖြင့် ခရီးသွားပိုမိုဝင်ရောက်နိုင်မည်



၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပုဂံယဉ်ကျေးမှုဒေသသို့ ခရီးသွားများ ဝင်ရောက်ခဲ့စဉ်။

**ရန်ကုန် မေ ၁၉**

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တို့ စုဝေးရာ ပုဂံယဉ်ကျေးမှုဒေသ၌ ယခုနှစ်တွင် ပုဂံယဉ်ကျေးမှုဒေသနှင့် လိုက်ဖက်ညီသည့် လူထုအခြေပြုခရီးသွားလုပ်ငန်းများ၏ ဆွဲဆောင်မှုဖြင့် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်ထက် ခရီးသွားပိုမိုဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ပုဂံယဉ်ကျေးမှုနယ်မြေသို့ ဧပြီလတွင် ဟိုတယ်နှင့် တည်းခိုခန်းများ၌ တည်းခိုခဲ့သည့် ပြည်တွင်းခရီးသွား ၅၄၈၅၃ ဦး၊ ပြည်ပခရီးသွား ၉၉၃ ဦးဖြင့် ခရီးသွား ၅၅၈၄၆ ဦး ဝင်ရောက်တည်းခိုခဲ့ပြီး

စာမျက်နှာ ၁၈ ကော်လံ ၁ ☆



ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စေတီပုထိုးများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာ စာမျက်နှာ - ၁၉

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မေ ၁၉**

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

